မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှု ပြုသောအခါ နှန့်နေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါဝဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၃၅)

တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ မီးထွန်းညှိပူဇော်ကြစဉ် ဓာတ်ပုံ-သတင်းစဉ်

တန်ဆောင်မုန်းလပြည့်နေ့ ဘုရားစေတီများ၌ ကုသိုလ်ပြုသူများ စည်ကား

နေပြည်တော် နိုဝင်ဘာ ၃

တန်ဆောင်မုန်းလသည် တန်ဆောင်တိုင်မီးထွန်းညှိပူဇော်ပွဲ ကျင်းပသည့် လ၊ ကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပသည့် လ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်း၍ မသိုးချွေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲများ ကျင်းပသည့်လ ဖြစ်သကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား ရဟန်းပြုခြင်း အကျိုးပြုသည့် သာမညဖလသုတ္တန် တရားတော်ကို ဟောကြားတော်မူသည့် သာမညဖလ အခါတော် နေ့ထူးနေ့မြတ်ဖြစ်သည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး နဝမအကြိမ် တန်ဆောင်တိုင် ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ပွဲနှင့် (၉၅)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်အတွင်း၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်

စာ ◆ ၅

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

လွယ်ကူ လျင်မြန်လာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

သြစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက် အထိ ကျင်းပခဲ့သည့် Investment Competitiveness Forum တွင် ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံအား Star Reformers Award ဆုကို ချီးမြှင့်ခဲ့သည်။ ကမ္ဘာပေါ်တွင် ပြုပြင်ပြောင်းလဲမှု လုပ်နိုင်သော နိုင်ငံများထဲမှ မြန်မာနှင့် အီသီယိုပီးယား နှစ်နိုင်ငံကို ကမ္ဘာ့ဘဏ်က ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်ပြီး အကောင်းဆုံး ဦးဆောင်နိုင်သော နိုင်ငံများဖြစ်သည့်အတွက် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာအောင် ဆွဲဆောင်နိုင်ခြင်း၊ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လွယ်ကူ ရှင်းလင်းအောင် ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ နည်းပညာများ ပြည်တွင်းလုပ်ငန်းများသို့ လွှဲပြောင်းရရှိစေခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာမှ အသိအမှတ်ပြုရလောက်အောင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း စသည့် အချက်များကို အခြေခံပြီး ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယခု အစိုးရလက်ထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် အစိုးရမှ စီးပွားရေးမူဝါဒ ၁၂ ချက်ကို ထုတ်ပြန်ခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်ခဲ့သော ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားသားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဟူ၍ နှစ်ခုကွဲနေသည်ကို ဥပဒေ တစ်ခုတည်းဖြစ်အောင် ပြုလုပ်ခဲ့သည်။ ထို့နောက် ၂၀၁၇ ခုနှစ် မတ်လတွင် ဥပဒေသစ်အတွက် နည်းဥပဒေကို ထုတ်ပြန်နိုင်ခဲ့သည်။ ယခု အစိုးရ၏ စီးပွားရေး ပေါ်လစီသည် သဘာဝသယံဇာတတွင် ရင်းနှီးမြှုပ်နှံမှုကို လျှော့ချပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် အခြေခံ အဆောက်အအုံပိုင်း ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးသော ပေါ်လစီ ဖြစ်သည်။ ထို့ကြောင့် အစိုးရသစ်လက်ထက်တွင် ယခုအချိန်အထိ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူအသစ်များ ချထားပေးခြင်း မရှိသည်ကို တွေ့ရသည်။

လက်ရှိ ဥပဒေ၏ ထူးခြားချက်မှာ ယခင်ကကဲ့သို့ လုပ်ငန်းတိုင်းကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)က လိုက်ပြီး စိစစ်နေတော့မည် မဟုတ်ဘဲ လုပ်ငန်းလေးမျိုးကိုသာ စိစစ်သွားမည်ဖြစ်သည်။ ယင်းလုပ်ငန်း များမှာ မဟာဗျူဟာအရ အရေးကြီးသည့်လုပ်ငန်းများ၊ ငွေကြေးပမာဏ ကြီးကြီးမားမား သုံးပြီး လုပ်ရသည့်လုပ်ငန်းများ၊ သဘာဝ ပတ်ဝန်းကျင် နှင့် လူ့အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ငန်းများ၊ အစိုးရက စိစစ် ရန် ညွှန်ကြားလာသည့် လုပ်ငန်းများပင်ဖြစ်သည်။ ယင်းလုပ်ငန်း လေးမျိုးက လွဲလျှင် ကျန်သည့်လုပ်ငန်းများကို MIC ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ သက်ဆိုင်ရာဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ပြုလုပ်နိုင်ပြီဖြစ်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမို လွယ်ကူလာမည် ဖြစ်သည်။

ယခု ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီရုံးခွဲများကို ရခိုင်ပြည်နယ်နှင့် ချင်းပြည် နယ်တို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်ရုံးကို အောက်တိုဘာ ၃၀ ရက်က ဖွင့်လှစ်ခဲ့ပြီး ချင်းပြည်နယ်ရုံးကို နိုဝင်ဘာ ၂၀ ရက်တွင် ဖွင့်လှစ် မည်ဖြစ်သည်။ ပြည်နယ်၌ ရုံးဖွင့်လှစ်ခြင်းအားဖြင့် ပြည်နယ်တွင်း ရင်းနှီးမြှုပ်နှံမှုများကို ပြည်နယ်ရှိ လုပ်ငန်းရှင်များ အနေဖြင့် ရန်ကုန်၊ နေပြည်တော်သို့ သွားရန်မလိုဘဲ မှတ်ပုံတင်နိုင်မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်နှစ်ခုဖြစ်သော ရခိုင်နှင့် ချင်းပြည်နယ် တို့၏ ရင်းနှီးမြှုပ်နှံမှုများတွင် MIC က သတ်မှတ်ထားသော ရင်းနှီး မြှုပ်နှံမှု မြင့်တင်ခြင်းကဏ္ဍတွင် ပါဝင်ပါက အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ် ရမည်ဖြစ်သည်။ ရန်ကုန်တွင်ပြုလုပ်သော လုပ်ငန်းများဆိုလျှင် အခွန် ကင်းလွတ်ခွင့် သုံးနှစ်သာရမည်ဖြစ်ရာ ပြည်နယ်နှစ်ခုတွင် သီးခြား ထူးခြားသော အခွင့်အရေးများ ပေးထားခြင်း ဖြစ်သည်။

ယခု ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု ဥပဒေ ထုတ်ပြန်ခြင်း၊ ၎င်းနောက် နည်းပညာဥပဒေထုတ်ပြန်ခြင်းနှင့် လိုအပ်သော ကြေညာချက်များထုတ်ပြန်ပြီး ပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်းနှင့် တစ်ဖက်က ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးများ တစ်ပြိုင်နက် ပြုလုပ်ခဲ့ခြင်းကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သိသာ ထင်ရှားသော ရလဒ်များရရှိ လာသည်။ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာလကုန်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ရှိလာခြင်း ဖြစ်သည်။ ယခု ဘဏ္ဍာနှစ်အတွက် လျာထားချက်မှာ ခြောက်ဘီလီယံ ဖြစ်ရာ ပထမခြောက်လအတွင်း လေးဘီလီယံအထိ ရရှိလာခြင်းမှာ သိသာ ထင်ရှားသော ရလဒ်ဟုဆိုရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လုပ်ဆောင်ချက်များ ကို အများပြည်သူသိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ဝက်ဘ်ဆိုက်က ထုတ်ပြန် ပေးလျက်ရှိသည်။ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရုံးများ ဖွင့်ထားပြီး ဖြစ်သည့်အတွက် ဒေသများရှိ လုပ်ငန်းရှင်များအနေဖြင့် ၎င်းရုံးများသို့ အချိန်မရွေးသွားပြီး စီးပွားရေးလုပ်ငန်းများ ထူထောင်ရန်၊ ချဲ့ထွင်ရန် အခက်အခဲများကို လိုအပ်သလို ကူညီပေးရန် ဆက်သွယ်နိုင်သည်ဟု သိရှိရပါကြောင်း တင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွှန့်နှင့် အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွှန့်နှင့် အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ AACC အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးက ကျင်းပသည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ည ၁၀ နာရီခွဲက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်မဂ်လာဒုံ အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လားရှိုးမြို့၌ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ကျင်းပ

လားရှိုး နိုဝင်ဘာ ၃

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ တိုင်းရင်းသားယဉ်ကျေးမှုကွင်း၌ နိုဝင်ဘာ ၂ ရက် ညနေ ၅ နာရီက ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ကျင်းပကြောင်း သိရသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် လားရှိုးမြို့ ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြော ကြားပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေး၊ ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ မီးပုံးပျံကျင်းပရေးဦးစီး

ကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်း၊ မြို့မိမြို့ဖ ဦးစိုင်းကြူ။ Shining Myanmar Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်စွာထွဋ်၊ မြန်မာ့ရတနာရွှေခေတ် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်း ဘိုဘိုတို့က တန်ဆောင်တိုင် မီးပုံးပျံပွဲ တော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် "လားရှိုးမြို့ရဲ့ တန်ဆောင်တိုင်ည" သီချင်းဖြင့် တိုင်းရင်းသား တိုင်းရင်းသူများက တိုင်းရင်းသား အကများဖြင့် စုပေါင်း ကပြ၍ အရုပ်မီးပုံးပျံငါးခုလွှတ်တင်ကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ ဖွင့်ပွဲ အခမ်းအနားအား ကျင်းပသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ အလှူရှင် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက လွှတ်တင်သော စိန်နားပန်မီးပုံးပျံ၊ ညမီး ကျည် မီးပုံးပျံများ လွှတ်တင်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) ခရိုင်(ပြန်/ဆက်)**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာ၊ တမီနာဒူးလ်ကမ်းခြေ (အိန္ဒိယနိုင်ငံ) အနီးတွင် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ် အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

လေဖိအားနည်းရပ်ဝန်း

ထူးခြားသည့်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ထိုင်းပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ထိုင်းပင်လယ်ကွေ့နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလေးကျွန်းဆွယ်အနီးတွင် ဆက်လက်တည်ရှိနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ရှစ်ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် နှစ်ပေမှ လေးပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး ခန့်မှန်းချက်

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုနေမည်။

(မိုး/ဇလ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃-၁၁-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၂၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၈၇၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၅/၆၇၀	ကျပ် (လက်လီဈေး)
အောက်တိန်း ၉၂	၆၆၀/၆၈၅	ကျပ် (လက်လီဈေး)
အောက်တိန်း ၉၅	၇၀၅/၇၂၀	ကျပ် (လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၅/၆၉၀	ကျပ် (လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ပဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၉ . ၀
ဥရောပ	တစ်ယူရို	၁၆၂၀ . ၁
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၅ . ၀
ထိုင်း	တစ်ဘတ်	၄၀ . ၉
အိန္ဒိယ	တစ်ရူပီး	၂၁ . ၁
တရုတ်	တစ်ယွမ်	၂၀၇ . ၈၄
မလေးရှား	တစ်ရင်းဂစ်	၃၁၉ . ၉

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းမှူး	-	မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန်ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလဲချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၃၃၁၄၊ စီမံ ၀၁-၅၄၃၃၁၅၊ ဌေးရင်း ၀၁-၅၄၃၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၃၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

တန်ဆောင်မုန်းလပြည့်နေ့ ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကား

ရန်ကုန် နိုဝင်ဘာ ၃

တန်ဆောင်မုန်းလကို ပုဂံခေတ်က တန်ဆောင်မှန်ဟု ရေးသားကြပါသည်။ အင်းဝခေတ်တွင် တန်ဆောင်မုန်းဟု ရေးသားခဲ့ကြပြီး အဓိပ္ပာယ်မှာ မီးရှူးမီးတိုင်များနှင့် ထွန်းလင်းသောလဟု ဆိုသည်။

မြတ်စွာဘုရား သာသနာတော် ပြန့်ပွားချိန်တွင် ဆံတော်ကိန်းဝပ်ရာ တာဝတိံသာမှ စူဠာမဏိစေတီတော်ကို ရည်မှန်း၍ မီးရှူးတိုင်များဖြင့် ပူဇော်ကြပြီး ယခုခေတ်တွင် မီးရှူးမီးတိုင်များအပြင် မီးပုံးပုံများကိုပါ ရည်စူးလွှတ်တင်ကြကြောင်း သိရသည်။

သာမညဇလအခါတော်နေ့

တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ ခဝဲပန်းဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်း ရဟန်းဝတ်ရန် အတွက် မြတ်စွာဘုရားထံမှ သာမညဇလသုတ်တော် (ရဟန်းဝတ်ခြင်းအကျိုး)ကို နာယူခဲ့သည့်အတွက် ထိုနေ့ကို သံဃာတော်များနေ့ သို့မဟုတ် သာမညဇလအခါတော်နေ့ဟုလည်း ခေါ်ဆိုကြသည်။

သံဃာတော်များကို ရည်စူးပြီး ကထိန(ကထိန်)သင်္ကန်း၊ မသိုးသင်္ကန်းများကိုလည်း ရက်လုပ်ပူဇော်ကြသည်။ တန်ဆောင်မုန်းလပြည့်နေ့အမီ ရက်လုပ်ချုပ်ငင်ဆက်ကပ်ရသော သင်္ကန်းကို "မသိုးသင်္ကန်း"ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဆေးပေါင်းခ

သာရကောမုဒီ ဆေးကျမ်းလာအရ တန်ဆောင်မုန်းလပြည့်ညမှာ ဆေးပင်များကို စောင့်ရှောက်ကြသော နတ်မင်းများက မဲဇလီပင်စောင့်သော နတ်မင်းအား လာရောက်ဂါရဝပြုကြပြီး ထိုနေ့ည တွင် မဲဇလီဖူးသုပ်စားလျှင် ဆေးပေါင်းခပြီး ရောဂါဝေဒနာများ ပျောက်ကင်းကြကြောင်း သိရသည်။

တန်ဆောင်မုန်း လပြည့်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှု ဒါနပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်၏ (၃၃)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို နံနက် ၄ နာရီတွင် ရင်ပြင်တော် ရာဟုထောင့် အောင်မြေမှ စတင်ကာ ကပ်လှူပူဇော်မည့် မသိုးရွှေကြာသင်္ကန်းများကို ရွှေတိဂုံစေတီတော်ရင်ပြင် တစ်ပတ်လှည့်လည်ပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များက စေတီတော်နှင့် တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်များ၌ ဆက်ကပ်လှူဒါန်းကြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ နံနက်အရုဏ်ဦး ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေစဉ်

ထို့နောက် ရွှေတိဂုံစေတီတော်ကြီး အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပြီး စေတီတော် ဩဝါဒါစရိယ ဆရာတော်များနှင့် သံဃာတော်များအား ရောင်တော်ဖွင့် တန်ဆောင်း၌ နံနက်အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရား နာကြား ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထွန်းညှိပူဇော်

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးပြီး နံနက် ၅ နာရီတွင် မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ စေတီတော်ကြီး အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၈ နာရီတွင် မုခ်လေးမုခ်၌ရှိသော ပွင့်ပြီးသော ဘုရားလေးဆူနှင့် အတုလမာရ်အောင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ညနေ ၆ နာရီတွင် စေတီတော် ရင်ပြင်ပတ်လည်၌ ဆီမီး ၅၀၀၀ ဖြင့် အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်၊ သုံးရက်တိုင်တိုင် ထွန်းညှိပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော်ကြီး၌ စေတီတော်ဝေါပက အဖွဲ့က ကြီးမှူး၍ နံနက် ၃ နာရီခွဲတွင် စေတီတော်ကြီးနှင့် စေတီတော်ရှိ ဗုဒ္ဓ ရုပ်ပွားတော်များအား မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ညပိုင်းတွင် စေတီတော်အား ဆီမီး ၁၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။

ကပ်လှူပူဇော်

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ အကြိမ်(၂၀)မြောက် မသိုးသင်္ကန်းရက် ပြိုင်ပွဲကို ယမန်နေ့ ညဦးပိုင်းက ကျင်းပခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် စေတီတော် မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များ၌ မသိုးရွှေကြာသင်္ကန်းများကို ဂေါပကအဖွဲ့က ဦးဆောင်ပြီး ကပ်လှူ ပူဇော်ကြကာ မေတ္တာပို့ အမျှပေးဝေကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ် ကပ်လှူပူဇော်ခြင်း အောင်ပွဲ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက ဘုရားဖူးပြည်သူများအား ဆေးကုသခြင်း၊ ဆေးဝါးများ ဝေငှခြင်း ပြုလုပ်ကြသည်။ ဆက်လက်၍ အာရုံခံတန်ဆောင်း အပေါ်ထပ်၌ သာမညဇလ အခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ အခမ်းအနားကို ကျင်းပကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၏ (၃၅)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကျင်းပပြီး စေတီတော်ရှိ နန်းဦးဘုရားကြီး တန်ဆောင်း၌ ရေစက်သွန်းချ တရားတော်နာယူခြင်း၊ မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများကို ကျင်းပကြသည်။

အထူးများပြားစည်ကား

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား စေတီတော်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ မသိုးရွှေကြာသင်္ကန်း၊ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသူများ၊ ဘုံကထိန်ပဒေသာပင် လှည့်လည်ကြသူများ၊ သာမညဇလ အခါတော်နေ့ ကျင်းပခြင်းများ၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ စတုဒိသာ အလှူဒါနပြုကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးများပြားစည်ကားလျက်ရှိသည်။

ယနေ့သည် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သဖြင့် ဥယျာဉ်ပန်းခြံများ၌လည်း အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်းနှင့် ညပိုင်းတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်သောအားဖြင့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် နေအိမ်တိုက်တာများ၌ ရောင်စုံမီးများဖြင့် ထွန်းညှိပူဇော်ကြခြင်း၊ မြို့၊ ရွာ၊ ရပ်ကွက် လမ်းအသီးသီးတို့၌ မီးထွန်းပွဲတော်များ၊ နိဗ္ဗာန်စေ့ငုံး အလှူတော်များ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည့် မြင်ကွင်းများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြသည့် ပုံရိပ်ကောင်းများ ဖြစ်သည်ဟု ဆိုရပါမည်။

သတင်း-ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲအား စည်ကားစွာ ကျင်းပစဉ် ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

✶ ***ရွှေဖုံမှ***

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ဌြမိုး) သူရဦးမြင့်မောင်တို့က ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေများ ဆက်ကပ်ပူဇော်ကြသည်။

နာယူကြည်ညို

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမ ဓေးကုန်းကျောင်းတိုက်၊ ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု (နိုင်ငံတော်ဩဝါဒါစရိယ) ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖွားပူဇော်ကြသည့် မေတ္တာသုတ် တရားတော်နှင့် ဘုရားဂုဏ်တော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရား နာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အထူးစည်ကား

ညနေပိုင်းတွင် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၌ ဝတ်ရွတ်ပူဇော်ပွဲနှင့် ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်ပွဲများ ကျင်းပရာ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ဒါနပြုကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မဟာသကျရံသီရုပ်ပွားတော်မြတ်ကြီး၊ ဓာတုဇဃောတ်ပေါင်းစုစေတီ၊ ဘုရားကိုးဆူ၊ ကိုးခမ်းကြီးဘုရား၊ အောင်မင်းခေါင်ဘုရား၊ ဇိနမာရ်အောင်၊ မင်းဝံတောင်ဘုရား၊ စူဠာမဏိဘုရားနှင့် လယ်ဝေးမြို့နယ် ဖောင်တော်ချက်မ၊ ရန်အောင်မြင် ရွှေလက်လှဘုရားနှင့် တပ်ကုန်းမြို့နယ်ရှိ ဘုရားပုထိုးစေတီများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားစဉ် ဓာတ်ပုံ-သတင်းစဉ်

အထူးသဖြင့် နေပြည်တော် သတ္တသတ္တာဟ ဗုဒ္ဓဂယာတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိပြီး နေပြည်တော် ရေပန်းဉယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် ရေယူစမ်းတို့၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

နေပြည်တော်အတွင်းရှိ ရပ်ကွက်များနှင့် မြို့နယ်များတွင် နိဗ္ဗာန်စေ့ငုံးပွဲတော်များကို ညနေပိုင်းမှစတင်၍ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

သတင်းစဉ်

တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့တစ်ခွင်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားများပြား

မန္တလေး နိုဝင်ဘာ ၃

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)ဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ယနေ့ နံနက် အရုဏ်တက်ချိန်မှစ၍ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အမြို့မြို့အနယ်နယ်မှ ဘုရားပုထိုးစေတီတော်များနှင့် ခမ္မာရုံများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးဆိုင်ရာဌာနအသီးသီးတို့တွင် ကုသိုလ်ပြုခြင်းများ၊ ဆီမီးထွန်းပူဇော်ပွဲများ ကထိန်သင်္ကန်းကပ်လှူခြင်းများကို ကျင်းပလျက်ရှိကြရာ အထူးစည်ကားလျက်ရှိသည်။

ကြိတ်ကြိတ်တိုးစည်ကား

ရှေးဦးစွာ ယနေ့ နံနက် ၄ နာရီတွင် မန္တလေးမြို့၏ အထင်ကရ တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တ ဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်း၊ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြကာ ဗုဒ္ဓဘာသာဝင်သူတော်စင် ရဟန်းရှင်လူ ပြည်သူများကလည်း မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းများ ကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း ၊ ပန်း ကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော် ဝတ်အသင်းအဖွဲများက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာ အားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ဆက်လက်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၆ နာရီတွင် မဟာမြတ်မုနိ ဂေါပကအဖွဲ့က ကြီးမှူး၍ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအား (၂၈)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ကျင်းပရာသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာ ယုယုမေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးတွင် ပူဇော်မည့် တဘက်တော်နှင့် မသိုးသင်္ကန်းတော်မြတ်အား စက်ချုပ်အဖွဲ့နှင့် တဘက်ပညာရှင်များက ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်သို့ ပေးအပ်ကြသည်။

ထို့နောက် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲဝင်များက တဘက်တော်ကိုလည်းကောင်း၊ သင်းပိုင် သင်္ကန်းတော်ကို ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ဇကသီသင်္ကန်းတော်ကို မဟာမြတ်မုနိဂေါပကအဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းနှင့် စက်ချုပ် ပညာရှင်များ၊ နိဗ္ဗိန္ဒဝတ်အသင်း၊ မဟာမြတ်မုနိဝန်ထမ်းများ၊ လူမှုရေးအဖွဲ့၊ မမွှစကြာဝတ်အသင်းများက ကိုင်ဆောင်၍ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား လက်ယာရစ်သုံးပတ်လှည့်လည် ပူဇော်ကြကာ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအား ရေတော်ဆရာတော် အမှူးပြုသော တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မသိုး မြတ်သင်္ကန်းတော်ကို လွှမ်းခြုံပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နေ့ချင်းပြီး လုပ်အားဒါနပြုကာ ရက်လုပ်ခဲ့ကြသော ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ ရက်ကန်းပညာရှင်များအဖွဲ့နှင့် ကိုးလုံးတကာ စက်ချုပ်ပညာရှင်များ၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အဖွဲ့ မဟာမြတ်မုနိဘုရားကြီးအား မြတ်သင်္ကန်း လွှမ်းခြုံပူဇော်ကန်တော့စဉ်

မဟာမြတ်မုနိ ဘုရားကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများကို တွေ့ရစဉ်

တစ်ပြိုင်တည်းကျင်းပ

ထို့အတူ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ရှင်မာလဘုရား၏ ကြာပန်းပစ်ပွဲတော်ကိုလည်း တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲနှင့် တစ်ပြိုင်တည်းကျင်းပခဲ့သည်။

ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မိုးပေါ်ကျဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်၍ တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် ဘဒ္ဒန္တ ကာရုဏ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ကထိန်ခံ ကျောင်း ၂၉ ကျောင်းမှ ဆရာတော်ကြီးများအား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းကာ ပင့်သံဃာ ဆရာတော်ကြီး သုံးပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းတွင် မန္တလေးတောင် ဆုတောင်းပြည့်ဘုရား၊ မဟာလောကရန်နှိမ် အောင်တော်မူ ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းရဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ချမ်းသာရဘုရား၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ တန်ခိုးကြီးဘုရားစေတီတော်တို့တွင် ရွှေသင်္ကန်းများ၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းတော်များ၊ ဆက်ကပ်လှူဒါန်း၍ ဆီမီး ၉၀၀၀ ပူဇော်ခြင်းများ၊ တရားဘာဝနာ အားထုတ်ကြသူများ၊ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသည့် ဝတ်အသင်းအဖွဲများ၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလှသည်။

တင်မောင်(မန်းကိုယ်ပွား)

စည်ကားစွာဆင်နွှဲ အမြို့မြို့အနယ်နယ်မှ လတန်ဆောင်တိုင်ပွဲ

တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးရှိ ဝေဇောစန ကျောက်စိမ်းစေတီတော်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားစဉ်

တင်မောင်(မန်းကိုယ်ပွား)

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင် ရွှေကြာသင်္ကန်းတော် ဆက်ကပ်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပရာ မြို့လုံးကျွတ် အစဉ်အလာမပျက် ခြိမ့်ခြိမ့်သဲ ဆင်နွှဲခဲ့ကြစဉ်

သက်ဦး(သထုံ)

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌော မဟာစေတီတော်ကြီး၏ အကြိမ်(၃၀)မြောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် ညနေက ကျင်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းကျော်နိုနှင့် တာဝန်ရှိသူများက ဓါတ်ကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

လှကြည်(ပုသိမ်)

တန်ဆောင်မုန်းလပြည့်နေ့တွင် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)က ရွှေတိဂုံစေတီတော်အား ရခိုင်ရိုးရာ ထမင်းထောင်၊ ပန်းထောင်များကို ရွှေတိဂုံစေတီတော် ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တန်ဆောင်း၌ ပူဇော်ဆက်ကပ်ကြစဉ်

တင်စိုး(မြန်မာ့အလင်း)

တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းက နေပြည်တော် ဗမူသီရိမြို့နယ်အတွင်းရှိ နိုင်ငံဝန်ထမ်းများနေထိုင်သည့် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ နိဗ္ဗာန်စျေးပွဲတော်နှင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်းများကို စည်ကားစွာ ကျင်းပစဉ်

ကိုပေါက်(ဥက္ကာမြေ)

ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်

နေပြည်တော် နိုဝင်ဘာ ၃

အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးအေးသာအောင်သည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီဓာတ်အားလိုင်း ၆၅ ဒသမ ၁ မိုင်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များတွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံများ တည်ဆောက်ကာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စီမံကိန်းညွှန်ကြားရေးမှူး(မြောက်ပိုင်း) ဦးမင်းနိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ပင်မ ဓာတ်အားခွဲရုံ ဆွစ်ယာဒ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ရခိုင်ပြည်နယ် မြောက်ဘက်ပိုင်းရှိ ဖွံ့ဖြိုးမှုနည်းပါးသော ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများသို့ ၂၄ နာရီ အတွက် နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိနေပြီးဖြစ်သော ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆၅ ဒသမ ၁ မိုင်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များတွင် ၆၆/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေဓာတ်အား ခွဲရုံများ တည်ဆောက်ကာ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်းလုပ်ငန်းများကို ၂၀၁၇ခုနှစ် စက်တင်ဘာလမှစတင်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၁၈ခုနှစ် မတ်လတွင် ရသေ့တောင် မြို့နယ်အား လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လတွင် ဘူးသီးတောင်မြို့နယ်အား လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မောင်တောမြို့နယ်အား လည်းကောင်း ဓာတ်အားဖြန့်ဖြူးနိုင်ရေး အတွက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေး လုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းတစ်ခုလုံးအတွက် ကုန်ကျစရိတ် စုစုပေါင်း ၃၀ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၃

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ Assistant High Commissioner for Protection Mr. Volker Turk ကိုယ်စားလှယ်အဖွဲ့နှင့် ရန်ကုန်မြို့ရှိ UNHCR ဌာနေ ကိုယ်စားလှယ် Mr. Giuseppe de Vincentiis တို့အား နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မရှင်ဖွဲ့စည်း၍ နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်နေမှုနှင့် ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် MoU ရေးထိုးနိုင်မည့် အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်နှင့် NV Card ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ၁၉၉၃ ခုနှစ်က ဆောင်ရွက်ခဲ့သည့် ပြန်လည်လက်ခံရေးဆိုင်ရာ အတွေ့အကြုံများအပေါ် အခြေခံ၍ မိမိတို့ဝန်ကြီးဌာနနှင့် UNHCR တို့ အကြား ပြန်လည်လက်ခံရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများ နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ကျောက်ဖြူမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှု

ကျောက်ဖြူ နိုဝင်ဘာ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းက ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ် ဆောက်လုပ်နေမှုနှင့် မောရစ်ကောလိပ်အိမ်အား ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုသည်။

ယင်းနောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ခွင်ပြုငွေဖြင့် မြို့နယ်စည်ပင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူမြို့ ပိတောက်ရွှေဝါလမ်းဖြတ်လမ်း ၃ မှ ဖြတ်လမ်း ၇ ထိ ကတ္တရာခင်းခြင်းလုပ်ငန်း၊ လင်းလက်ဝတီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ဦးဥတ္တမလမ်း၊ ဖြတ်လမ်း ၁၀ မှ ငလပွေ့လမ်းသစ်ထိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် First Eve ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော မြို့ပတ်လမ်း (ဘုရားကြီး တောင်အဝင်လမ်းမှ ငလပွေ့လမ်းသစ်ထိ) ကွန်ကရစ်လမ်းခင်းရန် မြေသားပြင်ဆင်နေမှု အခြေအနေကို သွားရောက်စစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်ပြီး အဝေးပြေးကားဝင်းအသစ် ဆောက်လုပ်မည့် မြေနေရာလျာထားမှုနှင့် မြို့ပြုပြင့် အိမ်ရာဖွံ့ဖြိုးရေးဌာန ဆောက်လုပ်နေသော ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ သုံးထပ်ဆောက်လုပ်နေခြင်းအား ကြည့်ရှုခဲ့ကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် ကုန်ကျစရိတ်နည်း၍ စီးပွားရေးတိုးတက်မှု ပိုမိုကောင်းမွန်

စိုးနိုင်ဦး

အထက်ပေါင်းလောင်းစက်ရုံ ၁၄၀ မဂ္ဂါဝပ်

ဒီမိုကရေစီ အစိုးရသစ် လက်ထက်တွင် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်နေရာတွင် နိုင်ငံတကာမှ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ဆောင်ရွက်ရေးမှာလည်း အဓိက ပါဝင်နေသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ကြီးစွာအဟန့်အတားဖြစ်စေသော အဓိကအကြောင်းအရင်းများထဲတွင် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မှု မရှိခြင်းသည်လည်း ထိပ်ဆုံးမှ ပါဝင်နေသည်။ ထိုအဟန့်အတားကြီးကို ကျော်လွှားနိုင်ရေးမှာ လျှပ်စစ်ဓာတ်အားကို နည်းလမ်းပေါင်းစုံဖြင့် တိုးတက်ထုတ်လုပ်မှုကို မလွဲမသွေ လုပ်ဆောင်ရတော့မည် ဖြစ်သည်။ ဓာတ်အား တိုးတက်ထုတ်လုပ်ရေးအတွက် နည်းစနစ်များကို စဉ်းစားရာတွင် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေ ရှိမည့် ထုတ်လုပ်မှု နည်းစနစ်ကိုသာ အဓိကထားရွေးချယ် အသုံးပြုသင့်ပေသည်။

ပျမ်းမျှအရှုံး

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကိန်းဂဏန်းများအရ ရေအားဖြင့် ၅၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ဖြင့် ၄၅ ဒသမ ၃ ရာခိုင်နှုန်း၊ ကျောက်မီးသွေးဖြင့် ၂ ဒသမ ၅ ရာခိုင်နှုန်း ဓာတ်အား ထုတ်လုပ်ခဲ့ကြောင်း၊ တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ၉၃ ဒသမ ၆၇ ကျပ်၊ တစ်ယူနစ်ပျမ်းမျှရောင်းဈေးမှာ ၇၁ ဒသမ ၁၀ ကျပ်၊ တစ်ယူနစ်ပျမ်းမျှအရှုံးမှာ ၂၂ ဒသမ ၅၇ ကျပ် ဖြစ်ရာ တစ်ရက်ပျမ်းမျှ သုံးစွဲယူနစ် ၅၄ ဒသမ ၉၅ ကျပ်သန်းခန့်ရှိသဖြင့် တစ်ရက်ပျမ်းမျှ အရှုံး ၁၂၃၇ ဒသမ ၆၉ ကျပ်သန်း (၁ ဒသမ ၂၃၇ ဘီလီယံ) ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

၂၀၁၇ခုနှစ် မေလတွင် အမြင့်ဆုံး၀န်အား (Peak Load) မှာမဂ္ဂါဝပ် ၃၁၀၀ အထိ ရှိခဲ့ပြီး နှစ်စဉ် မဂ္ဂါဝပ် ၃၀၀ မှ ၄၀၀ အထိ တိုးတက်သုံးစွဲနေသဖြင့် နှစ်စဉ်ဓာတ်အားပေးစက်ရုံ နှစ်ရုံမှ သုံးရုံအထိ တိုးတက်တည်ဆောက်သင့်ကြောင်း၊ လက်ရှိ ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်နိုင်မှုမှာ ရေအားလျှပ်စစ်စက်ရုံ ၂၇ရုံမှ ၂၁၁၉ မဂ္ဂါဝပ်ခန့်နှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၄ ရုံမှ ၈၇၄မဂ္ဂါဝပ်ခန့် စုစုပေါင်း ၂၉၉၃ မဂ္ဂါဝပ်အထိသာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများအတွက် ဇောတိက ၊ ရွှေနှင့် ရတနာကမ်းလွန်မှာမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ Emergency Shutdown ဖြစ်ပြီး ပြုပြင်ဆောင်ရွက်ခဲ့ရသည့်အတွက် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ ထုတ်လုပ်မှုလျော့နည်းခဲ့သဖြင့် ရေအားလျှပ်စစ်စက်ရုံများမှ တိုးတက်ထုတ်လုပ်ပေးခဲ့ရသည့် အခြေအနေများဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

စီးပွားရေးအရ တွက်ခြေကိုက်

လောင်စာအမျိုးအစားအလိုက် စက်တပ်ဆင် အင်အားမှာ ရေအား ၆၄ ဒသမ ၇၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့နှင့်စွန့်စပ်အပူသုံး ၃၃ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဒီဇယ် ၁ ဒသမ ၉၃ ရာခိုင်နှုန်းရှိကြောင်း၊ တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ရေအားဖြင့် ၆၀ ကျပ်၊ သဘာဝဓာတ်ငွေ့ဖြင့် ၁၂၅ ကျပ်၊ ကျောက်မီးသွေးဖြင့် ၁၀၀ ကျပ်၊ နေရောင်ခြည်စွမ်းအင်ဖြင့် ၁၃၅ကျပ်၊ လေစွမ်းအင်ဖြင့် ၁၅၀ ကျပ်နှင့် အထက်ရှိသဖြင့် ရေအားဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ အသက်သာဆုံးနှင့် စီးပွားရေးအရ တွက်ခြေအကိုက်ဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းမှ အပြည်ပြည်ဆိုင်ရာမြစ်များအကြောင်းကို လေ့လာကြည့်သည့် အခါ အရှေ့ဘက်က စပြီးကြည့်ရင် မဲခေါင်မြစ်ဝှမ်း၊ သံလွင်မြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းနှင့် အနောက်ဘက်ရခိုင်ပြည်နယ်အတွင်းမှ ကုလားတန်မြစ်ဝှမ်း၊ တောင်ဘက်စွန်း ပတ်ချန် မြစ်ဝှမ်းတို့သည် အပြည်ပြည်ဆိုင်ရာ မြစ်များ၏ သတ်မှတ်ချက်ထဲမှာ ပါဝင် နေသည်။ စစ်တောင်း၊ ပဲခူး၊ ဘီးလင်း၊ တနင်္သာရီမြစ်ဝှမ်းများနှင့် ရခိုင်ပြည်နယ်အတွင်းက သူဌေးချောင်း၊ သံတွဲ၊ အမ်းချောင်းနှင့် ကျိုက္ခလိ စသော မြစ်ဝှမ်းအသေးများကလည်း မြန်မာနိုင်ငံ၏ အမျိုးသားမြစ်များ ဖြစ်ကြသည်။

ဖြတ်သန်းစီးဆင်း

မဲခေါင်မြစ်ဝှမ်း မြစ်လက်တက်များဖြစ်သော ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်းမြို့များကို ဖြတ်သန်းစီးဆင်းသော နမ့်လွေချောင်း၊ မိုင်းဆတ်မြို့ကို ဖြတ်သန်းစီးဆင်းသော နမ့်ခုတ်ချောင်း၊ တာချီလိတ်မြို့ကို ဖြတ်သန်းစီးဆင်းသော နမ့်မယ်ဆိုင်ချောင်းနှင့် မိုင်းယောင်းမြို့ကို ဖြတ်သန်းစီးဆင်းသော နမ့်ယောင်ချောင်းများသည် ချောင်းငယ်များဖြစ်သည့်အတွက် အသေးစားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက် ရှိနေသည်။

သံလွင်မြစ်၏ မြစ်လက်တက်ဖြစ်သော နမ့်ပေါင်ချောင်းပေါ်တွင် ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံကို ၁၉၆၀ ပြည့်နှစ်ကတည်းက စတင်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခဲ့သည်။ ဆက်လက်ပြီး ဘီလူးချောင်းအမှတ်(၁)၊ (၂)နှင့်(၃) စီမံကိန်းစက်ရုံများကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ သံလွင်မြစ်၏ လက်ယာဘက်မြစ်လက်တက်တစ်ခုဖြစ်သော နမ့်တိန်ချောင်းပေါ်မှာ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကိုလည်း ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှာ ဖွင့်လှစ်နိုင်ခဲ့သည်။ သံလွင်မြစ်အထက်ပိုင်း၊ အောက်ပိုင်းနှင့်မြစ်လက်တက်များမှာ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သော အရင်းအမြစ်များ ပေါကြွယ်ဝလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ဧရာဝတီမြစ်ဝှမ်း အကြောင်း ပြောရရင် ယေဘုယျအားဖြင့် မေခနှင့်မလိခ မြစ်နှစ်သွယ်၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၏ မြောက်ဘက် ၄၅ ဒသမ ၆ ကီလိုမီတာအကွာမှာ ပေါင်းဆုံပြီး ဧရာဝတီမြစ်အဖြစ် စတင်စီးဆင်းပါသည်။

မဏိပူ မြစ်ပေါက

ဧရာဝတီမြစ်ကြီး၏ မြစ်လက်တက်ဖြစ်သော မြစ်ငယ်မြစ်ပေါမှာ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ မုန်းချောင်းပေါက အထက်ဗူး၊ ပူးနှင့် ကြီးအုံကြီးဝ ရေလှောင်တမံရေအားလျှပ်စစ်စီမံကိန်း၊ ချောင်းမကြီးချောင်းပေါက အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်း၊ ဇော်ဂျီချောင်းပေါက မြို့ကြီးရေလှောင်တမံရေအားလျှပ်စစ်စီမံကိန်းနှင့် မဏိပူမြစ်ပေါက မဏိပူရေလှောင်တမံ ရေအားလျှပ်စစ်စီမံကိန်းတို့ကို တည်ဆောက်အကောင်အထည် ဖော်နိုင်ခဲ့သည်။

ဧရာဝတီမြစ်ဝှမ်းထဲက ရေအရင်းအမြစ်များဖြင့် ဆည်ရေလေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ်စက်ရုံများတည်ဆောက်ကာ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်သည့် အခြေအနေများလည်း ဆက်လက်ကျန်ရှိနေပါသေးသည်။ အထူးသဖြင့် ဧရာဝတီမြစ်ဖျားပိုင်း၊ တာပိန်မြစ်၊ ရွှေလီမြစ်၊ ချီဖွေဝယ်မြစ်များတွင် ရေအရင်းအမြစ်များစွာ ကျန်ရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

ချင်းတွင်းမြစ်

ဧရာဝတီမြစ်ကြီး၏ အဓိကမြစ်လက်တက်ကြီးဖြစ်သော ချင်းတွင်းမြစ်၏ ရေသယ်ဇာတကို လေ့လာကြည့်သည့်အခါ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသများနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းအကြား စီးပွားရေးကူးသန်းသွားလာရေး အဓိကလမ်းကြောင်းဖြစ်သော ချင်းတွင်းမြစ်ကြောင်းသည် မိုးရာသီနှင့် နွေရာသီတို့မှာ ရေစီးနှုန်းကွာခြားမှုအလွန်များပြီး ရေအမြင့်အနိမ့်ကြီးမားလွန်းတာကို တွေ့ရှိရပါသည်။ ရေမျှားသော မိုးရာသီမှာမုံရွာမြို့မှ ခန္ဓီးမြို့အထိ လှေ၊ သင်္ဘောများနှင့် ဆန်တက်သွားနိုင်သော်လည်း နွေရာသီတွင် ဟုမ္မလင်းထိသာ သင်္ဘောများဆန်တက်နိုင်သည့် အခြေအနေရှိပါသည်။ ချင်းတွင်းမြစ်ဖျားပိုင်း ထမံသီနှင့် ရွှေစာရေး မြစ်လက်တက်များမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အခြေအနေ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ချင်းတွင်းမြစ်၏ လက်ယာဘက် မြစ်လက်တက်တစ်ခုဖြစ်သော မြစ်သာ-မဏိပူမြစ်များပေါ်တွင် ရေလှောင်တမံ စီမံကိန်းနှင့်အတူ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိနေပါသည်။

မြန်မာနိုင်ငံ အတွင်းမှ မြစ်ချောင်းများ စီးဆင်းသမျှ ရေထုထည်သည် ကုဗမီတာ သန်းပေါင်း ၁၀၇၄၀၀၀ ခန့်(ဇကပေ သန်း၈၇၀)ရှိရာ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းခန့်အတွက် လူတစ်ဦးတစ်နှစ်တာအတွင်းရေ ၁၉၅၀၀ ကုဗမီတာခန့်သုံးစွဲနိုင်သည့် သယံဇာတရှိကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။အဆိုပါ ကိန်းဂဏန်းသည် ကမ္ဘာ့ကုလသမဂ္ဂ၏ အဆိုအရ ရေအရင်းအမြစ် အလျှံအပယ်ရှိနေကြောင်း သတ်မှတ်ထားကြသည်။ ထိုသို့ ပိုင်ဆိုင်ထားသော ရေအရင်းအမြစ်များကို ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် အမိအရ ဆုပ်ကိုင်အသုံးချသွားရန် လိုအပ်နေသည်။

၁၉ ရာစုနှောင်းပိုင်း

၁၈ ရာစု နှောင်းပိုင်း ကာလများတွင် ကမ္ဘာ့နိုင်ငံများ၌ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် တစ်နိုင်တစ်ပိုင် အသေးစား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်လာကြသော်လည်း မိမိဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှင့်လူမှုရေးဖွံ့ဖြိုးမှုအတွက်သာ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ၁၉ ရာစု ကာလများတွင်မူ နိုင်ငံအလိုက် စီးပွားရေးဖွံ့ဖြိုးစေရေးအတွက် အကြီးစားရေအားလျှပ်စစ်စက်ရုံများကို စတင်တည်ဆောက်ခဲ့ကြရာတွင် တစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်း၍ တာတမံများ တည်ဆောက်ကာ ရေသိုလှောင်ပြီး လည်ပတ်မောင်းနှင်နိုင်ခဲ့ကြသည်။ သို့အတွက် ၁၉ ရာစုနှောင်းပိုင်းတွင် လျှပ်စစ်ဓာတ်အားများများ သုံးစွဲလာနိုင်ပြီး ကမ္ဘာ့နိုင်ငံအများစုတွင် စက်မှုလုပ်ငန်းများ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည့် အကျိုးကျေးဇူးများ ရရှိလာခဲ့ပါသည်။ ဤနေရာတွင် ရေရှည်စရိတ်သက်သာစွာ ထုတ်လုပ်နိုင် မည့် ရေအားလျှပ်စစ်ကို ပိုမိုအသုံးပြုလာခဲ့ကြ သော နိုင်ငံများတွင် စီးပွားရေးတိုးတက်မှု အရှိန် အဟုန်ပိုမိုကောင်းမွန်ခဲ့ကြောင်း လေ့လာသုံးသပ်တွေ့ရှိရမည်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သော အမေရိကန်၊ ကနေဒါ၊ ဥရောပနိုင်ငံကြီးအားလုံးလိုလိုတွင် ၁၉၇၅ ခုနှစ်ခန့်ရောက်ရှိချိန်တွင် တမံကြီးများ အားလုံးလိုလို ပြီးစီးနေကြပြီး ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ယူနေခဲ့ကြပြီး ဖြစ်ရာ စီးပွားရေးတွက်ခြေကိုက်သည့် မြစ်၊ ချောင်းနေရာ အားလုံးနီးပါးလိုလိုတွင် ဆောင်ရွက်ပြီးဖြစ်သွားခဲ့သည်။ နောက်ပိုင်းတွင် တမံ တည်ဆောက်ပြီး ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းကို တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်း၊ တူရကီစသော အာရှ၊ အာဖရိကနိုင်ငံများဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် တိုးမြှင့်လုပ်ဆောင်လာကြသည်ကိုတွေ့ရှိရပါသည်။ အရှေ့တောင်အာရှနိုင်ငံများထဲတွင် လာအိုနိုင်ငံတစ်နိုင်ငံလုံးအရှိန်အဟုန်ဖြင့် တမံများဆောင်ရွက်နေပြီး ဗီယက်နမ်နိုင်ငံတွင်လည်း တမံများကို အရှိန်မြှင့်ဆောင်ရွက်လာနေကြောင်း တွေ့ရှိရသည်။ ယင်းနိုင်ငံများသည် လျှပ်စစ်ဓာတ်အား ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲခွင့်ရခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးမှုလည်း ပိုမိုတိုးတက်ကောင်းမွန်လာကြပြီ ဖြစ်သည်။

ပို့ကုန် အမယ်သစ်

လာအိုနိုင်ငံသည် သက္ကရာဇ် ၁၉၉၆ ခုနှစ် အထိ ရေအားလျှပ်စစ်စီမံကိန်းဖြင့် ၁၅၁ ဒသမ ၂ မဂ္ဂါဝပ်သာ ထုတ်လုပ်သုံးစွဲနိုင်ခဲ့သည်မှ ၂၀၀၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော မဲခေါင်မြစ်ဝှမ်းပေါ်မှ ရေအားလျှပ်စစ်ဖြင့် ဓာတ်အားပေးနိုင်ခဲ့မှုမှာမဂ္ဂါဝပ် ၅၅၀၀ ခန့်အထိ ရှိလာခဲ့သည်။ ဆက်လက်၍လည်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိနေပါသည်။ ရေအား လျှပ်စစ်မှ တိုးတက်ထုတ်လုပ်လာသော ဓာတ်အားကို **"ပို့ကုန် အမယ်သစ် "**အဖြစ် စီးပွားရေးအတွက် ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချလျက်ရှိနေသည့်အပြင် မြန်မာနိုင်ငံသို့ပါ ရောင်းချနိုင်ရေးအတွက် ညှိနှိုင်းလာခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လောင်စာစွမ်းအင်ကို ရွေးချယ်ရာတွင် ရေရှည်အသုံးခံပြီး စရိတ်အသက်သာဆုံးနှင့် နိုင်ငံအတွင်းပေါကြွယ်ဝဆုံးဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရေအားအရင်းအမြစ်ကိုသာ ရွေးချယ်ခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်မည်ဟု ယူဆသည်။ ရုပ်ကြွင်းလောင်စာများသည် ထုတ်လုပ်သုံးစွဲနိုင်မှုမှာ ကာလအတိုင်းအတာဖြင့်သာ ထုတ်ယူသုံးစွဲနိုင်ကြသည်။ သို့အတွက် သဘာဝ ဓာတ်ငွေ့ သုံးစွဲနိုင်မှုမှာလည်း စရိတ်စကကြီးမားသည့်အပြင် ကာလကန့်သတ်ချက်ရှိနေနိုင်သည်။ ကျောက်မီးသွေး စွမ်းအင်မှာလည်း နှစ်ကာလကန့်သတ်ချက်ရှိနိုင်ခြင်းနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုအထိုက်အလျောက်ရှိနေနိုင်သည့်အပြင် ကုန်ကျစရိတ် မြင့်မားနေပါသည်။ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်တို့မှာမူ ထုတ်လုပ်မှုစရိတ်မှာ အလွန်ကြီးမားနေသည်။ သို့အတွက် ဓာတ်အား သုံးစွဲသူ ပြည်သူအများစု ပေးဆောင်နိုင်သည့် ဓာတ်အားခ နှုန်းထား ဖြစ်စေရေးအတွက် ထုတ်လုပ်မှုစရိတ်သက်သာမည့် ရေအားလျှပ်စစ် စီမံကိန်းများကိုသာ ဦးစားပေး ရွေးချယ် တည်ဆောက်သွားသင့်ကြောင်း၊ ထင်မြင်ယူဆ မိပါကြောင်း တင်ပြလိုက်ရသည်။

လှိုင်မြို့နယ်အတွင်း ခွဲထွက်ယွင်းထရန်စဖော်မာ အစားထိုး တပ်ဆင်

လှိုင် နိုဝင်ဘာ ၃

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ၄ ရပ်ကွက် အေးရိပ်မွန်အိမ်ရာရှိ အိမ်ရာပိုင် 11- 6.6/0.4kVA(500) KVA ထရန်စဖော်မာသည် အောက်တိုဘာလနောက်ဆုံးပတ်တွင် ခွဲထွက်ယွင်းသွားခဲ့သည်။ အဆိုပါ ထရန်စဖော်မာအား ပြုပြင်ရန်အတွက် အိမ်ရာရှိ မီးသုံးစွဲသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ညှိနှိုင်းဆောင်ရွက်လျက်ရှိစဉ် ဓာတ်အားပြတ်တောက်လျက်ရှိသော အေးရိပ်မွန်လမ်း၊ အေးရိပ်မွန် ၃၊ ၄၊ ၅ လမ်း၊ စကား၀ါလမ်းများ ဓာတ်အားပြန်လည်ရရှိရေးအတွက် ဥက္ကဋ္ဌ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ညွှန်ကြားမှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ(စီမံ) ဦးခိုင်ဇော်ငြိမ်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ(အင်ဂျင်နီယာ) ဦးဆန်းလွင်တို့ ဦးစီးကာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများဖြင့် 11-6.6/ 0.4 kVA(200) KVA ထရန်စဖော်မာနှစ်လုံးအား ဌာနမှ ထုတ်ယူတပ်ဆင်၍ ပုံမှန်ဓာတ်အား ပြန်လည်ပေးထားကြောင်း သိရသည်။

မြန်မာ့အလင်း

မြန်မာနဲ့ နိုင်ငံတကာ စာပေသမားများ ထိတွေ့ဆက်ဆံနိုင်ရန် အခွင့်အလမ်းတစ်ရပ် အစပြုပေါ်ပေါက်
ဧရာဝတီ စာပေပွဲတော်သည် စာပေနယ်တွင် မြန်မာနဲ့ နိုင်ငံတကာတို့ ထိတွေ့မှု ဆက်လက်ရှင်သန်

မန္တလေး နိုဝင်ဘာ ၃

စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်သို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ စာပေပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

တက်ရောက်ခဲ့

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ပထမအကြိမ် ဧရာဝတီစာပေပွဲတော်ကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ် ဝင်းအတွင်း ကျင်းပစဉ်က တက်ကြွစွာ ပါဝင်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ်မှာ မတက်ရောက်နိုင်ခဲ့ပါကြောင်း၊ တတိယအကြိမ်တွင် ဤနေရာမှာပဲ ကျင်းပသည့်အခါ ဆွေးနွေးသူတစ်ဦးအနေဖြင့် ရန်ကုန်က မိတ်ဆွေများနှင့်အတူ တက်ရောက်ခဲ့ပါကြောင်း။

ယခုအကြိမ်နှင့်ဆိုလျှင် မိမိအနေဖြင့် (၃) ကြိမ်မြောက် တက်ရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဧရာဝတီစာပေပွဲတော်နှင့် ပတ်သက်လျှင် မှတ်မှတ်သားသား ပြောချင်တာ နှစ်ခုရှိပါကြောင်း၊ တစ်ခုက ဧရာဝတီစာပေပွဲတော်သည် စာရေးဆရာ၊ ကဗျာဆရာ စသည့် စာပေနှင့် ပတ်သက်သူအများအပြား တက်ရောက်ပြီး စာပေဆိုင်ရာ အစီအစဉ်မျိုးစုံကို တစ်ပြိုင်နက် ကျင်းပသည့် စာပေပွဲတော်ဆိုသည့် ဓလေ့၊ အစဉ်အလာတစ်ရပ်ကို မြန်မာနိုင်ငံတွင် အစပြုခဲ့တယ်ဆိုတဲ့အချက် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဒီပွဲတော်ကို စုရုံးစီစဉ်ခဲ့တဲ့ ထိုစဉ်က မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီးရဲ့ဇနီး Jane Heyn နဲ့ သံအမတ်ကြီး Andrew Heyn တို့ကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမအကြိမ် ဧရာဝတီစာပေပွဲတော်အပြီးမှာ ကျွန်တော်တို့ မြန်မာစာပေသမားတွေ မြန်မာနိုင်ငံမှ စာပေပွဲတော် အများအပြားကျင်းပဖြစ်ခဲ့ပါတယ်။ နိုင်ငံတကာ မိတ်ဆွေများနဲ့ပူးတွဲပြီး နိဘယ်-မြန်မာစာပေပွဲတော် (Nobel Myanmar Literary Festival) ဆိုတာ ကျင်းပဖြစ်ပါတယ်။ သူလည်း သုံးကြိမ်ရှိပါပြီ။ အခု စတုတ္ထအကြိမ် ကျင်းပဖို့ စီစဉ်နေကြပါတယ်။

ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ကလေးစာပေပွဲတော်များကို နိုင်ငံတစ်ဝန်းက တိုင်းဒေသကြီးနဲ့ ပြည်နယ် ငါးမြို့နဲ့ အခြားခရိုင်မြို့ကြီး အတော်များများမှာ ကျင်းပဖြစ်ခဲ့ပါတယ်။

အမြစ်တွယ်အောင်ဆောင်ရွက်

မန္တလေးမြို့မှာ ကျင်းပတဲ့ ကလေးစာပေပွဲတော်ဆိုရင် သုံးရက်ကျင်းပတာဖြစ်ပြီး လူပေါင်းသိန်းချီတက်ရောက်ခဲ့ကြတာ မန္တလေးမြို့က စာပေသမားများနဲ့ မြို့သူ မြို့သားများ အသိဖြစ်ပါတယ်။ အခုလို စာပေပွဲတော်များကို ကျွန်တော်တို့ ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါက ဧရာဝတီကစလိုက်တဲ့ စာပေပွဲတော်ဓလေ့တစ်ရပ်ကို ကျွန်တော်တို့တိုင်းပြည်မှာ အမြစ်တွယ်အခြေကျသွားအောင် ကျွန်တော်တို့ ဆောင်ရွက်နေကြတဲ့ သဘောပါ။ ကျွန်တော်တို့အနေနဲ့ကတော့ ကောင်းသောကိစ္စတစ်ရပ်သည် တစ်ခါမဟုတ်ဘဲ အကြိမ်ကြိမ်အခါခါ ပြုလုပ်လို့၊ အစဉ်အလာ တစ်ရပ်ဖြစ်ပြီဆိုရင် အဲဒီကိစ္စရပ်ကိုယ်တိုင် ဆက်လက်ရှင်သန်ဖို့ အခြေခံကောင်းရသွားသလို အကယ်၍ အနောင့်အယှက် အခက်အခဲများရှိမယ်ဆိုရင်လည်း ဒါတွေကို ရင်ဆိုင်ကျော်လွှားဖို့ ခိုင်မာတဲ့အင်အား ရရှိသွားတယ်လို့ မြင်ပါတယ်ဟု ပြောကြားသည်။

တန်ခိုးစွမ်းအားရှိ

ပြည်ထောင်စုဝန်ကြီးက ကျွန်တော်တို့တိုင်းပြည်မှာ စာဆိုတော်နေ့ (Writers' Day) ဆိုတာရှိပါတယ်။ ဒါဟာ အင်မတန်မှထူးခြားပြီး အရေးပါပါတယ်။ စာဆိုတော်နေ့ဆိုတာ ဘာကြောင့် များထူးခြားပြီး အရေးပါရသလဲ၊ နိုင်ငံတကာက မိတ်ဆွေများ အံ့သြကြလိမ့်မယ် ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ စာဆိုတော်နေ့က ကျွန်တော်တို့အတွက် ဘာကြောင့် ထူးခြားအရေးပါရသလဲဆိုတာ တစ်အချက်က နိုင်ငံတကာမိတ်ဆွေများမှာ စာပေဆိုင်ရာ နေ့ရက်ပေါင်းများစွာရှိပေမယ့် ကျွန်တော်တို့မှာ ဒီတစ်ရက်ပဲ ခိုင်ခိုင်မာမာရှိတာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ စာဆိုတော်နေ့ဟာ တကယ်လည်း တန်ခိုးစွမ်းအား ရှိပါတယ်။

ဒီစာဆိုတော်နေ့ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်၊ ၈၀ နီးပါးက ကျွန်တော်တို့ရဲ့ ရှေ့က စာရေးဆရာ၊ ကဗျာဆရာများ၊ စာပေပညာရှင်ကြီးများ တီထွင်ပြဋ္ဌာန်းသွားခဲ့ကြပါတယ်။ နေ့ရက်အားဖြင့် ပြောမယ်ဆိုရင် မြန်မာပြက္ခဒိန်ပါ နတ်တော်လရဲ့ ပထမဆုံး ရက်ပါ။ အဲဒါသည် ယခုနှစ်အဖို့မှာကတော့ နိုင်ငံတကာ ပြက္ခဒိန်အရ နိုဝင်ဘာလ ၁၉ ရက်နေ့နဲ့ တိုက်ဆိုင်ပါတယ်။

အစဉ်အလာရှိ

အဲဒီ နတ်တော်လ ပထမနေ့မှာ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ရှေ့ကဆရာကြီး ဆရာမကြီးများက စာရေးဆရာ၊ ကဗျာဆရာများ ကိုယ်တိုင်ကပြတဲ့ ပြဇာတ်တွေ၊ စာပေဟောပြောပွဲတွေ စတာတွေနဲ့ အခမ်းအနားပွဲများ ကျင်းပမြဲ အစဉ်အလာရှိခဲ့ပါတယ်။

အဲဒါသည် တိုင်းပြည်လူထုက နှစ်သက်လက်ခံပြီး အစိုးရများကလည်း လေးစားသိမှတ်ခဲ့ကြတော့ ခိုင်မာတဲ့ အစဉ်အလာတစ်ခုအဖြစ် တည်ရှိခဲ့ပါတယ်။ အဲဒီတော့ မိတ်ဆွေများသိကြတဲ့အတိုင်း ကျွန်တော်တို့ တိုင်းပြည်သည် လွတ်လပ်မှုတွေ အလွန်အမင်း ချုပ်ချယ်ကန့်သတ်ခြင်းခံရတဲ့ အုပ်ချုပ်ရေးစနစ်များအောက်မှာ နှစ်ပေါင်း ၅၀ လောက် ကျင်လည်ခဲ့ရပါတယ်။ အဲဒီကာလမှာ အစိုးရပိုင်းပုဂ္ဂိုလ်များနဲ့ ဘာသာရေးဆိုင်ရာ တရားဓမ္မဟောကြားသော ပုဂ္ဂိုလ်များကလွဲ၍ ဘယ်သူမှ အလာအရ နှစ်စဉ်စာဆိုတော်နေ့နဲ့ အဲဒီနေ့ကို ဖြန့်ကြက်ဆန့်ထုတ်ထားတဲ့ စာဆိုတော်ရာသီမှာတော့ စာရေးဆရာ၊ ကဗျာဆရာများသည် အခြားသူများ မရရှိနိုင်တဲ့ လွတ်လပ်ခွင့်များကိုခံစားပြီး နိုင်ငံအနှံ့အပြားမှာ စာပေတင်မက အကြောင်းအရာ အမျိုးမျိုးကို ဟောပြောနိုင်ခဲ့ကြပါတယ်။ အဲဒီရက် အဲဒီရာသီမှာတော့ ချုပ်ချယ်ကန့်သတ်တဲ့ အစိုးရများလည်း အစွမ်းကုန် သည်းခံခွင့်ပြုပေးခဲ့ကြရတဲ့ သဘောရှိပါတယ်။

ဒါက အစဉ်အလာရဲ့ တန်ခိုးစွမ်းအားကို ကျွန်တော်ပြောတာပါ။ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့နဂိုမူလ စာဆိုတော်နေ့ အစဉ်အလာမှာ စာပေပွဲတော်ဓလေ့နဲ့ ဖြည့်စွက်ပေးတဲ့ ဧရာဝတီစာပေပွဲတော် တီထွင်ကျင်းပကြသူများကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောခြင်း ဖြစ်ပါတယ်။

ဧရာဝတီစာပေပွဲတော်ရဲ့ ထူးခြားချက်အဖြစ် ကျွန်တော်ပြောချင်တဲ့အရာ နောက်တစ်ခု ရှိပါတယ်။ အဲဒါက နိုင်ငံတကာ စာရေးဆရာများနဲ့ မြန်မာစာရေးဆရာများ ပူးတွဲပါဝင်ခြင်း ဖြစ်ပါတယ်။ ဒါဟာ အင်မတန်တန်ဖိုးရှိတဲ့ အချက်ဖြစ်ပါတယ်။ သမိုင်းကြောင်းကို ပြန်ကြည့်ရင် ကျွန်တော်တို့ မြန်မာစာပေဟာ နိုင်ငံတကာစာပေများနဲ့ ပေါင်းဖက်ပြီး အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာစာပေပေါ်ပြီးစ ပုဂံခေတ်ကစတင်ပြီး ကျွန်တော်တို့ဟာ အိန္ဒိယဒေသက ရရှိတဲ့ ဗုဒ္ဓစာပေနဲ့ အခြားအိန္ဒိယရဲ့ သုတ၊ ရသစာပေများကြောင့် ပိုမိုကြွယ်ဝ ပြည့်စုံခဲ့ရတယ်။ အိန္ဒိယစာပေ အတွေးအခေါ်၊ ဗဟုသုတများနဲ့ မြန်မာတို့ရဲ့ ပင်ကိုဉာဏ်ပေါင်းစပ်ပြီး မြန်မာစာဆိုတို့ အများပြည်သူ့ရှေ့မှာ ဟောပြောခွင့်မရသလောက် တင်းကျပ်တဲ့ အနေအထား ရှိခဲ့ပါတယ်။

ဖြန့်ကြက်ဆန့်ထုတ်ထား

သို့သော် ဆိုခဲ့တဲ့ စာဆိုတော်နေ့ဆိုတဲ့ ထုံးဓလေ့အစဉ်တီထွင်ဖန်တီးမှု စွမ်းအားတွေ တိုးတက်ခဲ့တယ်။

အနောက်နိုင်ငံများနဲ့ ထိတွေ့လာရတဲ့အခါကျတော့ အင်္ဂလိပ်ဘာသာမှတစ်ဆင့် ဥရောပစာပေ၊ ကမ္ဘာ့စာပေများနဲ့ သိကျွမ်းလာရတယ်။ အဲဒီအခါမှာတော့ ခေတ်သစ် မြန်မာစာပေလက်ရာများ ပေါ်ထွန်းလာပါတယ်။

အသိအမြင်ပွင့်လင်းလာ

ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ရှေ့ကရှိခဲ့တဲ့ မြန်မာစာရေးဆရာများ၊ စာပေပညာရှင်များ၊ မြန်မာပညာတတ်များရဲ့ ရည်မှန်းချက် သို့မဟုတ် ကြွေးကြော်သံတစ်ခုကို ပြောချင်ပါတယ်။ အဲဒါက ကမ္ဘာကို မြန်မာတို့သိဖို့နဲ့ မြန်မာကို ကမ္ဘာက သိဖို့ဆိုတာ ဖြစ်ပါတယ်။ ဒါက နိုင်ငံတကာနဲ့ ဆက်ဆံရင်း အသိအမြင် ပွင့်လင်းလာတဲ့ မြန်မာဦးဆောင်ပုဂ္ဂိုလ်တို့ရဲ့အမြင်နဲ့ ဆန္ဒပါ။

ကမ္ဘာကို ကျွန်တော်တို့ သိဖို့လိုပါတယ်။ ကမ္ဘာကလည်း ကျွန်တော်တို့ကို သိစေချင်တယ်။ ဒီဆန္ဒပြည့်ဝဖို့အတွက် ဆောင်ရွက်ခဲ့ကြရာမှာ စာပေနယ်မှာကတော့ ဘာသာပြန်တဲ့ အလုပ်ဖြစ်ပါတယ်။ ဘာသာပြန်ကိစ္စ ဆောင်ရွက်ရာမှာ မကွေရာမင်းသားကြီးကအစ ဆရာကြီး သခင်ဘသောင်းတို့အထိ အစောပိုင်းခေတ် မြန်မာဘာသာပြန် ဆရာကြီးများက အစပြုပြီး နိုင်ငံတကာ စာပေပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အစဉ်အလာရှိပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်များဟာ နိုင်ငံတကာပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ရင်း မြန်မာကို ကမ္ဘာကသိရေးမှာ ဦးစွာပထမ မြန်မာတို့ကိုယ်တိုင် မြန်မာအကြောင်း ပီပီသသသိဖို့ အရေးကြီးကြောင်း သိမြင်တဲ့အတွက် မြန်မာ့ရေးရာကို စနစ်တကျလေ့လာဖို့ မြန်မာနိုင်ငံသုတေသန အသင်းဆိုတာကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။ သုတေသနအသင်းတည်ထောင်ရာမှာ ခေတ်ပညာတတ် မြန်မာများနဲ့ အင်္ဂလိပ်စာပေပညာရှင်များ၊ အင်္ဂလိပ်အရာရှိများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါ့အပြင် ဂျာမန်၊ ပြင်သစ်စတဲ့ ဥရောပပညာရှင်များလည်း ပါဝင်ခဲ့ကြပါတယ်။

စာပေဖွံ့ဖြိုးတိုးတက်

ဒါတွေကို ပြောခြင်းက ကျွန်တော်တို့သည် တစ်ချိန်သော အခါက နိုင်ငံတကာ စာပေပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အစဉ်အလာများ ရှိခဲ့တယ်၊ အဲဒီလို ပူးပေါင်းဆောင်ရွက်ခြင်းကြောင့်လည်း ကျွန်တော်တို့စာပေ ဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ မြန်မာအကြောင်း ကမ္ဘာကသိအောင် တင်ပြနိုင်သလို ကမ္ဘာ့အကြောင်း၊ ကမ္ဘာ့အရေးများအကြောင်း မြန်မာတို့သိအောင် အများကြီး ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ပြောလိုခြင်းဖြစ်ပါတယ်။

ကျွန်တော် စောစောကပြောခဲ့တဲ့ မြန်မာတွေ မလွတ်လပ်သော နှစ်ကာလများအတွင်းမှာတော့ မြန်မာစာရေးဆရာများသည် စာဆိုတော်ရာသီမှာ စာပေဟောပြောပွဲများ ကျင်းပတဲ့အစဉ်အလာကို ထိန်းသိမ်းနိုင်ခဲ့တာ မှန်သော်လည်း လွတ်လပ်စွာရေးသားခွင့် နည်းပါးတာကြောင့် စာပေမဖွံ့ဖြိုး၊ မရှင်သန်နိုင်ဘဲ ရှိခဲ့တယ်။ နိုင်ငံတကာစာပေသမားများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှုသည်လည်း အလွန်အလွန်ကို နည်းပါးသွားခဲ့တယ်။

စာမျက်နှာ ၈ သို့

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်သို့ ပေးပို့သည့် သဝဏ်လွှာ

Message to the Irrawaddy Literary Festival from State Counsellor Daw Aung San Suu Kyi

The name "Irrawaddy" evokes greatness, beauty and romance for all of us in this land which has been nourished by her waters throughout the ages. The Irrawaddy Literary Festival is now into its fourth year and my best wishes for its success go out to all the organizers and participants who will be evoking the greatness, beauty and romance of literature from different lands, bringing us all closer to one another, flowing together in understanding and friendship.

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်တွင် အမှာစကား ပြောကြားစဉ်

သတင်းစဉ်

စာမျက်နှာ ၇ မှ

အဲဒီလို ရှိခဲ့ရာက အခု ပြန်လည်ပွင့်လင်းခါစ ကာလမှာပဲ ဧရာဝတီ စာပေပွဲတော် ရောက်ရှိလာခဲ့ပါတယ်၊ ဒီပွဲနဲ့ အတူ မြန်မာနဲ့ နိုင်ငံတကာ စာပေသမားများ ထိတွေ့ ဆက်ဆံနိုင်ဖို့ အခွင့်အလမ်းတစ်ရပ် ပြန်လည်အစပြုပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်၊ ဧရာဝတီစာပေပွဲတော်သည် ယခုစတုတ္ထ အကြိမ်ရှိပြီဖြစ်ပြီး ရှေ့နှစ်များမှာလည်း ဆက်လက် တည်ရှိနေဦးမှာ ဖြစ်တဲ့ အတွက် စာပေနယ်မှာ မြန်မာနဲ့ နိုင်ငံတကာတို့ ထိတွေ့မှုသည်လည်း ဆက်လက်ရှင်သန်သွားလိမ့်မယ်လို့ မြင်ရပါတယ်”ဟု ပြောကြားသည်။

ပျောက်ကွယ်မည်စိုးရိမ်

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယဉ်ကျေးမှု အမွေအနှစ်များ ရှေးဟောင်းမြို့ တည်ရှိရာ မန္တလေးမြို့တွင် ဧရာဝတီစာပေပွဲတော် ကျင်းပနိုင်ခြင်းသည် ဂုဏ်ယူစရာ ကောင်းပါကြောင်း၊ ပုံနှိပ်စာပေများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိကြောင်း၊ ယနေ့ ကျင်းပသည့် ဧရာဝတီစာပေပွဲတော်တွင် လူငယ်မျိုးဆက်သစ်များ၏ စိတ်ဝင်စားမှု အပြည့်ရှိသည်ကို တွေ့ရသဖြင့် မြန်မာစာပေ မတိမ်ကောတော့ဘူးဟု ယုံကြည်ပါကြောင်း၊ ထိုသို့ မတိမ်ကောအောင် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သလို စာပေမြှင့်တင်ရေး လုပ်ငန်းတွေကိုလည်း အားပေးဆောင်ရွက်နေပါကြောင်း။

ဧရာဝတီမြစ်ကြီး မပျောက်ပျက်အောင် စောင့်ရှောက်နေသလို မိမိတို့၏ မြန်မာစာပေကို စာဖတ်ပရိသတ်များ၊ စာချစ်သူများ၊ စာပေပညာရှင်များက မိမိတို့အစိုးရနှင့် အတူ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြပါစို့ဟု ပြောကြားသည်။

ထို့နောက် မန္တလေးမြို့ခံ စာရေးဆရာ ညီစေမင်းက “ တစ်ချိန်က ကမ္ဘာနဲ့ နိုင်ငံတကာဆက်ဆံဖို့ဆိုတာ အလွန်ဝေးကွာခဲ့တယ်၊ အခု ကမ္ဘာကို မြန်မာက သိပြီး မြန်မာကို ကမ္ဘာကသိအောင် ဆောင်ရွက်ပေးတဲ့ ဒီပွဲတော်ကြီး အခွန့်ရှည်တည်တဲ့ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ဒေါက်တာအောင်မြင့်က ပွဲတော်ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ အင်္ဂလိပ်ဘာသာဖြင့် ပေးပို့သည့် သဝဏ်လွှာကို ဆရာဦးနေအုပ်က ဖတ်ကြားသည်။ အဆိုပါ သဝဏ်လွှာကို ဆရာ ဦးနေအုပ်က “မြန်မာပြန်ဆိုရာတွင် ဧရာဝတီဟူသော အမည်သည် ကွန်ပ်တို့ မြန်မာလူမျိုးများအတွက် ကြီးမားတင့်တယ်ခြင်း၊ လှပတင့်တယ်ခြင်းနှင့် စိတ်ကူးယဉ်ထက်သန်ခြင်းများကို နှိုးဆွပေးသွားမည် ဖြစ်ပါတယ်၊ ဧရာဝတီသည် သူ၏တန်ဖိုးမဖြတ်နိုင်သောရေများဖြင့် မြန်မာနိုင်ငံကို အာဟာရ တိုက်ကျွေးခဲ့သည်မှာလည်း နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပြီး ဧရာဝတီ စာပေပွဲတော်ကြီးသည် လေးကြိမ် မြောက်ခဲ့ပါတယ်၊ ကျွန်မ အနေဖြင့် ပွဲစီစဉ်ပေးသူများနှင့် ပါဝင်ကူညီပေးခဲ့သူများ အားလုံးကို အောင်မြင်ပါစေကြောင်း ဆုတောင်းရင်းနှင့် နိုင်ငံရပ်ခြားမှ လာရောက်ကြသော စာပေပညာရှင်များနှင့် မြန်မာစာပေပညာရှင်များကို စာပေနှင့်ဆိုင်သော ထက်မြက်ခြင်း၊ လှပတင့်တယ်ခြင်း၊ စိတ်ကူးထက်သန်ခြင်းများ တိုးပွားပြီး အပြန်အလှန်နားလည်မှုများ ရှိကြစေရန်နှင့် ချစ်ခင်မှုရေစီးကြောင်းတွင် အတူတကွ စီးနင်း၍ ပိုမိုရင်းနှီး နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်” ဟု ဖော်ပြထားသည်။

ပူးပေါင်းကူညီဆောင်ရွက်

ဧရာဝတီစာပေပွဲတော် ကျင်းပရေးအတွက် အင်္ဂလန်နိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ဧရာဝတီစာပေပွဲတော် Charitable Trust အဖွဲ့မှ တာဝန်ယူဆောင်ရွက်ပြီး မြန်မာနိုင်ငံ ဘက်မှ လိုအပ်သည်များကို ဦးနေအုပ်၊ ဒေါက်တာ ခင်မောင်ညို့နှင့် ဒေါက်တာအောင်မြင့်တို့က ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ ပွဲတော်တွင် နိုင်ငံတကာ စာပေပညာရှင် ၃၀၊ ရန်ကုန်မြို့မှ စာရေးဆရာ ၅၈ ဦးနှင့် မန္တလေးမြို့ခံ စာရေးဆရာ ၅၉ ဦး၊ စုစုပေါင်း ၁၄၇ ဦးတို့က ဘာသာရပ်ပေါင်းစုံပါဝင်သည့် စာတမ်းများဖတ်ကြားမည် ဖြစ်သည်။

ဧရာဝတီစာပေပွဲတော် ကျင်းပရာ ဟိုတယ် ပထမထပ်တွင် စာတမ်းဖတ်ပွဲ၊ နိုင်ငံတကာမှ စာပေပညာရှင်များနှင့် စာပေဆွေးနွေးခန်း၊ ပန်းချီရေးဆွဲခန်း၊ စာပေ ဟောပြောခန်းများ ပါဝင်ပြီး ဟိုတယ်ကွင်းပြင်တွင် စာအုပ်အရောင်းဆိုင်များ၊ ကာတွန်းပြပွဲများ၊ ကဗျာရွတ်ပွဲ၊ ရုပ်သေးဖျော်ဖြေပွဲ၊ မည်သူမဆို ပါဝင်ဆွေးနွေးနိုင်သည့် Speaker Corner နှင့် စာပေရေးရာ ဆွေးနွေးသည့် Conference Center တို့ ပါဝင်ပြီး ပွဲတော်ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်သို့ တက်ရောက်လာကြသည့် ရဟန်းသံဃာတော်များနှင့် ဧည့်ပရိသတ်များကို တွေ့ရစဉ်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

စဉ်	စာအုပ်အမည်	စာရေးသူ	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၁	အင်းဝသို့ရင်ခုန်ခြင်း(ကဗျာရှည်)	မနီတာ	၆၅၀၀	ခြူးခြူး
၂	ရောက်မလာသေးတဲ့နွေဦးနှင့် အခြားဝတ္ထုတိုများ	သိုက်ထွန်းသက်	၂၅၀၀	ခြူးခြူး
၃	ကမ္ဘာမကျေတဲ့အမုန်း	ကြယ်စင်မှူးဝေ	၁၇၀၀	ရွှေပဒေသာ
၄	သူခင်းကျင်းပေးထားတဲ့ရင်ကွဲအခမ်းအနား	မိုးစက်ပွင့်	၁၇၀၀	ရွှေပဒေသာ
၅	ရာစုသစ်ရဲ့ ပျိုပျိုမေ	လှိုင်းကြာဖြူ (လားရှိုး)	၁၇၀၀	ရွှေပဒေသာ
၆	သူခြယ်မှုန်းတဲ့ တေးပန်းချီ	မမသဒ္ဒါမောင်	၂၀၀၀	ရွှေပဒေသာ
၇	ကလေးတို့အတွက် သက်ရှိထင်ရှား နတ်ပြည်ရောက်သူများနှင့် သက်ရှိထင်ရှား ငရဲကျသူများ	မောင်ဆန္ဒ (လယ်ဝေး)	၁၅၀၀	ရွှေပဒေသာ
၈	Forest Soils,Soil & Watershed Water Conservation and Watershed Management IN MYANMAR	U Sein Thet		ခင်ချောစု
၉	VISITING AMERICAN CITIES	Maung Pon Nya	၂၅၀၀	Sein Taik
၁၀	သပွတ်အူကျေးရွာမှ မမြင်ရသောကံတရားများ	ဂျက်ကွမ်းခြံကုန်း	၂၅၀၀	လင်းလွန်းခင်
၁၁	ရောက်တတ်ရာရာတရုတ်ပြည်မှပေးစာများ	မြင့်သန်း	၃၅၀၀	နှစ်ကာလများ
၁၂	ဆူဇေဒါလှချိုနှင့်ပုံရိပ်ဖတ် ကြေးအိုးလေးအပါအဝင် ဂမ္ဘီရဝတ္ထုတိုများ	ငွေစိုး (ရွှေကြန်မြေ)	၁၅၀၀	ခုနစ်စင်ကြယ်
၁၃	ကျောင်းသားသူပုန်ဘဝက တောတွင်းအတွေ့အကြုံများ	မာန်လုငယ်	၂၀၀၀	နှစ်ကာလများ
၁၄	သရုပ်ဆောင်သူ မိုနာလီဇာ	သစ္စာနီ	၂၀၀၀	နှစ်ကာလများ
၁၅	အက်ဆေး ၂၀၁၇	စာရေးသူများ	၂၅၀၀	ခုနစ်စင်ကြယ်
၁၆	လွမ်းရစ်တော့ သက်လှယ်ရယ်	ဗန်းမော်တင်အောင်	၂၇၀၀	စိတ်ကူးချိုချို
၁၇	မြန်မာ့ကွဲ၊ မြန်မာ့နွား	အောင်စိုး (တိ-ဆေးကု ဆရာဝန်)	၃၃၀၀	စိတ်ကူးချိုချို
၁၈	Anaw Rahta of Bagan Dynasty	Maung Maung	၃၅၀၀	တူဒေး
၁၉	လူသစ်စိတ်သစ် ကြံတိုင်းဖြစ်	သက်လုံ	၃၅၀၀	Wisdom house
၂၀	BRICS/ BIMSTEC အဖွဲ့ဝင် နိုင်ငံများနှင့် တရုတ်တို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ရွေးချယ်ထားသောနိုင်ငံများ၏ လူမှု/စီးပွားရေးညွှန်ကိန်းများ	သံအမတ်ကြီးဦးလှမောင်	၃၅၀၀	Unity

စဉ်	စာအုပ်အမည်	စာရေးသူ	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၂၁	ဘဝအောင်မြင်ရေးအတွက် ချိုးဖောက်ရမည့် စည်းမျဉ်း စည်းကမ်းများ	အောင်လှိုင်	၂၃၀၀	စိတ်ကူးချိုချို
၂၂	ဝေဘူဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိနှင့် ကျင့်စဉ်	မောင်ကျော်ညွှန့်	၆၀၀၀	စိတ်ကူးချိုချို
၂၃	စိတ္တရလေခါ	ပါရဂူ	၃၀၀၀	စိတ်ကူးချိုချို
၂၄	ပန်းညိုပြာဇေဒါလမ်း တက်ရောကြမ်း	ကာတွန်းကြည်ဝင်း	၃၀၀၀	မျိုးမြန်မာ
၂၅	ကလေးတို့အတွက် အကောင်းမြင်စိတ်များသော လူ့အဖွဲ့အစည်း	ခေတ်ဘုန်းသစ်	၂၅၀၀	ဇွန်ပွင့်
၂၆	ဆူးသစ်နီကဗျာ	ဆူးသစ်နီ	၁၅၀၀	ယဉ်မျိုး
၂၇	ပင့်သက်ရှိက်သံနှင့် အခြားကဗျာများ	နွဲ့ငင်းတင့်နိုး	၁၅၀၀	ရှင်မတောင်
၂၈	နှုတ်ကောင်းခွန်းမြိန်သုခမိန်	ဘသန်း (ဓမ္မိက)	၃၀၀၀	ရှင်မတောင်
၂၉	ကျောက်မီးသွေးတစ္ဆေ ခြောက်လှန့်ခံနေရတဲ့ မြန်မာပြည်	မင်းချစ်နိုင်	၂၅၀၀	စံပယ်
၃၀	ဘယ်သူအကောင်းဆုံးလဲ မင်းသိတယ်နော် (ချားလ်ဘူကောစကီး၏ လက်ရွေးစင်ကဗျာ ၃၃ ပုဒ်)	ကျော်မျိုး	၂၀၀၀	နှစ်ကာလများ
၃၁	မနက်ဖြန်နှင့် နဝရတ်ကိုးသွယ်	ကလောင်စုံ	၂၅၀၀	လင်းလွန်းခင်
၃၂	သားဖတ်ဖို့ ကာတွန်းများ	အောင်သန်းကျော်	၁၅၀၀	မျိုးဆက်သစ်
၃၃	ဒက်ဇယ်လာ	နတ်နွယ်	၂၂၀၀	စိတ်ကူးချိုချို
၃၄	ခရင်းညီနောင် စာစဉ် (၉၅)	the key collection	၁၅၀၀	the key
၃၅	ကမ္ဘာ့သမိုင်းပုံပြင် (၉၆)	the key collection	၁၅၀၀	the key
၃၆	Pearls of a solitude	Ba Than (Dhamika)	၁၅၀၀	မုံရွေး
၃၇	ကွန်ပျူတာသစ္စာ	ကန္တာရမိုးစက်	၂၀၀၀	ဝါးလည်
၃၈	မိုက်ကယ်အိန်ဂျလို	ကိုတာ	၂၀၀၀	မုံရွေး
၃၉	မိုးနေး	ကိုတာ	၂၀၀၀	မုံရွေး
၄၀	ဗန်ဂိုး	ကိုတာ	၂၀၀၀	မုံရွေး
၄၁	သုတရတနာသိုက် ၆	ပဉ္ဇဂံစာတည်း	၃၀၀၀	ပဉ္ဇဂံ

သေဒဏ်ကျင့်သုံးခြင်း တရားဝင်ဆိုင်းငံ့ခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် အာရှပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (APF) ၏ ပံ့ပိုးမှုဖြင့် သေဒဏ်ကို တရားဝင်ဆိုင်းငံ့ခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ နေပြည်တော်ရှိ Hotel Max ၌ ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စု ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရ ဝန်ကြီးဌာနများမှ အကြီးတန်းအရာရှိများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာရှိများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် သတင်းမီဒီယာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက မြန်မာနိုင်ငံ၌ ကြီးလေးသော ပြစ်မှုများကို ကျူးလွန်သူများအား သေဒဏ်ချမှတ်မှုများ ရှိသော်လည်း ၁၉၈၈ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခြင်း မရှိတော့သဖြင့် လက်တွေ့ လုပ်ဆောင်မှုအရ သေဒဏ် ဖျက်သိမ်းသည့် သဘောဟု နိုင်ငံတကာက အပြုသဘော ယူဆကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအနေဖြင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို အခြေခံ၍ သေဒဏ်ကို တရားဝင် ဆိုင်းငံ့ခြင်းနှင့် စပ်လျဉ်း၍ အမြင်သဘောထားများကို လွတ်လပ်စွာ ဆွေးနွေးပြောကြားကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ဘာမင်ဂမ်တက္ကသိုလ် ဥပဒေဌာန ပါမောက္ခနှင့် လူ့အခွင့်အရေးဌာန ညွှန်ကြားရေးမှူး Dr. Jon Yorke က သေဒဏ် ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများနှင့် တစ်ကမ္ဘာလုံး သေဒဏ်ဖျက်သိမ်းရေးကို ရည်ရွယ်သည့် နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများကို လူ့အခွင့်အရေး ရှုထောင့်မှ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်က သေဒဏ်ချမှတ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ စီရင်ထုံးများနှင့် အစဉ်အလာများအပေါ် ခြုံငုံသုံးသပ်တင်ပြခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဖွဲ့ဝင် ဦးခင်မောင်လေးက သေဒဏ်ပယ်ဖျက်ရေး ဆဋ္ဌမအကြိမ် ကမ္ဘာ့ညီလာခံနှင့် ပတ်သက်သည့် အတွေ့အကြုံအမြင်များကို သုံးသပ်တင်ပြခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

အဆိုပါ တင်ပြဆွေးနွေးချက်များအပေါ် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ကြသူများက သေဒဏ်တရားဝင် ဆိုင်းငံ့ခြင်းဖြင့် ပြည်တွင်း ဥပဒေများကို အထောက်အကူ ပြုစေမှုများနှင့် နိုင်ငံတကာမျက်နှာစာတွင် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ဆွေးနွေးအကြံပြုကြသည်။ မြန်မာနိုင်ငံ အနေဖြင့် လက်ရှိအချိန်တွင် သေဒဏ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်း မရှိသဖြင့် ပြည်တွင်းပြည်ပ အကျိုးကျေးဇူးများ ရရှိနိုင်စေရန် သေဒဏ်ကို တရားဝင်ဆိုင်းငံ့ရေးအတွက် အစိုးရအနေဖြင့် စဉ်းစားသင့်ကြောင်း အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မုံရွာမြို့နယ် ကျွန်းကြီးရွာမှ လေယာဉ်တီထွင်သူ လူငယ်ကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လေယာဉ်မောင်းနှင်ပျံသန်းမှု လေ့လာရန် ဖိတ်ခေါ်သဖြင့် လာမည့် တနင်္လာနေ့ ရန်ကုန်သို့ အရောက်သွားမည်

မုံရွာ နိုဝင်ဘာ ၃

မုံရွာမြို့နယ် ကျွန်းကြီးကျေးရွာတွင် ကိုယ်တိုင်လုပ်လေယာဉ်ကို စမ်းသပ်မောင်းနှင်ရန် စိတ်အားထက်သန်နေ သူ အသက် ၁၉ နှစ်အရွယ် မောင်ကျော်ဇင်ဝင်းကို ရန်ကုန်မြို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လေယာဉ်မောင်းနှင်ပျံသန်းမှုများကို လာရောက်လေ့လာရန် ဖိတ်ခေါ်သဖြင့် လာမည့် နိုဝင်ဘာ ၆ ရက် (တနင်္လာနေ့) အရောက် ရန်ကုန်သို့ သွားရောက်တွေ့ဆုံ လေ့လာမည်ဖြစ်ကြောင်း ကျွန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မြင့်ထံမှ သိရသည်။

"ကျွန်တော်တို့ ရန်ကုန် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ကျော်ဇင်ဝင်းနဲ့ သွားရမှာပါ၊ အဲဒီက ပြန်လာမှ ပျံသန်းခွင့်တွေ ဘာတွေက ရ မရဆိုတာ သိရမှာပါ၊ အဲဒီဌာနက ခွင့်ပြုမှသာ လေယာဉ်က ပျံလို့ရမှာပါ၊ တနင်္လာနေ့ နံနက် ရန်ကုန်ရုံးကို အရောက်လာဖို့ မှာတော့ တနင်္ဂနွေညနေမှာ သွားဖို့ စီစဉ်ထားပါတယ်" ဟု အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က ပြောကြားသည်။

အကြံပြုပြောကြား

လေယာဉ်ပျံတီထွင်သည့် ကျွန်းကြီးရွာမှ လူငယ်လေးအား သူ၏ လုပ်ဆောင်ချက်အပေါ် အားပေးပါကြောင်း၊ သို့သော် လေယာဉ်အတက်အဆင်း အန္တရာယ်မရှိအောင် လေ့လာသင့်သည်များကို လေ့လာရန် ကိုကျော်ဇင်ဝင်းနှင့် နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီကျော်က တွေ့ဆုံ အကြံပြုပြောကြားထားကြောင်း မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကြည်နိုင်ထံမှ သိရသည်။

"လေယာဉ် ပျံသန်းခွင့်တွေဆိုတာက လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကမှ ပျံသန်းခွင့် ပေးရတာပါ၊ လေယာဉ်နဲ့ ပတ်သက်ရင် အဲဒီဌာနကပဲ ခွင့်ပြုတယ်၊ လေယာဉ်ပျံသန်းခွင့်လျှောက်မယ်ဆိုရင်လည်း အဲဒီမှာ သွားလျှောက်ရတယ်ဆိုတာ ဒီနေ့ပဲ တွေ့ပြီး အဲဒီလူငယ်လေးကို ရှင်းပြခဲ့ပါတယ်၊ အဲဒီဌာနက ရန်ကုန်မှာပဲ ရှိတာပါ၊ တိုင်းတွေ၊ ခရိုင်တွေ၊ မြို့နယ်တွေမှာမရှိဘူး၊ ရန်ကုန်ရုံးချုပ်အနေနဲ့လည်း အဲဒီကလေးကို ဖုန်းချိတ်ပေးလိုက်ပါတယ်။ လာလေ့လာဖို့ ရန်ကုန်ကို ခေါ်နေတယ်၊ ကလေးရဲ့ လုပ်ဆောင်ချက်ကို အားပေးပါတယ်၊ ဒါပေမယ့် ပျံတက်ဖို့၊ ပြန်ဆင်းဖို့တွေကျတော့ အန္တရာယ်များတဲ့အတွက် နားလည်အောင် ကလေးကို ပြောပြရပါတယ်" ဟု ဦးကြည်နိုင်က ပြောပြသည်။

ဖိတ်ခေါ်ထား

မုံရွာမြို့နယ် ကျွန်းကြီးကျေးရွာတွင် ကိုယ်တိုင်လုပ် လေယာဉ်ကို စမ်းသပ်မောင်းနှင်ရန် စိတ်အားထက်သန်နေသူ အသက် ၁၉ နှစ်အရွယ် မောင်ကျော်ဇင်ဝင်းကို ဝါရင့် အငြိမ်းစားလေယာဉ်မှူးကြီးတစ်ဦးကလည်း နည်းပညာပိုင်းများကို အဆိုပါ လူငယ် လာရောက်ပါက ရှင်းလင်းပြသရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ ထို့အပြင် တီထွင်ထားသော လေယာဉ်ငယ်ကို မုံရွာတက္ကသိုလ် ရူပဗေဒဌာနအနေဖြင့် နည်းပညာပိုင်းများကို သွားရောက်အကူ အညီပေးမည်ဖြစ်ပြီး သွားရောက်မည့် မုံရွာတက္ကသိုလ်မှ အဖွဲ့သည် မုံရွာတက္ကသိုလ်တွင် မောင်းသူမဲ့ (ဒရုန်း) လေယာဉ်ကို တည်ဆောက် အောင်မြင်ခဲ့သော သုတေသနအဖွဲ့ ဖြစ်ကြောင်း သိရသည်။

သံတိုင်ထွန်း(မုံရွာ)

● *ကျောဖုံးမှ*

Straw ဝိတ်တန်း နှစ်ပွဲနှင့် အမျိုးသမီး ဝိတ်တန်း နှစ်ပွဲပါဝင်ခဲ့သည်။ ယနေ့ ပြိုင်ပွဲတွင် မြန်မာအတွဲ သုံးတွဲလည်း ပါဝင်ခဲ့ရာ မြန်မာလက်ဝှေ့ကစားသမားများ အဓိက ပါဝင်ကစားခဲ့သည်။

ဖလိုင်းဝိတ်တန်းတွင် ရဲသွေးနီနှင့် စောသားငယ်တို့ပွဲ၌ ရဲသွေးနီက ပထမအချီတွင် အလဲထိုးဖြင့် အနိုင်ရသွားသည်။ အခြား ဖလိုင်းဝိတ်တန်းတွင် တရုတ်မှ MA က ဖိလစ်ပိုင်မှ Toquero အား ပထမအချီတွင် အနိုင်ရသွားသည်။

ဖယ်သာဝိတ်တန်းတွင် စောဘဦးနှင့် ဖိုးသော်တို့ အချုပ်အပူးဖြင့် ပြိုင်ဘက်ကိုအနိုင်ရရှိရေး ကြိုးပမ်းနေမှုကို တွေ့ရစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဖယ်သာဝိတ်တန်းတွင် မြန်မာလက်ဝှေ့ကစားသမား နှစ်ဦးဖြစ်သည့် စောဘဦးနှင့် ဖိုးသော်တို့ သုံးချီအထိ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဖိုးသော်က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။

ဘင်တန်ဝိတ်တန်းတွင် တရုတ်မှ Chen နှင့် ဖိလစ်ပိုင်မှ Soriano တို့ ယှဉ်ပြိုင်ကြရာ တရုတ်မှ Chen က ပထမအချီဖြင့် နိုင်သည်။ အခြားဘင်တန်ဝိတ်တန်းတွင် မြန်မာလက်ဝှေ့သမား နှစ်ဦးဖြစ်သည့် စစ်မန်းနှင့် စောဒါဝိတ်တို့ ယှဉ်ပြိုင်ကြရာ စောဒါဝိတ်က အနိုင်ရရှိသွားသည်။

Straw ဝိတ်တန်းတွင် ထိုင်းမှ Mitsatit နှင့် ဖိလစ်ပိုင်မှ Miado တို့ ယှဉ်ပြိုင်ကြရာ Miado က ဒုတိယအချီဖြင့် အနိုင်ရခဲ့သည်။ အမျိုးသမီး Atom ဝိတ်တန်းတွင် အင်ဒိုမှ Dea နှင့် ဖိလစ်ပိုင်မှ Torres တို့ ယှဉ်ပြိုင်ကြရာ Torres က အနိုင်ရရှိသွားသည်။ အမျိုးသားလိုက်ဝိတ်တန်းတွင် တရုတ်မှ Zhang နှင့် အိန္ဒိယမှ Shetty တို့ ယှဉ်ပြိုင်ကြရာ တရုတ်က ပထမအချီတွင် အနိုင်ရခဲ့သည်။ အမျိုးသမီး Straw ဝိတ်တန်းအဖြစ် တရုတ်မှ Miao နှင့် သြစတြေးလျမှ Mahzovic တို့ ယှဉ်ပြိုင်ကြရာ တရုတ်အားကစားမယ်က ပထမအချီတွင် အနိုင်ရခဲ့သည်။

သတင်း-မြင့်မောင်စိုး

အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

(၃၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုဖလှယ်ရေးပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း Melia Yangon Hotel ၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်ကို ၁၉၈၆ ခုနှစ်မှ စတင်၍ ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပလေ့ရှိပြီး ဂျပန်ယဉ်ကျေးမှုဆိုင်ရာ ပြပွဲများ၊ စတိတ်စင်ပြဇာတ် ဖျော်ဖြေမှုများ ကျင်းပပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုနက်ရှိုင်းလာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယဉ်ကျေးမှုဖလှယ်ရေးပွဲတော်တွင် ဂျပန်လက်ဖက်ရည် တည်ခင်းပုံ၊ ပန်းအလှဆင်ပုံ၊ ဂျပန်လက်ရေးလှ၊ ကီမိုနိုဝတ်စားဆင်ယင်ပုံ၊ ဇာပန်းထိုး၊ မျက်နှာဖုံး ပြုလုပ်ပြသခြင်း၊ စက္ကူအလှခေါက်၊ ကျစ်ကြိုးအလှချည်ခြင်း၊ သံပြိုင်သီဆိုမှု၊ ကရာတေး၊ ဂျူဒို အစရှိသော ကိုယ်ခံပညာရပ်များ ပြသခြင်းနှင့် ဂျပန်စောင်းဖြင့် တီးခတ်ဖျော်ဖြေခြင်းများ ကျင်းပမည်ဖြစ်ပြီး ပြည်သူများ အခမဲ့ လာရောက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၄ -၁၁-၂၀၁၇ (စနေနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၅ - "ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆီသို့" (ရခိုင်ပြည်နယ်အတွင်း NVC Card ထုတ်ပေးမှုနှင့် ပြန်လည်လက်ခံရေး ဆောင်ရွက်နေမှုအခြေအနေ)

ညပိုင်း

၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်** (အပိုင်း-၃၆)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - "ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-3)(ပွဲစဉ်-၁) (နေပြည်တော်)

- ရိုးရာယဉ်ကျေးမှုထင်ဟပ်ပေါ်လွင် မြန်မာတို့၏ အနုသုခုမ သဘင် "အလင်္ကာအလွမ်းပြေ" "နှစ်ပါးမြိုင်" ဒုတိယပိုင်း- ၁၊ မင်းသား-ချမ်းသာနှင့် မျိုးဆက်သစ်များ

ကျောက်တော်မြို့ မဟာမြတ်မုနိဘုရား စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးအား ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ဖူးမြော်ပြီး အလှူငွေများ လှူဒါန်း

စစ်တွေ နိုဝင်ဘာ ၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ကျောက်တော်မြို့ရှိ မဟာမြတ်မုနိဘုရားနှင့် စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ်သိန်း ၂၀ စီ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စကြာမုနိဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

ရွှေလျား ဆေးကုသရေးအဖွဲ့က ကျီးကန်းပြင် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အခမဲ့ဆေးဝါး ကုသပေး

မောင်တော နိုဝင်ဘာ ၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာရှိ နယ်ခြားစောင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သော ရွှေလျားဆေးကုသရေးအဖွဲ့က အခမဲ့ ဆေးဝါးကုသပေးသည်။

"ကျွန်တော်တို့ ရွှေလျားဆေးကုသရေးအဖွဲ့ရဲ့ ပုံမှန်ဆေးကုသတဲ့ ခရီးစဉ် ဖြစ်ပါတယ်၊ ကျီးကန်းပြင်ဌာနချုပ်ကို အခမဲ့ဆေးဝါးကုသပေးတာ သုံးကြိမ် ရှိပါပြီ၊ ဒီမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ မိသားစုဝင်တွေကိုလည်း လှည့်လည် ကုသပေးလျက်ရှိပါတယ်၊ အခြားဒေသ တွေဖြစ်တဲ့ မောင်တောမြို့ မြောက်ပိုင်း နဲ့ တောင်ပိုင်းတွေကိုလည်း လှည့်လည် ကုသပေးလျက်ရှိပါတယ်၊ တိုင်းရင်းသား

မောင်တောမြို့နယ်
ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး
ဒေါက်တာ ကျော်မောင်မောင်သိန်း

ကျေးရွာတွေကို သွားရောက် ကုသတဲ့ အခါ ရောဂါကြီးကြီးမားမား မတွေ့ရပါဘူး၊ ဒါပေမယ့် ဒေသခံတိုင်းရင်းသားတွေကြားမှာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဗဟုသုတနည်းပါးတာကို တွေ့ရပါတယ်၊ ဒီလိုမျိုးတွေရတဲ့အခါမှာ ကျန်းမာရေး ဝန်ထမ်းတွေအနေနဲ့ နေ့စဉ် နေထိုင်စားသောက်ပုံတွေ၊ ရောဂါတစ်ခုခုဖြစ်ရင် ဆရာဝန်ဆီ အချိန်မီ သွားရောက်ကုသဖို့နဲ့ လက်ဆေးတာကအစ နားလည်အောင် ရှင်းပြရပါတယ်"ဟု မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောသည်။

"တိုင်းရင်းသား ကျေးရွာတွေကို သွားရောက်ကုသတဲ့အခါ ရောဂါကြီးကြီးမားမား မတွေ့ရပါဘူး၊ ဒါပေမယ့် ဒေသခံတိုင်းရင်းသားတွေကြားမှာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတနည်းပါးတာကို တွေ့ရပါတယ်၊ ဒီလိုမျိုးတွေရတဲ့အခါမှာ ကျန်းမာရေး ဝန်ထမ်းတွေအနေနဲ့ နေ့စဉ် နေထိုင်စားသောက်ပုံတွေ၊ ရောဂါတစ်ခုခုဖြစ်ရင် ဆရာဝန်ဆီ အချိန်မီ သွားရောက်ကုသဖို့နဲ့ လက်ဆေးတာကအစ နားလည်အောင် ရှင်းပြရပါတယ်"

ပို့ဆောင်ကုသ

မောင်တောမြို့ ရွှေလျားဆေးကုသရေးအဖွဲ့သည် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးခြင်းနှင့် အခမဲ့ ဆေးဝါးကုသပေးမှုများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကွင်းဆင်း ဒေသများ၌ ဆေးရုံတက်ရောက်၍ ဆေးဝါး ကုသမှုခံယူရန် လိုအပ်သည့် လူနာများတွေ့ရှိပါက မောင်တော၊ ဘူးသီးတောင်နှင့် စစ်တွေမြို့တို့ရှိ ဆေးရုံကြီးများသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

"ကျွန်မသားလေး အာရုံကြောအားနည်းတဲ့ ရောဂါဖြစ်နေလို့ လာပြတာပါ။ သားလေးရောဂါကို ပျောက်ကင်းအောင် ကုသနိုင်တယ်လို့ ဆရာဝန်ကြီးတွေကပြောတော့ အတိုင်းမသိ ဝမ်းသာရပါတယ်၊ ကိုယ့်အနေနဲ့ဆို ဘယ်လိုလုပ်ကုသနိုင်မလဲ၊ သားလေးခံစားနေရတဲ့ ရောဂါကို ပျောက်ကင်းအောင် ဆေးရုံကြီးတွေမှာ သွားကုဖို့ ဆရာဝန်ကြီးတွေက ပြောပါတယ်၊ သွားကုသဖို့လည်း ကူညီကြပါတယ်၊ အခုလည်း လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေ လုပ်ပေးပါတယ်၊ ဆရာဝန်ကြီးတွေကို အများကြီးကျေးဇူးတင်ပါတယ်"ဟု ဒေါ်ယဉ်ယဉ်ဆွေက သားလေး မောင်ကောင်းထက်နိုင် ရောဂါခံစားနေရမှုနှင့် ပတ်သက်ပြီး ၎င်း၏ခံစားချက်ကို ပြောသည်။

အခမဲ့ကုသပေး

ယခု ရွှေလျား ဆေးကုသရေးအဖွဲ့တွင် မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်မောင်မောင်သိန်း၊ မကွေးဆေးတက္ကသိုလ်မှ ကလေးအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာလှဝင်းမြင့်၊ မကွေးဆေးတက္ကသိုလ် ရောဂါဗေဒဌာနမှ ကထိက ဒေါက်တာနုသဇင်ဝင်း၊ ကထိက ဒေါက်တာ ညီညီဝေယံဇော်၊ လက်ထောက်ကထိက ဒေါက်တာနှင်းဝင့်ဆွေတို့ အပါအဝင် ကျန်းမာရေးဝန်ထမ်း ၂၀ ကျော်တို့သည် ကျီးကန်းပြင်ကျေးရွာမှ ဒေသခံတိုင်းရင်းသားများအား အခမဲ့ဆေးဝါး ကုသပေးခဲ့ကြောင်းနှင့် နိုဝင်ဘာ ၄ ရက်တွင် ပန်းတောပြင်ကျေးရွာသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးပြီး အခမဲ့ဆေးဝါးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - အောင်ကျော်ဦး

မောင်တောမြို့နယ် ကျောင်းတောင်ကျေးရွာအုပ်စုရှိ ရင့်မှည့်မိုးစပါးများကို စက်မှုလယ်ယာက ရိတ်သိမ်းခြွေလှေ့စက် ရှစ်စီးဖြင့် ဆက်လက်ရိတ်သိမ်း

မောင်တော နိုဝင်ဘာ ၃

မောင်တောမြို့နယ် ကျောင်းတောင် ကျေးရွာအုပ်စုရှိ ရင့်မှည့်မိုးစပါး ဧက ၅၀၀ ကျော်ကို ယနေ့နံနက်တွင် စက်မှုလယ်ယာက ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် ရှစ်စီးဖြင့် ဆက်လက်ရိတ်သိမ်းသည်။

ရိတ်သိမ်းပြီးစပါးများ ခြွေလှေ့နေသည်ကို တွေ့ရစဉ်

အဆိုပါ ရင့်မှည့်မိုးစပါးရိတ်သိမ်းမှုများကို စက်မှုလယ်ယာဦးစီးဌာနရုံးချုပ်မှ ဦးစီးအရာရှိ ဦးခင်ဇော်အုန်း ဦးဆောင်သော မြင်းလွတ်ရှေ့တန်းစခန်းနယ်မြေမှ ဝန်ထမ်းအင်အား ၂၂ ဦးတို့က ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ကြီး ရှစ်စီးဖြင့် တာဝန်ယူ ရိတ်သိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကန့်ပုကျေးရွာအုပ်စုမှာ အောက်တိုဘာ ၂၉ ရက်က စတင်ပြီး ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် ခြောက်စီးနဲ့ စတင်ရိတ်သိမ်းပေးနေတာ နိုဝင်ဘာ ၄ ရက်နေ့ဆို ပြီးပါပြီ၊ အခု ကျောင်းတောင်ကျေးရွာအုပ်စုမှာတော့ ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် ရှစ်စီးနဲ့ ရိတ်သိမ်းနေတာဖြစ်ပါတယ်၊ နိုဝင်ဘာ ၅ ရက်မှာ ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်၊ ဒီကျေးရွာအုပ်စုပြီးရင်တော့ သပြေတောကျေးရွာအုပ်စုက ရင့်မှည့်မိုးစပါး ဧက ၄၁၀၀ နဲ့ မြင်းလွတ်ကျေးရွာအုပ်စုက ရင့်မှည့်မိုးစပါး ဧက ၂၀၀၀ ကျော်ကို ဆက်လက် ရိတ်သိမ်းသွားမှာ ဖြစ်ပါတယ်"ဟု မောင်တောမြို့နယ် မိုးစပါးရိတ်သိမ်းခြွေလှေ့ရေး တာဝန်ခံ စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်ဇော်အုန်းက ပြောသည်။

ထိုသို့ ရင့်မှည့်မိုးစပါးများ ရိတ်သိမ်းခြွေလှေ့ရာသို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်းများကလည်း ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြသည်။ ထို့ပြင် စိုက်ပျိုးရေးဌာနအနေဖြင့်လည်း ခရိုင်နှင့်မြို့များမှ စိုက်ပျိုးရေးဝန်ထမ်းများကို ထပ်မံအားဖြည့်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဌာနက ရိတ်သိမ်းပြီး မိုးစပါးတွေကို လက်ခံမယ်၊ ပြီးတော့ စပါးတွေကို သန့်စင်ပေးမယ်၊ ပြီးရင် စပါးအစိုဓာတ် ၁၃ ရာခိုင်နှုန်း ရရှိအောင် နေလှန်း အခြောက်ပေးပြီး ထုပ်ပိုးမယ်၊ ပြီးရင် သတ်မှတ်သို့လှောင်ရုံ အမိုးအကာအောက်ကို ပို့ဆောင်မယ်"ဟု မောင်တောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမိုးမောင်က ပြောသည်။

မြေစာရင်း ဦးစီးဌာနကလည်း ရိတ်သိမ်းရမည့် မိုးစပါးဧက စာရင်းကိန်းဂဏန်းများ မှန်ကန်ရေး၊ တောင်သူတစ်ဦးချင်း၏ ထွက်ရှိစပါး တင်းအရေအတွက်များ မှန်ကန်ရေးတို့ကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောမြို့နယ်တွင် မိုးစပါးဧက ၇၁၅၂၂ ဧက စိုက်ပျိုးထားသည့်အနက် အချိန်မီ ရိတ်သိမ်းရမည့် ရင့်မှည့်မိုးစပါး ဧက ၄၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းပေးရမည့် ရင့်မှည့်မိုးစပါးများကို စက်မှုလယ်ယာဦးစီးဌာနက ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်များဖြင့် ပံ့ပိုးကူညီ ရိတ်သိမ်းပေးလျက်ရှိသကဲ့သို့ အချို့ကျေးရွာများတွင် လက်တွန်း ထွန်စက်များကို စက်မှုလယ်ယာ ဦးစီးဌာနက ဖြန့်ဝေပေးအပ်ထားပြီး ကိုင်တွယ် အသုံးပြုနည်းများကို လေ့ကျင့်သင်ကြားပေးထားရာ တောင်သူများကိုယ်တိုင် ၎င်းတို့၏ အစီအစဉ်ဖြင့် ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ - ဟန်လင်းနိုင်**

တန်ဆောင်မုန်းလပြည့်နေ့တွင် မောင်တောမြို့ရှိ ဘုရား၊ ပုထိုးစေတီများတွင် ဆီမီးများပူဇော်ပြီး ကုသိုလ်ပြုကြသူများဖြင့် စည်ကား

မောင်တော နိုဝင်ဘာ ၃

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ဘုရား၊ ပုထိုးစေတီများတွင် ဆီမီးကပ်လှူ ပူဇော်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ် ပူဇော်ခြင်း စသည်ဖြင့် ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

မောင်တောမြို့မြို့ဦး ရွှေစည်းခုံ ဆံတော်မြတ်စေတီတော်နှင့် မြို့မကျောင်းတိုက်ရှိ သမိုင်းဝင် မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ်တို့တွင် နံနက်ပိုင်းမှစ၍ မြို့ပေါ်ရှိ ဘာသာရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော် အပါအဝင် ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာဆောက်တည်ကြခြင်း စသည့် ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

"မြို့ဦး ရွှေစည်းခုံ ဆံတော်မြတ်စေတီတော်က မောင်တောမြို့ရဲ့ အထင်ကရ စေတီတော်မြတ်ကြီး ဖြစ်ပါတယ်၊ အခါကြီး ရက်ကြီးတွေမှာ မြို့ခံပြည်သူတွေက စေတီတော်မြတ်ကြီးကို အမြဲတမ်း လာရောက် ဖူးမြော်ကြည်ညို ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြပါတယ်၊ ဂေါပကအဖွဲ့အနေနဲ့လည်း အခါကြီး ရက်ကြီးတွေမှာ စတုဒိသာ ကျွေးမွေးခြင်း၊ ပျော်ပွဲရွှင်ပွဲအနေနဲ့ ဗလာမပါ ကံစမ်းမဲ အစီအစဉ်များနှင့် ဝက်ပါလျှောက်လှမ်း အစီအစဉ်တွေကို ဆောင်ရွက်ပေးပါတယ်"ဟု စေတီတော် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်အေးမောင်က ပြောသည်။

"ဒီနှစ်မှာတော့ အကြမ်းဖက်မှုဖြစ်စဉ်တွေ ဖြစ်ပွားခဲ့တာကြောင့် အရင်နှစ်တွေကလောက် မစည်ကားပါဘူး၊ ဒါပေမယ့် ပြီးခဲ့တဲ့ ရက်တွေကထက်စာရင် ဘုရားဖူး ပြည်သူတွေနဲ့ ပိုများလာတာကို တွေ့ရပါတယ်၊ မြို့ခံပြည်သူတွေ အနေနဲ့လည်း အကြမ်းဖက်မှုတွေ ကင်းဝေးပြီး ဒေသတည်ငြိမ်အေးချမ်းဖို့၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ကြဖို့ ဆုတောင်းကြတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘုရားဖူးပြည်သူတစ်ဦးဖြစ်သူ ရပ်ကွက် ၁ မှ ဦးအောင်ထွန်းလင်းက "ကျွန်တော်တို့မိသားစုအနေနဲ့ အခါကြီး ရက်ကြီးတိုင်း မြို့ဦး ရွှေစည်းခုံ ဆံတော်မြတ်စေတီတော်ကို လာရောက်ဖူးမြော်လေ့ရှိပါတယ်၊ ဒီဘုရားက မောင်တောမြို့နယ်ရဲ့ အထင်ကရ ဘုရားတစ်ဆူဖြစ်ပါတယ်၊ အရင်နှစ်ကလောက် မစည်ကားပေမယ့် အကြမ်းဖက်မှု ဖြစ်စဉ် ဖြစ်ပွားပြီး နောက်ပိုင်းမှာတော့ ဒီတန်ဆောင်မုန်းလပြည့်နေ့ဟာ အစည်ကားဆုံး ဖြစ်ပါတယ်"ဟု ပြောသည်။

ညပိုင်းတွင် တန်ဆောင်တိုင်ပွဲတော် ပျော်ပွဲရွှင်ပွဲများအဖြစ် တေးသီချင်း သီဆိုယှဉ်ပြိုင်ခြင်း၊ ဂီတဖျော်ဖြေပွဲများ ကျင်းပခြင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **သတင်းနှင့် ဓာတ်ပုံ - အောင်ကျော်ဦး**

ပုဏ္ဏားကျွန်း၌ ဒုတိယအကြိမ် ရခိုင်ရိုးရာ သင်ပုတ်ဆွမ်းတင်ပူဇော်ပွဲ ကျင်းပ

ပုဏ္ဏားကျွန်း နိုဝင်ဘာ ၃

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ဦးရာဇတော် ဘုရား ရင်ပြင်တော်၌ နိုဝင်ဘာ ၃ ရက် နံနက် ၆ နာရီက ရခိုင်လူမျိုးတို့၏ ခေတ်လေးခေတ်ကို ပုံဖော်၍ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်တို့၏ ရိုးရာဝတ်စုံများ ဝတ်ဆင်ကာ ရခိုင်စည်တော် အတီးအမှုတ်အစုံဖြင့် ရှေးရခိုင် ဓလေ့ထုံးတမ်းစဉ်လာအတိုင်း သင်ပုတ်ဆွမ်းတင်ပူဇော်ပွဲကို ဒုတိယအကြိမ် ကျင်းပခဲ့သည်။

ရခိုင်ရိုးရာ သင်ပုတ်ဆွမ်းတင်ပူဇော်ပွဲကို Png Development You Organization အသင်းက ဦးဆောင်ပြီး ရက္ခိတမင်္ဂလာစည်တော်အဖွဲ့နှင့် စစ်တွေမြို့ စိုင်းဒရား ရခိုင်စည်တော်အဖွဲ့မှ ပုံပိုး ကူညီမှုဖြင့် ထမင်းထောင်၊ ပန်းထောင်၊ ဆီမီးထောင်များနှင့်အတူ ရခိုင်စည်တော်များ၊ ရခိုင်တူရိယာများဖြစ်သော ခရုခွံ အိုးစည်၊ ဒူမောင်း၊ လင်းခွက်ခရာများ အတီးအမှုတ်တို့ဖြင့် နံနက် ၅ နာရီက ရွာဟောင်း(မူလွန်)ကျောင်းမှ စတင်ကာ ဦးဥတ္တမလမ်းအတိုင်း စီတန်းလျှက် ဦးရာဇတော် ဘုရားပေါ်သို့ တက်ရောက်ပူဇော်ခဲ့ကြသည်။

"ကျွန်တော်တို့ အခုလို ပူဇော်ရခြင်းမှာ ရခိုင်ရိုးရာဓလေ့ မပျောက်သွားစေရေး၊ ရခိုင်ယဉ်ကျေးမှုနဲ့၊ ရခိုင်အမျိုးဘာသာ အမွေအနှစ်များ မပျောက်သွားစေဖို့နဲ့ တောင်သူလယ်သမားတွေ စပါးဆန်ရေပွားများစေဖို့ ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ဦးဆောင် ကျင်းပသည့် အသင်းဥက္ကဋ္ဌ ကိုသိန်းဝဏ္ဏကပြောသည်။

"သင်ပုတ်ဆွမ်းဆိုတာ ရခိုင်လူမျိုးတောင်သူတို့ ပထမဦးဆုံး ထွက်ရှိတဲ့ စပါးကို ရိတ်သိမ်းကြိတ်ခွဲပြီး ဆန်အဖြစ် ထောင်းဖွပ်ကာ ဦးဦးဖျားဖျား ရွာဦးဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်း ဓလေ့များကို ဖော်ထုတ်ပြသခြင်း ဖြစ်ပါတယ်" ဟု စစ်တွေမြို့မှ ရခိုင် ဟာသစာရေးဆရာ ဘဂျီးကျော်က ပြောသည်။

ရခိုင်ရိုးရာသင်ပုတ်ဆွမ်းကို ရှေးရခိုင် ဘုရင်လက်ထက်က ထမင်းထောင်၊ ပန်းထောင်၊ ဆီမီးထောင်တို့ဖြင့် ဝါကျွတ်လပြည့်နေ့နှင့် တန်ဆောင်တိုင်လပြည့်နေ့များတွင် ကောက်သစ်ဆန်ကို ဗုဒ္ဓ ဘုရားရှင်အား ဦးဦးဖျားဖျား ပူဇော်သော ရွာလုံးကျွတ်ပွဲဖြစ်သည်။ ကောက်ဦး ထမင်းကို ကတော့ပုံ၌ သွတ်သွင်းကာ ခရုချွန်ပုံဖြစ်အောင် ကတော့ပုံ သင်ပုတ်ဆွမ်း ၃၃ ခုနှင့် ဆွမ်းထမင်းကို စေတီပုံ ဖြစ်အောင် နယ်နှိပ်ပြီး ဗန်းအလယ်၌ စိုက်ထူ၍ ဘုရားကျောင်းကန်များသို့ တပျော်တပါး သွားရောက်ကာ ကုသိုလ် ဒါနပြုကြသော သင်ပုတ်ဆွမ်း(ခေါ်) ကောက်ဦးဆွမ်းလည်း ခေါ်ကြောင်း စစ်တွေမြို့ စိုင်းဒရား စည်တော်အဖွဲ့ခေါင်းဆောင် ကိုကျော်ဆန်းက ပြောသည်။

ယနေ့ည ၇ နာရီတွင် ဦးရာဇတော် ဘုရားရင်ပြင်ပေါ်၌ ဆီမီးငါးထောင် ပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပွဲကို ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

နီထွန်းအောင်(ပြန်/ဆက်)

မောင်တောမြို့၌ ရိတ်သိမ်းပြီး မိုးစပါးများ ထိန်းသိမ်းသိုလှောင်ရေးနှင့် မြို့တိုင်းရင်းသားများအတွက် ကျေးရွာသစ် ဖော်ထုတ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

မောင်တော နိုဝင်ဘာ ၃

မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်သည် ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက် တိုက်ခိုက်ခံခရသည့် မြို့တိုင်းရင်းသားများအတွက် ကိုင်းကြီး(မြို့)ရွာသစ် တည်ဆောက်နိုင်ရေးနှင့် ရိတ်သိမ်းပြီး မိုးစပါးများ အလေအလွင့် မရှိစေရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်သည်။

ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးသည် နံနက် ၉ နာရီတွင် နိုဝင်ဘာ ၂ ရက် ညနေပိုင်းက ဓားခုတ်ခံရသဖြင့် မောင်တောဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော သရီကုန်းဘောင် ကျေးရွာနေ ဦးလှသန်းမောင်အား သွားရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ **(ယာပုံ)**

ထို့နောက် သရီကုန်းဘောင် ကျေးရွာသို့သွားရောက်၍ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဖြစ်စဉ်ဖြစ်ပွားခဲ့မှု အခြေအနေကို အသေးစိတ်မေးမြန်းပြီး ယခုလုပ်ရပ်သည် ဥပဒေမဲ့ လုပ်ရပ်များဖြစ်သဖြင့် ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံး စုံစမ်းဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့် မြို့တိုင်းရင်းသားများအတွက် လုံခြုံပြီး လွယ်ကူအဆင်ပြေစွာ သွားလာ နေထိုင်နိုင်ရေးအတွက် ကျေးရွာသစ်အဖြစ် ဖော်ထုတ်နေရာ ချထားမည့် မြေနေရာအကျယ်အဝန်း၊ ပတ်ဝန်းကျင်အခြေအနေများကို လည်းကောင်း၊ ရိတ်သိမ်းပြီး မိုးစပါးများ အလေအလွင့်မရှိ ထိန်းသိမ်း သိုလှောင်နိုင်ရေးအတွက် အလယ်သံကျော်ကျေးရွာ၌ နေလှန်း အခြောက်ခံနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုခဲ့သည်။ မြို့တိုင်းရင်းသားများအတွက် ကျေးရွာသစ်ကို ကိုင်းကြီး ကျေးရွာအုပ်စု (နတလ) ရွာအနီးတွင် အကျယ်အဝန်း လေးဧကကျော်တွင် အိမ်ခြေ ၅၀ အတွက် အကွက်ချ ဖော်ထုတ်သွားမည်ဖြစ်ပြီး စာသင်ကျောင်းနှင့် ဆရာ ဆရာမများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ -ဟန်လင်းနိုင်

တနင်္သာရီမြို့နယ်၌ စက်လှေနှစ်စင်း တိုက်မိခဲ့ရာမှ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

မြိတ် နိုဝင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သာရဘွင်ကျေးရွာ အရှေ့ရေပြင်တွင် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က စက်လှေနှစ်စင်း တိုက်မိခဲ့ရာမှ (၃နှစ်) အရွယ်ကလေးတစ်ဦး သေဆုံးပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တနင်္သာရီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သာရဘွင်လှေဆိပ်အရှေ့ဘက်ရေပြင် ပေ ၃၀၀ ခန့်အကွာတွင် သဘော်ဦးကျေးရွာ တနင်္သာရီမြို့နယ်နေ စောနော်အယ် မောင်းနှင်သော လေးလုံးထိုးရေယာဉ်သည် သာရဘွင်ကျေးရွာမှ သဘော်ဦး ကျေးရွာသို့ သွားရောက်ရန် ထွက်ခွာလာစဉ် ချစ်လွမ်းနိုင် ရေပူကျေးရွာ တနင်္သာရီမြို့နယ်နေသူ မောင်းနှင်လာသော ဟွန်ဒါစက်တပ်လှေသည် သာရဘွင်ကျေးရွာမှ ရေပူကျေးရွာသို့ပြန်ရန် ထွက်ခွာလာစဉ် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် သာရဘွင် ကျေးရွာအရှေ့ ရေပြင်အရောက်တွင် တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ချစ်လွမ်းနိုင်လှေပေါ်တွင် လိုက်ပါလာသည့် ခရီးသည်ခြောက်ဦး အနက်မှ ဒေါ်ငွေးရှင် ရေပူကျေးရွာနေသူတွင် ဒဏ်ရာရရှိခဲ့ပြီး မနှင်းဆုဝေ ရေပူကျေးရွာနေသူမှာ ဒဏ်ရာများရရှိသဖြင့် သေဆုံးသွားခဲ့သဖြင့် တကူ တိုက်နယ် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တကူရဲကင်း စခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ဝမ်းတွင်းဈေးအရှေ့ဘက် မြောင်းဘေးမြက်တောအတွင်းမှ ကျည်ဆန်များတွေ့ရှိ

ဝမ်းတွင်း နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက် ဝမ်းတွင်းဈေး အရှေ့ဘက် ရန်ကုန်- မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၅၇/၇)အနီး မြောင်းဘေးတွင် နိုဝင်ဘာ ၃ ရက် ၁၁ နာရီ မိနစ် ၂၀ က ဝမ်းတွင်းမြို့ အမှတ်(၁) အောင်မင်္ဂလာရပ်ကွက်နေ မောင်စန်းနိုင် (၁၃နှစ်) ပါလေးဦးတို့သည် ငါးဖမ်းနေစဉ် မြောင်းဘေး မြက်တောအတွင်းမှ ကျည်ဆန်များ တွေ့ရှိခဲ့သည်။**(ယာပုံ)**

အဆိုပါ ကျည်ဆန်များ တွေ့ရှိရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ခင်လှိုင်နှင့် ပူးပေါင်းအဖွဲ့များ သွားရောက်စစ်ဆေးခဲ့ရာ ပွိုင့်(၃၈)ပို့စပါယ်ရှယ် ခြောက်လုံးပြူး ကျည်အဟောင်း အတောင့် ၂၀၊ ပွိုင့် ၃၂ ပို့ စပါယ်ရှယ် ခြောက်လုံးပြူး ကျည်အဟောင်း အတောင့် ၅၀၊ Super-X22 long Rifle ကြေးထိပ်ဖူးပါ ကျည်ဆန် ၂၇ တောင့်၊Super-X22 long Rifle ခဲထိပ်ဖူးပါ အတောင့် ၅၀ စုစုပေါင်း ကျည်ဆန် ၁၄၇ တောင့်ကို စစ်ဆေးတွေ့ရှိခဲ့ပြီး ယင်းကျည်ဆန်များကို နယ်မြေခံ တပ်သို့ လွှဲပြောင်းပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **ဌေးလှိုင်(ဝမ်းတွင်း)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်ပွား

နေပြည်တော် နိုဝင်ဘာ ၃

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် နိုဝင်ဘာ ၃ ရက်က တစ်ရက်တည်း ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်ပွား၍ လူခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီ မိနစ် ၅၀ က ဗောဓိကုန်း အမြန်လမ်းပိုင်း၌ Canter ယာဉ်မှ Toyota Hiace ယာဉ်အား ဝင်တိုက်ခဲ့သဖြင့် Toyota Hiace ယာဉ်ပေါ်မှလေးဦးနှင့် Canter ယာဉ်ပေါ်မှနှစ်ဦး စုစုပေါင်း ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

အလားတူ ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ပေပင်လေးအမြန်လမ်းအပိုင်း မိုင်တိုင် ၂၆၇/၃နှင့် ၂၆၇/၄ အကြားတွင် ယာဉ်မောင်း ဥက္ကာကျော် မောင်းနှင်လာသော Lndcryuser ယာဉ်မှ မော်တော်ဆိုင်ကယ်အား ဝင်တိုက်မိခဲ့ကာ ဆိုင်ကယ် မောင်းနှင်သူမှာ ဒဏ်ရာရရှိသွားခဲ့ပြီး Lndcryuser ယာဉ်မှာ အနည်းငယ် ပျက်စီးသွားသည်။

ထို့အတူ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ဘောနီ အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် ၄၉/၂ အနီး ယာဉ်မောင်း စိုးကျော်သူ မောင်းနှင်လာသော Caldian ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါသူ ငါးဦးမှာ ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း။

ဖြစ်စဉ်များကြောင့် ဒဏ်ရာရရှိသူများအား အမြန်လမ်းရဲတပ်ဖွဲ့ပို့ ယာဉ်များနှင့် နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းများနှင့် အမြန်လမ်းပေါ်တွင် ဆိုင်ကယ်စီးနင်းခွင့်မရှိဘဲ စီးနင်းသူအား သက်ဆိုင်ရာက အမှုဖွင့် ရေးယူထားကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားဝင် စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်များဖမ်းမိ

နေပြည်တော် နိုဝင်ဘာ ၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင် ရွက်ခဲ့ပြီး နိုဝင်ဘာ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၁၂ စီး၊ သွင်းကုန် ၉၇၂ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ် မှုယာဉ် ပို့ကုန် ၃၇ စီး၊ သွင်းကုန် အစီး ၁၂၀ ကုန်စည်များ သယ်ယူပို့ဆောင် လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေး မှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်က မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၉၇ သန်းခန့်အား ဖမ်းဆီး ရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြား ဖမ်းဆီးမှု အနေဖြင့် နိုဝင်ဘာ ၂ ရက်တွင် မန္တလေးသို့ သွားရောက်မည့် ယာဉ်များအား မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းငါးမျိုး ၊ Cat Food နှင့် လိုင်စင်မဲ့ NISSAN X TRAIL Type ၊ Wagon တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၉၇ သန်း ခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး Cat Food နှင့် လိုင်စင်မဲ့ယာဉ်

ကျဲ ခုနစ်ကောင် ခိုးယူလာသူများအား အမှုဖွင့် အရေးယူထား

နေပြည်တော် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ် အမာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီခွဲက လူသုံးဦးမှ ကျဲထီးတစ်ကောင်၊ ကျဲမခြောက်ကောင် ဆွဲယူလာသည်ကို မသက်ာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။

ၔင်းတို့ သုံးဦးမှာ ဗျာပုံမြို့နယ်၊ ဘိုးထူးသောင်ကျေးရွာနေ စောမော်လီထူး၊ အမာမြို့နေ စောတာမူးနှင့် စောနေထူးတို့ဖြစ်ပြီး အဆိုပါ ကျဲ ခုနစ်ကောင်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် စောမော်လီထူးပါ သုံးဦးအား အမာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၃

မူးယစ်တပ်ဖွဲ့ရှ(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၃ နာရီက ဇားကန်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တာဝါတိုင်အနီး လမ်းမပေါ်တွင် အောင်လွင် မောင်းနှင်ပြီး မုန်လျှံန် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မုန်လျှံန်၏ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ သိမ်းဆည်းရမိခဲ့သဖြင့် မုန်လျှံန်(၄၄နှစ်) နှင့် အောင်လွင်(၄၁နှစ်)တို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့ရှ(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီခွဲက ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၄၉) ရပ်ကွက်တွင် ကျော်ဝင်းလှိုင် (ခ)ဖိုးကျော် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက် သံသုမာလမ်းတွင် ကျော်စွာမင်းဦး (ခ)ဂျပန်ကြီး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၅၅ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့ရှ(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် မကွေကျေးရွာအနီး ကလော-သာစည်ကားလမ်း မိုင်တိုင်အမှတ်(၅၉/၁)တွင် ကိုဖိုးကို(ခ)ဆွတ်ဗဟာသူး မောင်းနှင်ပြီး သားငယ်(ခ)စောပျံလွှား၊ မင်းကိုကိုဇော်(ခ) စောမိုက်ကယ်နှင့် မသက်ထား တို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၆၀တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

နွားများ တရားမဝင် သယ်ဆောင်လာသူများအား အမှုဖွင့်

နေပြည်တော် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ကြခင်းမြို့နယ် ဘက်ရဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီက သတင်းအရ ကြခင်းမြို့နယ် ကျောက်ပါးစပ်ကျေးရွာထိပ် လမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် ကိုင်းသာကျေးရွာမှတစ်ဆင့် ရခိုင်ပြည်နယ်ဘက်သို့ ကြံခင်းမြို့နယ် စက်ကွင်းကျေးရွာနေ ဌေးနိုင်ပါ ခုနစ်ဦးတို့မှ နွားထီ ၁၈ ကောင် သယ်ဆောင်လာသည်ကို တွေ့ရှိသဖြင့် စစ်မေးခဲ့ရာ အဆိုပါနွားများအား သယ်ဆောင်ခွင့်အထောက်အထား တစ်စုံတစ်ရာ ပါရှိခြင်းမရှိဘဲ တရားမဝင်သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဌေးနိုင်ပါ ခုနစ်ဦးအား ဘက်ရဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

နဝမတန်းကျောင်းသားတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံး

ထီးချိုင့် နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပျဉ်စုကျေးရွာတွင် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က မိုးကြိုးထိမှန်မှုကြောင့် နဝမတန်းကျောင်းသားတစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျဉ်စုကျေးရွာနေ အသက် (၁၅ နှစ်)အရွယ်ရှိ နဝမတန်းကျောင်းသား မောင်ရှင်းသန့်စိုးသည် ပျဉ်စုကျေးရွာရှိ ၎င်း၏လယ်ကွင်း၌ နွားစာရိတ်နေစဉ် မိုးကြိုးထိမှန် သေဆုံးကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ အလယ်တောတိုက်နယ်ရဲကင်းမှူး ရဲအုပ်ဗိုလ်ဗိုလ်ဟန်သွားရောက်၍ စစ်ဆေးမှုများပြုလုပ်ပြီး သေဆုံးသူ မောင်ရှင်းသန့်စိုးအား ထီးချိုင့်ပြည်သူ့ဆေးရုံသို့ ပို့အပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်ခဲ (ပြန်/ ဆက်)

ဘိန်းဖြူ ရှစ်ဂရမ်နှင့်အတူ မူးယစ်ဆေးဝါးရောင်းဝယ်သူ သုံးဦး ဖမ်းဆီးရမိ

ပင်လည်ဘူး နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် သစ်ဖြူကျင်းကျေးရွာအနီးမှ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်သူများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်း နိုဝင်ဘာ ၃ ရက် နံနက် ၃ နာရီခွဲက မိချောင်းအင်း ရဲကင်းစခန်းမှ ဒုရဲအုပ်ကျော်ဇင်သက်နှင့်တပ်ဖွဲ့ဝင်များသည် သစ်ဖြူကျင်းကျေးရွာအနီးလမ်းမကြီး၌ လမ်းလျှောက်လာသူ မောင်ဝင်းနှင့် အောင်ကျော်ဌေးတို့ နှစ်ဦးအား မသက်ာ၍ ရုပ်တန့်စစ်ဆေးရာ ၎င်းတို့နှစ်ဦးထံမှ ဘိန်းဖြူရှစ်ဂရမ် သိမ်းဆည်းရမိခဲ့သည်။

၎င်းအား စစ်ဆေးရာ အဆိုပါဘိန်းဖြူများကို ပင်လောင်းကျေးရွာနေ ဝင်းသိန်းဆိုသူထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ပင်လည်ဘူးမြို့နယ် ဝါးယူးသာကျေးရွာနေ မောင်ဝင်း၊ အောင်ကျော်ဌေးနှင့် ပင်လည်ဘူးမြို့နယ် ပင်လောင်းကျေးရွာနေ ဝင်းသိန်းတို့သုံးဦးအား ချောင်းနားရဲကင်းစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

အပြည်ပြည်ဆိုင်ရာ ဇီဝကမ္မဗေဒ ဉာဏ်စမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၃

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ University of Malaya တွင် နိုဝင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပမည့် International Dental Physiology Quiz 2017 (အပြည်ပြည်ဆိုင်ရာ ဇီဝကမ္မဗေဒ ဉာဏ်စမ်းပြိုင်ပွဲ) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်- ရန်ကုန်မှ ကျောင်းသား ကျောင်းသူ လေးဦးတို့သည် အုပ်ချုပ်သူ ဆရာတစ်ဦး လိုက်ပါ၍ နိုဝင်ဘာ ၃ ရက် နံနက်က လေကြောင်းခရီးစဉ်ဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သိရသည်။ **မြန်မာ့အလင်း**

ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်မှ အဲဗာတန်တို့ထွက်ခွာ

ယူအီးအက်ဖ်အေယူရိုပါလိဂ်အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (E)မှ ပြင်သစ်ကလပ် လိုင်ယွန်နှင့် အင်္ဂလန်ကလပ် အဲဗာတန်ပွဲစဉ်တွင် လိုင်ယွန်အသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အုပ်စုပွဲစဉ် ၄ ယှဉ်ပြိုင်ရာတွင် လိုင်ယွန်နှင့် အဲဗာတန် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာကြသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်း နိုင်ခဲ့ဘဲ ဒုတိယပိုင်းပွဲချိန် ၆၈ မိနစ်တွင် ထရာအိုရေးက လိုင်ယွန်အတွက် အဖွင့်ဂိုးကို သွင်းယူခဲ့ပြီး ၇၆ မိနစ်တွင် ဟောက်ဆမ်အူအာက ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲချိန်မိနစ် ၈၀ တွင် အဲဗာတန် ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်း နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံရပြီး လိုင်ယွန်အတွက် တတိယမြောက်ဂိုးကို ဒီပေးက ပွဲချိန် ၈၈ မိနစ်တွင် သွင်းယူခဲ့သည်။

ပွဲစဉ် ၄ အပြီးတွင် လိုင်ယွန်သည် အတ္တလန္တာနှင့် ရမှတ် ရှစ်မှတ်တူညီနေပြီး ဂိုးကွာခြားချက်ဖြင့် အဆင့် ၂ တွင် ရပ်တည်နေသည်။ အပိုလွန် လီမာဆိုးမှာ ရမှတ် သုံးမှတ်ဖြင့် အဆင့် ၃ တွင် ရပ်တည်နေခဲ့ပြီး အဲဗာတန်မှာ တစ်မှတ်သာ ရရှိထားသည်။ အဲဗာတန်သည် ယူရိုပါလိဂ်မှ နှုတ်ဆက်ထွက်ခွာရတော့မည်ဖြစ်သလို ပြည်တွင်း ပရီမီယာလိဂ်တွင်လည်း ရလဒ်ဆိုးများရရှိနေပြီး အဆင့် ၁၈ တန်းဆင်းဇုန်ထဲတွင် ရပ်တည်နေသည်။ **သီဟ**

မဒေါက်မီးမျှောပွဲ၌ ရိုးရာအားကစားပြိုင်ပွဲများဖြင့် စည်ကားလျက်ရှိ

မဒေါက် နိုဝင်ဘာ ၃

နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ၄၅ နှစ်တိုင်ခဲ့ပြီ ဖြစ်သော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၏ တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ (တန်ဆောင်မုန်းလပြည့်နေ့) နံနက်ပိုင်းက ပွဲတော်အထိမ်းအမှတ် မှခ်ဦးရှေ့၌ ကျင်းပခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသောပွဲတော်လာညေ့်ပရိသတ်များဖြင့် စည်ကားလျက် ရှိသလို အခြားသောညေ့်ပရိသတ်များကလည်း တဖွဲဖွဲလာရောက်လျက်ရှိသည်။

နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိသော မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာအားကစားပွဲများကို ထည့်သွင်း ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ဒေသရိုးရာ လောင်းလှေငါးတက်ပြိုင်ပွဲ၌ (**အပေါ်ပုံ**) မဒေါက်မြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ ပြိုင်ပွဲဝင် အသင်း ၁၀သင်းတို့က အားကြိုးမာန်တက်ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲကို ကျင်းပရာ ရွှေတံဆိပ်ဆုရ မန္တလေးမှ သန္တာကျော်၊ နွေးနွေးကျော်၊ ဆီးဂိမ်းလက်ရွေးစင် ဉာဏ်လင်းထက် (ရန်ကုန်)တို့က တစ်ကိုယ်တော် ခြင်းလုံးကျွမ်းကျင်မှုတို့ကို သရုပ်ပြကစားကာ ပြိုင်ပွဲကို ဖွင့်လှစ် ပေးခဲ့ကြပြီး အခြားသော ခြင်းအလှခတ်အသင်းများက တစ်တပ်တစ်အား ပါဝင်ကူညီ ခတ်ကစားခဲ့ကြသည်။

ထို့ပြင် မီးမျှောပွဲအထိမ်းအမှတ် မှခ်ဦးမှသည် ပွဲခင်း တစ်လျှောက်အတွင်း ဈေးရောင်းချသူများ၊ ပွဲတော်လာရောက်ဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် နိုဝင်ဘာ ၄ ရက်တွင် ရေပွဲတော်အခမ်းအနားဖွင့်လှစ်ခြင်း၊ တက်ခုတ်တက်ပုံ့ယိမ်း အကအလှများ ယှဉ်ပြိုင်ခြင်း၊ ရှင်ဥပဂုတ္တ ရဟန္တာ မထေရ်မြတ်ကြီးအား ဆီမီး ၃၀၀၀၀ ဖြင့် စစ်တောင်းမြစ်အတွင်း မီးမျှော ပူဇော်ခြင်းများ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

သတင်း-ကိုကိုနေ
ဓာတ်ပုံ- ပိန်းဇလုပ်သိန်းညွန့်

KBZ Bank Women's League ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း ဒုတိယနေရာရရှိ

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank က အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၄) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက YREO အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဒုတိယနေရာ ရရှိခဲ့သည်။

သစ္စာအားမာန်အသင်းသည် ဦးဆောင်ဂိုးပေးလိုက်ရသော်လည်း ဂိုးများပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို နီလာဝင်း တစ်ဦးတည်းက ဟက်ထရစ်သွင်းယူခဲ့ပြီး YREO အသင်းအတွက် ဦးဆောင်ဂိုးကို မြတ်နိုးခင်က သွင်းယူခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲကုန် ၁၄ ပွဲကစားအပြီး ၂၈ မှတ်ဖြင့် ဒုတိယနေရာရခဲ့ခြင်းဖြစ်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန အသင်းသည် တတိယနေရာရခဲ့သည်။ နောက်ဆုံးပွဲအဖြစ် ယနေ့ညနေပိုင်းတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ချန်ပီယံ မြဝတီအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမဆုရအသင်းအား ငွေကျပ် သိန်း ၁၅၀၊ ဒုတိယဆုရအသင်းအား ငွေကျပ် သိန်း ၁၀၀၊ တတိယဆုရအသင်းအား ငွေကျပ် သိန်း၅၀ ချီးမြှင့်မည်ဖြစ်သည်။ နောက်ဆုံးပွဲမတိုင်မီ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ဟဲလေး၊ ရဲလေး၊ အိမ့်ချစ်၊ စန္ဒီမြင့်လွင်၊ နင်ဇီမေ၊ ပိုးမီ စသည့် တေးသံရှင်များက သီဆိုဖျော်ဖြေမည်ဖြစ်သည်။ ထို့ပြင် လာရောက်ကြည့်ရှုအားပေးမည့် ပရိသတ်များအတွက် ကံစမ်းမဲအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ပထမဆုံးလာရောက်သည့် ပရိသတ် ၁၀၀၀ အတွက် Mi TV တစ်ဆု၊ 4TV Receiver နှစ်ဆုနှင့် Moltan ဘောလုံးနှစ်လုံး မဲဖောက်ပေးမည်ဖြစ်သည်။ မြန်မာဘောလုံးပရိသတ်များအနေဖြင့် အခမဲ့လာရောက်အားပေးနိုင်မည်ဖြစ်သည်။

ရဲရင့်ရှိုင်း

အုပ်စု A		
မက္ကာဘီတဲလ်အဗစ်	၀-၁	အက်စ်တာနာ
ပရာဂူး	၀-၂	ဗီလာရီးရဲ
အုပ်စု B		
ပါတီဇန်	၂-၀	စကန်ဒါဘူး
ယန်းဘွိုင်းစ်	၀-၁	ဒိုင်နမိုကိဗ်
အုပ်စု C		
လူဂိုဒိုရက်စ်	၁-၁	ဘာရာဂါ
အစ္စတန်ဘူလ်	၁-၁	ဟော်ဖန်ဟိမ်း
အုပ်စု D		
AEK အေသင်	၀-၀	အေစီမီလန်
ရီဂျက်ကာ	၁-၄	ဝီအန်
အုပ်စု E		
အပိုလွန်လီမာဆိုး	၁-၁	အတ္တလန္တာ
အုပ်စု F		
လိုကိုမိုးတစ်မော်စကို	၁-၂	ရှာရစ်ဖ်
ကိုပင်ဟေဂင်	၃-၀	ဇက်လင်း
အုပ်စု G		
FC FCSB	၁-၁	ဟာပိုးလ်ဘီယာရှီဗာ
ပါလ်ဇန်	၄-၁	လူဂါနို
အုပ်စု H		
အာဆင်နယ်	၀-၀	ဇက်ဗက်ဇ်ဒါ
ကိုလုံး	၅-၂	BATE
အုပ်စု I		
ဂူမာရေစ်	၁-၀	မာဆေး
ဆာလ်ဘတ်	၀-၀	ကွန်ရက်စ်ပေါ်
အုပ်စု J		
ဘီလ်ဘာအို	၁-၀	အော့စ်တာဆန့်
ဟာသာဘာလင်	၂-၀	ဇော်ရာ
အုပ်စု K		
လာဇီယို	၁-၀	နိုက်စ်
ဗီတက်ဆီ	၀-၂	ဇက်တီဝါရီဂမ်
အုပ်စု L		
ရိုစင်ဘော့	၁-၁	ဇင်းနစ်
ဆိုစီဒက်	၃-၀	ဗာဒါစကော့ဂျီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1301 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/1226, Toyota Caldina ST 210 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ကိုကိုဦး ၉/ပဉလ(နိုင်) ၀၂၀၀၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၈၄၈၂ Toyota Estima MCR 30 Mini Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာကျော် ၉/ မကန(နိုင်)၀၇၆၅၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/4533 , Nissan AD VAY 12 Station Wagon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထွေး ၉/မဟမ(နိုင်)၀၀၉၇၁၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်သပြေလမ်း၊ တိုက်အမှတ် (၂၉)၊ အခန်း (၁၀၂)၊ မင်္ဂလာမြို့တော်အိမ်ယာစီမံကိန်းတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဌေးမြင့် (ယုဇနဆောက်လုပ်ရေးအဖွဲ့) ထံမှ ဒေါ်ကျန်ရှောက်ကျိန်း (၁၃/ဟပတ (နိုင်) ၀၀၈၄၈၃) နှင့် ဒေါ်ရှောက်ဟွေ (၁၃/လရန (နိုင်) ၀၅၁၁၉၉)တို့မှ (၂၆-၆-၂၀၀၁) ရက်စွဲပါ "အိမ်ခန်းအရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါတိုက်ခန်းကို ရောင်းချသူ ဒေါ်ရှောက်ဟွေ (၁၃/လရန (နိုင်) ၀၅၁၁၉၉)မှ တစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန် ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ချိုချိုဝင်း LL.B., DBL (စဉ်–၆၉၁၂)
(တရားလွှတ်တော်ရှေ့နေ)
အမှတ် (၅၀)၊ အခန်း (A-၂၀)၊ ပထပ်၊ ဘဏ်လမ်းကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၄၅၁၃၂

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ နတ်မောက်လမ်း၊အမှတ်(၁၁၇/စီ ၂)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂စီ၊ မြေကွက်အမှတ်-၁၁၇စီ/၂၊ ဦးထွန်းလွင် ၁၂/ပဘတ(နိုင်)၀၁၉၈၄၉ အမည်ပေါက် မြေအမျိုးအစား-ဂရန်ရှိမြေ ပိုင်မြေဖြစ်ပါသည်။ဦးထွန်းလွင်(ခ)Tony Chai သည် Passport No.MA 138148 ကိုင်ဆောင်ပြီး ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဘမ်ရွန်ဂရက်ဆေးရုံ၌ (၁၅-၆-၂၀၁၇)ရက်တွင် ကွယ်လွန်ကြောင်းနှင့် ရုပ်အလောင်းသယ်ယူခွင့်ပြုသည့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ (၁၅-၆-၂၀၁၇)ရက်ခွင့်ပြုစာအမှတ်-14474/OA/2017 နှင့် ရုပ်အလောင်းကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ရေဝေး ဖူးကျင့်သုသာန်၌ (၁၆-၆-၂၀၁၇)ရက်တွင် မြှုပ်နှံသင်္ဂြိုဟ်ကြောင်း သင်္ချိုင်းလက်မှတ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ မြေအမည်ပေါက်စာချုပ်နှင့်အတူ ဇနီးဖြစ်သူ ဒေါ်ဆွေဆွေဦး(ခ)ဒေါ်မောလီစိန်ကွိုင်မှ ၄င်းသာလျှင်တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်း၊ ဦးထွန်းလွင်၏ နိုင်ငံကူးလက်မှတ်(MA 138148)မိတ္တူတို့ကိုတင်ပြ၍ ဒေါ်ဆွေဆွေဦး(ခ)ဒေါ်မော်လီစိန်ကွိုင် ၆/မအရ(နိုင်)၀၃၂၆၄၆မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တိုးချဲ့ကွက်သစ်(အောင်မြေသာ)ရပ်ကွက်၊ (၂)လမ်း၊ အကွက်အမှတ် (က)၊ မြေကွက်အမှတ် (က/၆)၊ ဧရိယာ (၁၀၀ပေ×၀၀ပေ)ရှိ ပါမစ်မြေ မြေအမျိုးအစားမြေကွက်နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခြင်း။

အထက်ဖော်ပြပါမြေကွက်နှင့်၎င်း၏ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စိစိမြင့်(၉/ညဥန(နိုင်)၀၀ရ၁၁၈၊ NYU - ၀၁၈၅၁၄)မှ ညောင်ဦးမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာနတွင် မိမိ၏အမည်ပေါက်ကြောင်း၊ မိမိမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အပေါင်အနှံအရှုပ်အထွေးကင်းရှင်းကြောင်းဝန်ခံပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ဒေါ်စိစိမြင့် (ရောင်းချသူ)ထံ ကျွန်ုပ်၏မိတ်ဆွေမှ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုလုပ်ခြင်းကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ယနေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိတရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်မျိုးသဲမေ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၄၀၇)
၀၉-၄၂၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုန်းလမ်း၊ အမှတ်(၁၀၁/၈)နေ ဦးမောင်မောင်လေး၏သမီးဖြစ်သူ ဒေါ်ဆောင်းဦးမြိုင် ၁၂/တမန(နိုင်)၀၉၇၄၉၁သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ လူနေရပ်ကွက်အမှတ်(၃၅)၊ အောင်သပြေလမ်း၊ အမှတ်(၉၇)ဟု ခေါ်တွင်သော ဒေါ်ဝင့်သီရိအမည်ပေါက်(အလျား ပေ၄၀× အနံ ပေ၆၀) နှစ်(၆၀) မြေငှားဂရန်မြေကွက်၏ (ခြေရင်းခြမ်း)(အလျား ပေ၂၀× အနံ ပေ၆၀) အမှတ် (၉၈)နှင့် ကပ်လျက် မြေကွက်အား ဒေါ်သန္တာ ၁၂/ဒဂမ(နိုင်) ၀၁၁ ၉၆၂ (ဘ)ဦးနေဝင်း အမှတ် (၃၅/၊၃၃၈-က)၊ငွေပုလဲလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။သို့ပါ၍ မည်သူမဆို စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဆောင်းဦးမြိုင်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိစန္ဒာ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၈၇၁၁)
လိုင်း(၇)၊ အခန်း(၃)၊ စိန်ပန်းမြိုင်ရဲရိပ်သာ ကျောက်ရေတွင်း၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၂၅)၊ ငါးလွှာ (ခြေရင်းခန်း)တွင်ရှိသော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ပိုင်ရှင်ဖြစ်သူ ဦးဝင်းမျိုးထွန်း ၁၄/ဟသတ(နိုင်)၀၀၀၄၆၅ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ယင်းတိုက်ခန်း အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဖော်ပြပါတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကိုကိုအောင်
အမှတ်(၃၂)၊ ပုလဲကျွန်းလမ်း၊
၁၈(A)ရပ်ကွက်၊ တ/ဒဂုံ
ဖုန်း-၀၉-၅၀၆၇၂၈၃

အကြမ်းဖက်မှု ထောက်ပံ့ပေးနေသည့် စာရင်းတွင် မြောက်ကိုရီးယားနိုင်ငံအား ထည့်သွင်းရန် အမေရိကန် စဉ်းစား

ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန်နိုင်ငံ သမ္မတ အိမ်ဖြူတော်က အကြမ်းဖက်မှုများ ထောက်ပံ့ပေးနေသော နိုင်ငံ စာရင်းတွင် မြောက်ကိုရီးယားနိုင်ငံကို ပြန်လည် ထည့်သွင်းသွားရန် စဉ်းစားနေကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

အဆိုပါ စာရင်းသွင်းမည့် ကိစ္စသည် စဉ်းစားနေသော အခြေအနေသာ ရှိသေးပြီး ယင်း ဆုံးဖြတ်ချက်သည် မြောက်ကိုရီးယားနိုင်ငံအပေါ် ထားရှိသော အမေရိကန် နိုင်ငံ၏ မဟာဗျူဟာ အစိတ်အပိုင်းတစ်ခု ဖြစ်လာနိုင်သည်ဟု အမေရိကန်နိုင်ငံ အမျိုးသား လုံခြုံရေး အကြံပေး အိတ်ချ်အာရ် အမ်စီမာစတာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အမေရိကန် သမ္မတ ဒေါ်နယ် ထရန့်၏ အာရှ ငါးနိုင်ငံခရီးစဉ်၏ အဓိကရည်ရွယ်ချက်များထဲမှ တစ်ခုသည် ကိုရီးယားကျွန်းဆွယ်အတွင်း နျူကလီးယား ကင်းစင်ရေးအတွက် နိုင်ငံတကာမှ ကြိုးပမ်းအားထုတ်မှုများ ပိုမို အားကောင်းလာစေရန်ဖြစ်သည်ဟု အမ်စီမာစတာက ပြောကြားခဲ့သည်။

ယခင်က မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ နျူကလီးယား လုပ်ဆောင်မှုကို လျှော့ချခဲ့သည့်အတွက် အမေရိကန် သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်က အကြမ်းဖက်မှု ထောက်ပံ့ပေးနေသည့် နိုင်ငံများစာရင်းမှ မြောက်ကိုရီးယား နိုင်ငံအား ၂၀၀၈ ခုနှစ်က ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

အမေရိကန်လေတပ်မှ B-1B ဗုံးကြဲလေယာဉ်များ ကိုရီးယား ကျွန်းဆွယ်ပေါ် ပျံသန်း

ပြုယမ်း နိုဝင်ဘာ ၃

အမေရိကန်လေတပ်မှ B-1B မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်သည် ဒေသအတွင်း တင်းမာမှုများ ဖြစ်ပွားလျက်ရှိသည့် ကိုရီးယား ကျွန်းဆွယ်အပေါ်သို့ ဖြတ်ကျော် ပျံသန်းခဲ့ခြင်းကြောင့် မြောက်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံအား ပြစ်တင် ပြောကြားလိုက်သည်။

အမေရိကန်လေတပ် B-1B မဟာဗျူဟာမြောက် နျူကလီးယား ဗုံးကြဲလေယာဉ် အုပ်စုသည် ဂူအမ်ကျွန်း အနဒါဆင် လေတပ် အခြေစိုက်စခန်းမှ တောင်ကိုရီးယားနိုင်ငံသို့ ပျံသန်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ ပျံသန်းမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အဓိကပစ်မှတ်များကို နျူကလီးယား ဗုံးကြဲချရန်အတွက် အစမ်းလေ့ကျင့် ပျံသန်းမှု တစ်ခုဖြစ်သည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေ သတင်းဌာနက သတင်းတွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ နှစ်နိုင်ငံရေတပ် ပူးတွဲလေ့ကျင့်ရေး အစီအစဉ်များ ပြီးသည့်နောက်ပိုင်းတွင် အမေရိကန်ရေတပ် လေယာဉ်တင်သင်္ဘော ရော်နယ်ရေဂင်သည် ကိုရီးယားကျွန်းဆွယ် ပင်လယ်အတွင်း လှည့်လည် သွားလာနေဆဲ ဖြစ်သည်ဟု ယင်းသတင်းဌာနက ဆိုသည်။

ထို့ပြင် အမေရိကန်နိုင်ငံ အမှတ် (၇) ရေတပ်အုပ်စုနှင့်အတူ အခြားလေယာဉ်တင် သင်္ဘောနှစ်စင်းဖြစ်သည့် သီအိုဒိုရုစဗဲနှင့် နီမစ်တ် သင်္ဘောနှစ်စင်းတို့သည် ကင်းလှည့်မှု အစီအစဉ်များတွင် ပါဝင်လုပ်ဆောင်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ကိုရီးယားကျွန်းဆွယ်အပေါ် ရန်လိုမှုများရှိနေပြီး နျူကလီးယားစစ်ပွဲများ ဆင်နွှဲရန်အတွက် ဦးတည်၍ ထင်ထင်ရှားရှား လုပ်ဆောင်နေခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေ သတင်းဌာနက ဆိုသည်။

ဆင်ဟွာ

မန်ဟက်တန်တိုက်ခိုက်မှုကို အိုင်အက်စ် စစ်သွေးကြွအဖွဲ့ လုပ်ဆောင်ခဲ့

နယူးယောက် နိုဝင်ဘာ ၃

နယူးယောက်မြို့တော်၌ ထရပ်ကားဖြင့် တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သူမှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်ဖြစ်ကြောင်း သိရသည်။ စစ်သွေးကြွအဖွဲ့သည် ၎င်းတို့ ပုံနှိပ်ထုတ်ဝေသည့် အယ်လ်နာဘာ သတင်းစာတွင် တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သူမှာ ၎င်းတို့၏ အဖွဲ့သားဖြစ်သည်ဟု ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ရေးသားဖော်ပြချက်၌ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့တွင် ပိုမိုဖြစ်ပွားလာနေသည့် အကြမ်းဖက်မှုများသည် အိုင်အက်စ်စစ်သွေးကြွအုပ်စုများအား တိုက်ခိုက်နေသည့် အမေရိကန်ဦးဆောင် မဟာမိတ်အဖွဲ့များကို ပြန်လည် တုံ့ပြန် တိုက်ခိုက်မှုများပင်ဖြစ်ကြောင်း ဖော်ပြခဲ့သည်ဟု သိရသည်။

မန်ဟက်တန်၌ဖြစ်ပွားခဲ့သည့် ထရပ်ကားဖြင့် မောင်းဝင်တိုက်ခိုက်မှုတွင် လူရှစ်ဦးသေဆုံးကာ ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဖက်ဒရယ်ရှေ့နေများက အသက် ၂၉ နှစ်ရှိ ရှေ့ပြောင်းသွားလာသူ စေဖူလို စိုင်ပေါ်ဝ်ကို အကြမ်းဖက်မှုဖြင့် အမှုဖွင့် အရေးယူရန် လုပ်ဆောင်လျက်ရှိသည်။

ရှေ့နေများ၏ ပြောပြချက်အရ စိုင်ပေါ်ဝ်သည် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့၏ ဗီဒီယိုဖိုင်ဖြင့် လှုံ့ဆော်ခြင်းခံခဲ့ရပြီး တိုက်ခိုက်ရန် ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

ဆီးရီးယားနိုင်ငံတောင်ပိုင်းတွင် နျူဆရာတပ်ဦးအဖွဲ့၏ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ကိုးဦးသေဆုံး

ဘေရွတ် နိုဝင်ဘာ ၃

နျူဆရာတပ်ဦးအဖွဲ့၏ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဆီးရီးယားအနောက်တောင်ပိုင်း ကူနီထရာဇရိယာရှိ အစိုးရအဖွဲ့က ထိန်းချုပ်ထားသည့် ကျေးရွာတစ်ရွာတွင် လူကိုးဦးသေဆုံးပြီး ၂၃ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် သတင်းမီဒီယာက သောကြာနေ့တွင် ဖော်ပြခဲ့သည်။

အစ္စရေးတို့ ထိန်းချုပ်ထားသည့် ဂိုလန်တောင်ကုန်းဒေသနှင့် နီးကပ်သည့် ဟက်ဟာတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ဒုံးကျည်နှင့် သေနတ်ပစ်ခတ်မှုများ ဝင်ရောက်လာခဲ့ကြောင်း သတင်းဖော်ပြထားသည်။ သေဆုံးသူအရေအတွက်မှာ ပိုမို မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

ဆီးရီးယား လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က အဆိုပါ ဇရိယာအတွင်း ဆီးရီးယားတပ်မတော်နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားလျက်ရှိကြောင်း ပြောကြားခဲ့သည်။ နျူဆရာတပ်ဦးအဖွဲ့ဟု ခေါ်ဆိုခဲ့ကြသည့် အဆိုပါအုပ်စုသည် အယ်ခိုင်ဒါအဖွဲ့နှင့် ဆက်ဆံရေး ဖြတ်တောက်လိုက်ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီလက အဖွဲ့အမည်ကို တက်ရာအယ်လ်ရှမ်ဟု အမည်သစ် ပေးအပ်ခဲ့သည်။

ရိုက်တာ

ဗဟိုဘဏ် အကြီးအကဲ ပြောင်းလဲမှုနှင့်အတူ ဒေါ်လာဈေးနှုန်းများ မြင့်တက်

ဝါရှင်တန် နိုဝင်ဘာ ၃

ဗဟိုဘဏ် ဥက္ကဋ္ဌကို ဂျဲနက်ယဲလ်လန်အစား ဂျရိုမီ ပေါလ်ဝဲလ်အား အစားထိုး ပြောင်းလဲ ခန့်အပ်လိုက်ချိန်တွင် အမေရိကန်နိုင်ငံ၏ ဒေါ်လာဈေးနှုန်းများမှာ ဗဟိုဘဏ် အတိုးနှုန်း ပြောင်းလဲခြင်း မရှိသည့်အတွက် ဆက်လက် မြင့်တက်လာနိုင်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသည် မုန်တိုင်းဒဏ် ခံခဲ့ရသော်လည်း အလုပ်သမား ဈေးကွက်မှာမူ အားကောင်းဆဲရှိကြောင်း၊ ထို့အတူ စီးပွားရေး လုပ်ဆောင်ချက်များတွင်လည်း ခိုင်မာသော တိုးတက်မှုနှုန်းများရှိကြောင်း ဗဟိုဘဏ်မူဝါဒရေးရာ အစည်းအဝေးပြီးနောက် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ၏ ပုဂ္ဂလိက အလုပ်အကိုင် ကဏ္ဍသည် လွန်ခဲ့သော စက်တင်ဘာလမှ အောက်တိုဘာလအထိ အလုပ်အကိုင် ပမာဏ ၂၃၅၀၀၀ ခန့် တိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေးတွင်လည်း တိုးတက်လာသည်ဟု ယူဆကြောင်း မကြာသေးမီက ထုတ်ပြန်သော အမျိုးသား အလုပ်အကိုင် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ဒေါ်လာမှာ အခြား အဓိက နိုင်ငံတကာ ငွေကြေးများနှင့် လဲလှယ်ရာတွင် ဝ ဒသမ ၂၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံ နယူးယောက် ငွေကြေး လဲလှယ်ရောင်းဝယ်ရေး စင်တာများတွင် ယူရိုနှင့် စတာလင်ပေါင် ဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း ဩစတြေးလျ ဒေါ်လာမှာ ဈေးတက်ခဲ့ကြောင်း သိရသည်။

ရိုက်တာ၊ ဆင်ဟွာ

အီရန်ရဲ့ နျူကလီးယား အစီအစဉ်ကို အမေရိကန် ဘယ်လိုတားမလဲ

အမေရိကန်သမ္မတ ဒေါနယ်ထရန့်ဟာ အီရန်မူဝါဒနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ပြောင်းလဲမှုနှစ်ခုကို ကြေညာခဲ့ပါတယ်။ ပထမတစ်ခုကတော့ အီရန်နျူကလီးယား သဘောတူညီချက်ရဲ့ အားနည်းချက်ကို ပြောဖို့နဲ့ ဒုတိယတစ်ခုကတော့ အရှေ့အလယ်ပိုင်းတစ်ခွင် အီရန်တို့ရဲ့ တက်ကြွတဲ့ နျူကလီးယားအစီအစဉ်ကို တုံ့ပြန်ဖို့ အတွက် ပြီးပြည့်စုံတဲ့ မဟာဗျူဟာတစ်ခု ပေါ်ထွက်လာဖို့ပဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တားဆီးပိတ်ဆို့မှုတွေကို ပိုမိုပြုလုပ်ခြင်းဟာလည်း ဒီရည်မှန်းချက်တွေကို ပြီးမြောက်အောင် အပြည့်အဝ အကောင်အထည်ဖော်လာနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း တားဆီးပိတ်ဆို့မှုတွေ မလုပ်ဘူးဆိုရင်လည်း ဒီထက်ပိုဆိုးလာဖို့ပဲ ရှိပါတယ်။

ဒါကြောင့် နျူကလီးယားသဘောတူညီချက်လို့ လူသိများတဲ့၊ ပြည့်စုံကျယ်ပြန့်တဲ့ ပူးတွဲလုပ်ဆောင်ချက်အစီအစဉ်ကို ထိန်းကျောင်းဖို့ အတွက် အမေရိကန်သမ္မတ ဒေါနယ်ထရန့်ရဲ့ ရည်မှန်းချက်နှစ်ခုနဲ့ အီရန်ဒေသတွင်း မတည်မငြိမ်ဖြစ်မှုတွေဟာ နီးနီးကပ်ကပ် ဆက်သွယ်တည်ရှိနေတယ်ဆိုတာ လေ့လာ သိရှိခဲ့ပါတယ်။

နျူကလီးယားအရေးမှာ အီရန်ရဲ့ပူးပေါင်းဆောင်ရွက်မှုကို ရဖို့ အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားဟာ အီရတ်နဲ့ ဆီးရီးယား နိုင်ငံထဲကို စစ်ရေးအရချဲ့ထွင်လာတဲ့ အီရန်ရဲ့ စစ်ရေးချဲ့ထွင်မှုတွေကို လျစ်လျူရှုခဲ့ပါတယ်။ အကျိုးရလဒ်ကတော့ အမေရိကန်ရဲ့စွမ်းဆောင်ချက်တွေဟာ ဒေသတွင်းမှာ မဟာဗျူဟာရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့ အင်အားတွေ ယုတ်လျော့လာခြင်းပဲ ဖြစ်ပါတယ်။

အရှေ့အလယ်ပိုင်းမှာ အဓိကအကျိုးစီးပွားကို ကာကွယ်ဖို့နဲ့ ပြစ်ချက်တွေများနေတဲ့ နျူကလီးယား သဘောတူညီချက်ဆိုင်ရာ ဆောင်ရွက်ချက်တွေမှာ တိုးတက်မှုတွေဖြစ်ပေါ်လာဖို့ဆိုရင် အမေရိကန်ပြည်ထောင်စုဟာ ပထမဆုံးအနေနဲ့ အီရန်နိုင်ငံရဲ့ရန်လိုမှုကြီးထွားလာခြင်းကို ရင်ဆိုင်ဖို့အတွက် အင်အားတစ်ခုတည်ဆောက်ဖို့ လိုပါတယ်။ ထို့နောက်မှာတော့ ဒေသတွင်းလွှမ်းမိုးမှုရှိအောင်လည်း လုပ်ဆောင်ဖို့ လိုပါတယ်။

အဲဒါတွေပြီးပြည့်စုံဖို့ဆိုတာ ညတွင်းချင်း အပြီးတည်ဆောက်လို့ရတာ မဟုတ်သလို အရေးယူပိတ်ဆို့မှုတွေနဲ့ အီရန်နျူကလီးယားစာချုပ်မှ နောက်ဆုတ်ထွက်ခွာသွားမယ်ဆိုတဲ့ ခြိမ်းခြောက်တဲ့နည်းတွေနဲ့လည်း သိပ်ပြီးတော့ အလုပ်ဖြစ်မယ် မထင်ပါဘူး။

အီရန်နျူကလီးယား သဘောတူစာချုပ်ကို ပြင်ဖို့ သို့မဟုတ် စွန့်လွှတ်ဖို့ မလုပ်ဆောင်ခင်မှာ မူဝါဒရေးဆွဲသူတွေဟာ ဖြစ်နိုင်သမျှ ဘက်ပေါင်းစုံနည်းဗျူဟာတွေကို အရင်ဆုံး ဖွံ့ဖြိုးအားကောင်းလာအောင်လုပ်ဖို့လိုပါတယ်။ အီရန်နိုင်ငံရဲ့ မတည်မငြိမ်ဖြစ်မှုအလားအလာတွေကို တန်ပြန် ဆောင်ရွက်မှုတွေပြုဖို့ ဖြစ်နိုင်တဲ့ နည်းတစ်ခုချင်းဆီကို အသုံးပြုသင့်ပါတယ်။

အမေရိကန် အမျိုးသားလုံခြုံရေးဆိုင်ရာ ဂျူးအင်စတီကျရှု အထူးအဖွဲ့က မကြာသေးမီကမှ အခြေခံသဘောတရားနှစ်ခုပါတဲ့ အဆိုပါ မဟာဗျူဟာနဲ့ပတ်သက်ပြီး အသေးစိတ်ဖော်ပြခဲ့ပါတယ်။

အဲဒါတွေကတော့ နံပါတ် ၁။ အီရန်ကို ဆန့်ကျင်တဲ့ အမေရိကန်စစ်အင်အားကို ပြန်လည် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။ အမေရိကန်အရာရှိတွေဟာ အမေရိကန် ပြည်ထောင်စုနဲ့ ၎င်းရဲ့ မဟာမိတ်တွေကို အီရန် နျူကလီးယားထိပ်ဖူး သယ်ဆောင်ပစ်လွှတ်နိုင်မယ့် ဒုံးကျည်ရန်မှ ကာကွယ်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ထားသင့်ပါတယ်။ အမေရိကန် ပြည်ထောင်စုဟာ အီရန် နျူကလီးယားထိပ်ဖူး သယ်ဆောင်ပစ်လွှတ်နိုင်မယ့် ဒုံးကျည်တွေကို ပြန်လည်ပစ်ချဖို့ ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်။ နောက်ဆုံးမှာတော့ အီရန်နျူကလီးယားထိပ်ဖူး သယ်ဆောင်ပစ်လွှတ်နိုင်မယ့် ဒုံးကျည်တွေကို ချေဖျက်နိုင်မယ့် ဒုံးခွင်းဒုံးစနစ်တွေကို ပါရှန်းပင်လယ်ကွေ့တစ်လျှောက် ဖြန့်ကြက်ထားဖို့ပဲ ဖြစ်ပါတယ်။

ထို့အတူ အမေရိကန်ပြည်ထောင်စုဟာ ဆီးရီးယားအတွက် အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွနှိမ်နင်းရေးနည်းဗျူဟာ ရှိသည်နဲ့အညီ မဟာမိတ်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအင်အားတွေရယူပြီး မြေပြင်အခြေအနေမှာ အိုင်အက်စ်တို့လက်ထဲမှ ပိုင်နက်နယ်မြေတွေ ပြန်လည် ရယူပေးဖို့ပဲဖြစ်ပါတယ်။

နံပါတ် ၂။ အမေရိကန်ပြည်ထောင်စုဟာ အီရန်ရဲ့ နျူကလီးယားရန်ကို ဆန့်ကျင်ကာကွယ်ဖို့ ဒေသတွင်းမဟာမိတ်တွေကို ဦးဆောင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အမေရိကန် ပြည်ထောင်စုအနေနဲ့ ဆော်ဒီအာရေဗျနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုတို့နဲ့ ပိုမိုပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့လိုပါတယ်။

အိုဘားမားလက်ထက် ဒုံးခွင်းဒုံး အကူအညီ ဆိုင်ရာ ဆောင်ရွက်ချက်များကို ဖယ်ရှားခြင်းအားဖြင့် အစ္စရေးကို ကာကွယ်ရေးဆိုင်ရာ အကူအညီပေးရေး နားလည်မှုစာချွန်လွှာနဲ့ ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါနယ်ထရန့်နဲ့ ကွန်ဂရက်တို့ဟာ တစ်နည်းနည်းနဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီ ကာကွယ်ရေးဆိုင်ရာ အကူအညီပေးရေး နားလည်မှုစာချွန်လွှာဟာ အစ္စရေး မြောက်ပိုင်းနယ်စပ်တွေမှာ အီရန်နဲ့ ဟစ်ဇ်ဘိုလာတို့ရဲ့ တည်ရှိကြီးထွားလာမှုနဲ့ လုပ်ဆောင်နိုင်စွမ်းတွေအပေါ် ဆန့်ကျင်မှုတွေပြုလုပ်နိုင်မယ့် အခြေခံမူဝါဒပဲ ဖြစ်ပါတယ်။

နျူကလီးယား သဘောတူစာချုပ်အောက်မှာ အီရန်နိုင်ငံရဲ့ စစ်ရေးဆိုင်ရာစွမ်းဆောင်မှုတွေ ကျယ်ပြန့်လာတာနဲ့အညီ အမေရိကန်ဟာလည်း ပင်လယ်ကွေ့ဒေသနဲ့ လေကြောင်းနဲ့ ရေကြောင်း ကာကွယ်မှုတွေကို ပူးပေါင်းဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။

ပြည့်စုံကျယ်ပြန့်တဲ့ ပူးတွဲလုပ်ဆောင်ချက် အစီအစဉ် တစ်နည်း နျူကလီးယားသဘောတူညီချက်ကို လက်ရှိပုံစံအတိုင်း လက်ခံဖို့ မဖြစ်နိုင်ဘဲ ပြုပြင်မှုတွေလုပ်ဆောင်ဖို့ အမေရိကန်သမ္မတဒေါနယ်ထရန့်ရဲ့လုပ်ဆောင်ချက်တွေဟာ မှန်ကန်လှပါတယ်။

သို့သော်လည်း အီရန်ဘက်က နျူကလီးယားကို နိုင်ငံတော်ကာကွယ်ရေး အတွက်ပြုလုပ်သည် ဟုဆိုကာ မကြာသေးမီက ပြောကြားခဲ့ပါတယ်။ အီရန်နိုင်ငံရဲ့ နျူကလီးယားအစီအစဉ်ကို အီရန်ဒုသမ္မတက ကြီးကြပ်လျက်ရှိကြောင်း သိရပါတယ်။ အကယ်၍သာ အီရန်နျူကလီးယားအစီအစဉ်ပေါ် ကန့်သတ်ချက်များကို ခွင့်ပြုလိုက်ခြင်းအားဖြင့် အီရန်နိုင်ငံအနေဖြင့် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်ပစ်လွှတ်နိုင်စွမ်း အစီအစဉ်၊ လက်နက်ဝယ်ယူခွင့်၊ စစ်ဘက်ဆိုင်ရာ ခေတ်မီနျူကလီးယားနိုင်ငံ တစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် အီရန်ကို တားဆီးပိတ်ဆို့မှုတွေ တိုးမြှင့်ပြုလုပ်ဖို့အရေး အမေရိကန်သမ္မတ ဒေါနယ်ထရန့်နဲ့ ကွန်ဂရက်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် ထောက်ခံရမှာဖြစ်ပါတယ်။ သို့သော်လည်း ဒါတင်ပဲလားဆိုရင်တော့ ဒဲ့ထက်တောင် ပိုလုပ်ရဦးမှာလို့ ပြောရမှာပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်ဆိုရမယ်ဆိုရင် အီရန် နျူကလီးယား အစီအစဉ်နဲ့ပတ်သက်ပြီး အီရန်အပေါ် အမေရိကန်နိုင်ငံ၏ချဉ်းကပ်မှုဟာ တကယ်တမ်း ပြောရမယ်ဆိုရင် အီရန်နိုင်ငံ၏ နျူကလီးယားလှုပ်ရှားမှုတွေကို ထိန်းချုပ်ဖို့ပဲဖြစ်ပြီး ထိုသို့ လုပ်ဆောင်ဖို့အတွက် အမေရိကန်နိုင်ငံဟာ အရှေ့အလယ်ပိုင်းရှိ မဟာမိတ်နိုင်ငံများနှင့် အတူပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ အီရန်နိုင်ငံကို စစ်ဘက်ဆိုင်ရာ ခေတ်မီနျူကလီးယားနိုင်ငံ တစ်နိုင်ငံဖြစ်လာမယ့်အရေးမှ ကာကွယ်နိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

တင်လင်းအောင်

“အရှေ့အလယ်ပိုင်းမှာ အဓိက အကျိုးစီးပွားကို ကာကွယ်ဖို့နဲ့ ပြစ်ချက်တွေများနေတဲ့ နျူကလီးယားသဘောတူညီချက်ဆိုင်ရာ ဆောင်ရွက်ချက်တွေမှာ တိုးတက်မှုတွေ ဖြစ်ပေါ်လာဖို့ဆိုရင် အမေရိကန်ပြည်ထောင်စုဟာ ပထမဆုံးအနေနဲ့ အီရန်နိုင်ငံရဲ့ ရန်လိုမှုကြီးထွားလာခြင်းကို ရင်ဆိုင်ဖို့အတွက် အင်အားတစ်ခု တည်ဆောက်ဖို့ လိုပါတယ်၊ ထို့နောက်မှာတော့ ဒေသတွင်း လွှမ်းမိုးမှုရှိအောင်လည်း လုပ်ဆောင်ဖို့လိုပါတယ်”

နိုင်ငံတကာ သတင်းတိုထွာ

အမေရိကန်သမ္မတ တရုတ်နိုင်ငံသို့ လာရောက် လည်ပတ်မည်

ပေကျင်း နိုဝင်ဘာ ၃

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားမှုကြောင့် အမေရိကန်သမ္မတ ဒေါနယ်ထရန့်သည် လာမည့် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လုခန်က ပြောသည်။

အမေရိကန်သမ္မတ ဒေါနယ်ထရန့်သည် ခရီးစဉ်၌ တရုတ်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာလာစေရန် နည်းလမ်းသစ်များဖော်ဆောင်နိုင်ရန်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်အတူ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အရေးကြီးသော ရလဒ်ကောင်းများ စွမ်းဆောင်နိုင်ရန်အတွက် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် အတူတကွ လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိကြောင်း လုခန်က ဆက်လက်ပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် တရုတ်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးအပြင် ကမ္ဘာ့အရေးအရာနှင့် ဒေသအတွင်း စိုးရိမ်ဖွယ်ရာ အရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်၍ နက်ရှိုင်းစွာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ ထရန်စဖော်မာတစ်လုံးပေါက်ကွဲရာ သေဆုံးသူ ၁၄ ဦးအထိရှိလာ

နယူးဒေလီ နိုဝင်ဘာ ၃

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျာစတန် ပြည်နယ်၌ မကြာသေးမီက ထရန်စဖော်မာတစ်လုံး ပေါက်ကွဲခဲ့ရာ သေဆုံးသူဦးရေ ၁၄ ဦးအထိရှိပြီး ခုနစ်ဦးအား ဆေးကုသပေးထားကြောင်း ဒေသခံအစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယင်းပေါက်ကွဲမှုသည် ရာဂျာစတန်ပြည်နယ် မြို့တော် ဂျိုင်ပေါမြို့အနီး ဆာပူရာမြို့ရှိ ခတ်လိုအီ ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းအရင်းကို တိကျစွာသိရှိခြင်း မရှိသေးကြောင်း သိရသည်။

မင်္ဂလာဆောင်ပွဲအတွက် အခင်းအကျင်းများနှင့် လိုအပ်သည်များကို နေအိမ်အတွင်း ပြင်ဆင်နေပြီး အပြင်ဘက်တွင် ဧည့်သည်များ နေရာယူနေစဉ် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲ အချိန်တွင် ထရန်စဖော်မာပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုကြောင့် လောင်စာဆီပူများ ဧည့်သည်များပေါ်သို့ လွှင့်စဉ်ကျ၍ အမျိုးသမီးအများစု မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဒေသခံတစ်ဦးဖြစ်သူက ပြောကြားခဲ့သည်။

ယင်းပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အစိုးရနှင့် လျှပ်စစ်ဌာနအပေါ် ဒေသခံများက ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

အိန္ဒိယ၌ မိကျောင်းတစ်ကောင် လူနေအိမ်ထဲသို့ ဝင်ရောက်

နယူးဒေလီ နိုဝင်ဘာ ၃ - အိန္ဒိယနိုင်ငံ အရှေ့ဘက်ပြည်နယ်ဖြစ်သော ဩဒိဿာ၌ မိကျောင်းတစ်ကောင်သည် လူနေအိမ်တစ်အိမ်ထဲဝင်ရောက်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက နိုဝင်ဘာ ၂ ရက်ကပြောခဲ့သည်။ အလေးချိန် ၅၀၀ ကီလိုဂရမ်နှင့် အလျား ၁၂ ပေရှိသည့်မိကျောင်းကို မာလ်ကမ်ဂီရီဒေသရှိ ဒါရုရာမက်ဒ်ကာမီနေအိမ်တွင်တွေ့ရှိခဲ့သည်။ အဆိုပါနေရာသည် အိန္ဒိယနိုင်ငံ အရှေ့ဘက်ပြည်နယ်ဖြစ်သော ဩဒိဿာမြို့တော် ဖူဘာနက်စ်ဝါ၏ အနောက်တောင်ဘက် ၆၅၀ ကီလိုမီတာအကွာခန့်တွင်တည်ရှိကြောင်းသိရသည်။

မိကျောင်းသည် မက်ဒ်ကာမီနေအိမ်အတွင်းသို့ ညပိုင်း၌ဝင်ရောက်ခြင်းဖြစ်နိုင်ကြောင်း၊ ၎င်းမှာ ထူးခြားသည့်အသံတစ်သံကြောင့် နံနက် ၃ နာရီလောက်တွင် အိပ်ရာမှ လန့်နိုးလာကြောင်း သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ အရာရှိတစ်ဦးကပြောခဲ့သည်။ မိကျောင်းတွေ့ရှိခဲ့မှုကြောင့် ကြောက်လန့်နေသော မက်ဒ်ကာမီ၊ ၎င်း၏ဇနီးနှင့် သမီးများက အကူအညီများအော်ဟစ်တောင်းခံခဲ့ရာ ရွာသားများ ချက်ချင်းရောက်ရှိလာခဲ့ကြောင်း၊ ရွာသားများက မိကျောင်းကို ဖမ်းဆီးပြီး သစ်ပင်တွင် ကြိုးချည်ထားခဲ့ကြောင်း၊ နောက်ပိုင်းတွင် ထိတ်လန့်နေသော ရွာသားများက မိကျောင်းကို သတ်ဖြတ်ရန် ဆုံးဖြတ်ခဲ့သော်လည်း တောရိုင်းတိရစ္ဆာန်အရာရှိများသို့ အကြောင်းကြားခဲ့သော ရွာသူကြီးက မသတ်ဖို့ တားမြစ်ခဲ့ကြောင်း သတင်းများတွင်ဆက်လက်ဖော်ပြထားသည်။

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအရာရှိများလည်း နောက်ပိုင်းတွင် ရောက်ရှိလာခဲ့ပြီး မိကျောင်းကို ဘာလီမီလာရေလှောင်ကန်သို့ လွှတ်ပေးခဲ့ကြောင်း၊ အရာရှိများ၏ အဆိုအရ မိကျောင်းမှာ ဆာတီဂူတာဆည်မှ လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

၃၉။ သတ်မှတ်ထုတ်ပေးသည့် လျော်ကြေးနှင့် နစ်နာကြေးတို့အပေါ် မြေဇရီယာနှင့် တန်ဖိုးသတ်မှတ်မှု၊ ထုတ်ယူထိုက်သူ သတ်မှတ်မှုနှင့်ခွဲဝေပေးသည့် အချိုးတို့အပေါ် ကျေနပ်မှုမရှိပါက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြေတွင် အကျိုးစီးပွားသက်ဆိုင်သူနှင့် ထိခိုက်နစ်နာသူ မိသားစုတို့သည် တရားရုံးသို့ လွှဲအပ်ပေးရန် တောင်းဆိုပိုင်ခွင့်နှင့် တရားရုံး၏ အဆုံးအဖြတ် ရရှိခံစားပိုင်ခွင့် ရှိစေရမည်။

၄၀။ မြေသိမ်းလျော်ကြေးအတွက် တရားရုံးသို့ လွှဲအပ်ပေးပို့သည့်အခါ ထုတ်ပေးခြင်းမပြုရသေးသည့် လျော်ကြေးနှင့် နစ်နာကြေးများကိုပါ တစ်ပါတည်း လွှဲအပ်ရမည်။ တရားရုံးသည် မူလသတ်မှတ်သည့် လျော်ကြေးနှင့် နစ်နာကြေး တန်ဖိုးထက် တိုးမြှင့်ဆုံးဖြတ်ပါက တိုးမြှင့်လိုက်သည့် တန်ဖိုးအပြင် ယင်း တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းကို သတ်မှတ်ဆုံးဖြတ်ရမည်။ အဆိုပါငွေကို လွှဲအပ်ပေးခြင်း မပြုသေးသည့် ကာလတွင် သာမန်အားဖြင့် မြေသိမ်းလုပ်ငန်းများကို ဆိုင်းငံ့ထားရမည်။

၄၁။ လျော်ကြေးနှင့် နစ်နာကြေးများ စုံလင်စွာထုတ်ပေးပြီးသည့်နောက် သို့မဟုတ် တရားရုံးသို့ လွှဲအပ်ပြီးသည့် နောက်တွင် မြေကို လက်ရောက်သိမ်းယူခြင်းကို မြေသိမ်းယူမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့က ဆက်လက် ဆောင်ရွက်ရမည်။ မြေကို လက်ရောက်သိမ်းယူပြီးသည်နှင့် ကြေးမြီကင်းရှင်းသည့် နိုင်ငံပိုင်မြေအဖြစ်သို့ ရောက်ရှိစေရမည်။ အဆိုပါမြေကို မြေသိမ်းပေးရန် အဆိုပြုသူသို့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ဆင့်ဆိုချက်များနှင့်အညီ မြေလွှဲအမှုတွဲဖြင့် လက်ရောက် ပေးအပ်ရမည်။

၄၂။ မြေကို လက်ရောက်သိမ်းယူမှု၊ မြေလွှဲပြောင်းပေးအပ်မှု လုပ်ငန်းစဉ်များ စတင်သည်နှင့် တစ်ပြိုင်တည်း ပုဒ်မ ၄၃ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ပြန်လည်နေရာချထားခြင်းနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် လုပ်ငန်းကော်မတီတို့ကို ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၄၃။ ပြန်လည်နေရာချထားခြင်းနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းတို့တွင် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၈) ၌ ဆောင်ရွက်သဘောတူညီခဲ့သည့် အချက်များအား အောက်ပါလုပ်ငန်းစဉ်များအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်ရမည် -

(က) အိမ်ရာတည်ထောင်မှုဆိုင်ရာလုပ်ငန်းစဉ်များ၊ အိမ်ထောင်စု လူမှုဘဝတည်ထောင်ရေးအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံများနှင့် ကူညီပံ့ပိုးမှုများ၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများနှင့် အခြားလိုအပ်ချက်စသည်များ ပါဝင်သည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ၊

(ခ) စိုက်ပျိုးရေးအပါအဝင် သိမ်းဆည်းမြေကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ နှင့် အလုပ်အကိုင် အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးမှု စသည်တို့ပါဝင်သည့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ။

၄၅။ ပြန်လည်နေရာချထားမှုနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်မှု လုပ်ငန်းစဉ်များကို မြေ လက်ရောက်လွှဲအပ်ချိန်တိုင်အောင် မြေသိမ်းပေးရန် အဆိုပြုသူက အသင့်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက မြေသိမ်းဆည်းခံရသူများနှင့် ညှိနှိုင်းဆုံးဖြတ်သည့် ယာယီနေထိုင်ရပ်တည်မှုအတွက် ၎င်းမှ ကျခံသည့် စရိတ်ဖြင့် ဆောင်ရွက်ပေးစေရမည်။

၄၆။ ပုဒ်မ ၄၃ အရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီတို့သည် ပုဒ်မ ၄၂ ပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် မြေသိမ်းဆည်းရေး အကောင်အထည်ဖော်မှုအဖွဲ့မှ ကြိုတင်ညှိနှိုင်း သဘောတူချက်မရှိထားသည့် လုပ်ငန်းစဉ်များအပေါ် အစိုးရအဖွဲ့မှ ဆောင်ရွက်ရမည့်ကိစ္စရပ်နှင့် မြေသိမ်းယူသည့်ဌာနအဖွဲ့အစည်းမှ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ခွဲခြားတာဝန်ပေးအပ်ခွင့်ရှိသည်။

၄၇။ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီတို့သည် ပြန်လည်နေရာချထားသည့် နေရာသို့ ပြောင်းရွှေ့နေရာချထားခြင်းကြောင့် ယင်းနေရာရှိ မူလဒေသခံများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ လူမှုရေးဘဝများ၊ သဘာဝပတ်ဝန်းကျင်တို့ ထိခိုက်မှုများ မဖြစ်ပေါ်စေရန် ဖြေရှင်းဆောင်ရွက်ပေးရမည်။

၄၈။ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီတို့သည် ပြန်လည်နေရာချထားမှုကြောင့် အမျိုးသမီးများ၊ ကလေးများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဓလေ့ထုံးစံအရ ပိုင်ဆိုင်ခွင့်ရှိသူများအပါအဝင် ထိခိုက်နစ်နာ လွယ်သူများအား ထိခိုက်နိုင်သည့် အခြေအနေကို အထူးဂရုပြု ကြပ်မတ်ရမည်။

အခန်း (၉)

အဆောတလျင် မြေသိမ်းခြင်း

၄၉။ အောက်ဖော်ပြပါအခြေအနေများနှင့် စပ်ဆိုင်သည့်မြေသိမ်းရန် လိုအပ်သည့် ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရ၏ မြေကိုသိမ်းယူရန် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် တစ်ဆယ့်ငါးရက် ကုန်လွန်ပါက မြေသိမ်း လျော်ကြေး ငွေနှင့် နစ်နာကြေးများ ဆောင်ရွက်မှုမရှိသေးစေကာမူ အများပြည်သူအတွက် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် မြေကို အဆောတလျင် လက်ရောက်သိမ်းယူခြင်း ပြုနိုင်သည်-

(က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကိစ္စရပ်များတွင် အရေးပေါ်အခြေအနေအရ နေရာချထားဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ခ) ကူးသန်းသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ရုတ်တရက် ပြောင်းလဲမှုအခြေအနေနှင့် ကြုံတွေ့မမျှော်မှန်းနိုင်သည့် အခြေအနေကြောင့် မြေတစ်ရပ်ရပ်ကို လိုအပ်ခြင်း၊

(ဂ) အများပြည်သူ ကူးသန်းရောင်းဝယ်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်ကြောင့် မြေတစ်ရပ်ရပ်ကို လိုအပ်ခြင်း၊

(ဃ) တောင်ပြိုမှု၊ ရေလွှမ်းမိုးမှု၊ လေမုန်တိုင်းတိုက်ခတ်မှု အစရှိသည့် သဘာဝဘေး အန္တရာယ်များ ကျရောက်နိုင်မည့် အခြေအနေတွင် အများပြည်သူ ပြောင်းရွှေ့နေရာချထားပေးရန် လိုအပ်ခြင်း၊

(င) ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ အရေးပေါ်နေရာချထားရေးဆောင်ရွက်ရန် လိုအပ်ခြင်း။

၅၀။ အဆောတလျင် သိမ်းဆည်းမှုပြုရာတွင် သိမ်းယူမည့်မြေများနှင့် စပ်လျဉ်း၍ အောက်ပါမြေများကို ဦးစားပေးစိစစ်သိမ်းယူရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်လျာထား သတ်မှတ်ထားသည့် မြေများ၊

(ခ) သိမ်းယူမှုသည် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှုအနည်းဆုံး ဖြစ်ပေါ်စေနိုင်သည့် မြေများ၊

(ဂ) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှု တစ်စုံတစ်ရာမရှိသေးသည့်မြေများ။

၅၁။ သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ အကျိုးစီးပွားသက်ဆိုင်သူသို့ အနည်းဆုံး လေးဆယ့်ရှစ်နာရီ ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ မြေပေါ်သို့ ဝင်ရောက်ခြင်း၊ လက်ရောက်သိမ်းယူခြင်း မပြုရ။

၅၂။ (က) အဆောတလျင် သိမ်းယူမှုအတွက် လျော်ကြေးနှင့် နစ်နာကြေးများကို အချိန်မီဆောင်ရွက်ထုတ်ပေးနိုင်မှု မရှိခဲ့သော်လည်း၊ သိမ်းယူပြီးနောက် တွင် ပုံမှန်သိမ်းယူမှုများတွင်ကဲ့သို့ လျော်ကြေးနှင့် နစ်နာကြေးများကို ပြန်လည်တွက်ချက် ထုတ်ပေးရမည့်အပြင် ပြန်လည်နေရာချထား ရေးနှင့် လူမှုစီးပွားရေးထူထောင်ပေးရေး လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးရမည်၊

(ခ) အဆောတလျင် သိမ်းဆည်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ပေါ်ပေါက်ပါက ယင်းအတွက် လျော်ကြေးသီးခြားပေးချေရမည်။

အခန်း (၉)

ယာယီ မြေသိမ်းခြင်း

၅၃။ ယာယီမြေသိမ်းဆည်းခြင်းကို အောက်ပါကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည် -

(က) နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် စစ်ဆင်ရေးများအတွက် ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ၊

(ခ) နိုင်ငံတော်၏ စီမံကိန်းတစ်ရပ်ရပ်အတွက် စီမံကိန်းကာလအတွင်းသာ ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်တွင်းပြည်ပ ပုဂ္ဂလိက၊ ကုမ္ပဏီများသို့ စီမံကိန်းတစ်ရပ်ရပ်ကို နည်းလမ်းတစ်ရပ်ရပ်အရ ချထားဆောင်ရွက် စေရာတွင် စီမံကိန်းကာလအတွင်းသာ ယာယီလိုအပ်မည့် ကိစ္စရပ်များ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က ယာယီအသုံးပြုရန်လိုအပ်သည့် ကိစ္စရပ်များ။

၅၄။ ယာယီမြေသိမ်းခြင်းကာလကို အများဆုံး သုံးနှစ်အထိသာ ခွင့်ပြုရမည်။

၅၅။ ယာယီမြေသိမ်းခြင်းအတွက် အောက်ပါမြေများကို ဦးစားပေး စိစစ်သိမ်းယူရမည်-

(က) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှုတစ်စုံတစ်ရာ မရှိသေးသည့်မြေများ၊

(ခ) သိမ်းယူမှုသည် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှု အနည်းဆုံး ဖြစ်ပေါ်စေနိုင်သည့် မြေများ။

၅၆။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများထံသို့ မည်သည့်မြေများကို မည်သည့်ကာလ အပိုင်းအခြားအထိ မည်သည့်ကိစ္စရပ်အလို့ငှာ ယာယီသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာနှင့် အသိပေးအကြောင်းကြားစာကို ရေးသား ထုတ်ပြန်ပြီး နောက် ယာယီသိမ်းယူသည့်ကာလအတွက် ပေးအပ်ရမည့် လျော်ကြေး၊ နစ်နာကြေးနှင့် သတ်မှတ်အခကြေးငွေတို့ကို မြေတွင် အကျိုးစီးပွား သက်ဆိုင်သူများနှင့် ညှိနှိုင်းသဘောတူညီချက် ရယူရမည်။

၅၇။ ယာယီမြေသိမ်းခြင်းများတွင် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက် ရေးအဖွဲ့နှင့်မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများအကြား လျော်ကြေး၊ နစ်နာကြေးတို့နှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲမှု ပေါ်ပေါက်သည့်အခါ မြေတွင် အကျိုးစီးပွားသက်ဆိုင်သူက တောင်းဆိုပါက ယင်းကဲ့လွဲမှုအပေါ် အဆုံးအဖြတ်ပေးရန် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က တရားရုံးသို့ လွှဲအပ်ကာ တရားရုံး၏အဆုံးအဖြတ်ကို ခံယူရမည်။

၅၈။ ယာယီသိမ်းဆည်းမှု ကာလလွန်မြောက်ပြီးနောက် မြေကို ပြန်လည်အပ်နှံချိန်တွင်လည်း အသုံးပြုမှုကြောင့် မြေတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ပါက မြေတွင် အကျိုးစီးပွားသက်ဆိုင်သူနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် ပေးလျော်ရမည်။

အခန်း(၁၀)

သိမ်းယူလွှဲပြောင်းပေးခဲ့သည့်မြေများကို နိုင်ငံတော်က ပြန်လည်သိမ်းဆည်းခြင်း

၅၉။ မည်သည့်အဖွဲ့အစည်းမှ မည်သို့သော နည်းလမ်းဖြင့် သိမ်းယူခဲ့စေကာမူ အောက်ပါ အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ခဲ့လျှင် ယင်းမြေအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်မှ ပြန်လည်ရယူနိုင်သည်-

(က) သိမ်းယူထားသည့်မြေတွင် နိုင်ငံတော်အတွက် သမိုင်းတန်ဖိုးကြီးမြင့်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိခြင်း၊

(ခ) ဓာတ်သတ္တုနှင့်ကျောက်မျက်ရတနာ တူးဖော်ရန်အလို့ငှာ မဟုတ်မူဘဲ အခြားရည်ရွယ်ချက်ဖြင့် သိမ်းဆည်းမြေတွင် အဖိုးတန်သယံဇာတနှင့် ကြွယ်ဝသတ္တုသိုက်များ တွေ့ရှိခြင်း၊

(ဂ) မူလကတိကဝတ် အာမခံချက်ပြုထားသည့်အတိုင်း လူမှုစီးပွားရေး ထိခိုက်နစ်နာစေမှု ထိန်းသိမ်းရေးနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှု တားဆီးကာကွယ်ရေး အစီအမံများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေး ထိခိုက်စေမှုများ ဖြစ်ပေါ်ခြင်း၊ လူမှုစီးပွားရေး အခြေအနေများ ယိုယွင်းထိခိုက်နစ်နာစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များ ထိခိုက်ပျက်စီးစေခြင်း၊

(ဃ) မူလရည်ရွယ်သည့်အတိုင်း စီမံကိန်းသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိခြင်း၊

(င) လျာထားချက်အတိုင်း အသုံးမပြုခြင်း သို့တည်းမဟုတ် အသုံးပြုရန် မလိုအပ်တော့ခြင်း၊

(စ) အသုံးပြုရန် လိုအပ်သည်ထက် ပိုမိုရယူထားကြောင်း စိစစ်တွေ့ရှိခြင်း၊

(ဆ) ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေးများကို သဘောတူညီထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးမှုမရှိခြင်းနှင့် ပျက်ကွက်ခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းခြင်းရာတစ်ရပ်ရပ်ကြောင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မြေသိမ်းမိန့်ကို ပြန်လည်ဖျက်သိမ်းခြင်း။

၆၀။ အထက် ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) မှ (ဆ) အထိ ကိစ္စရပ်များအတွက် နိုင်ငံတော်အနေဖြင့် ပြန်လည်သိမ်းယူခြင်းဖြစ်ပါက မြေသိမ်းမှုကုန်ကျစရိတ်အရပ်ရပ်ကို ပြန်လည်တောင်းခံပိုင်ခွင့် မရှိစေရ။

၆၁။ အများပြည်သူအတွက် ရည်ရွယ်၍ လုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်ရန် မြေသိမ်းယူခဲ့သော အစိုးရအဖွဲ့အစည်း၊ ဌာန၊ အသင်းအဖွဲ့များသည် သိမ်းယူခဲ့သောမြေကို အသုံးမပြုတော့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် အသုံးမလိုတော့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ဆက်လက်အသုံးပြုရန် အကြောင်း မရှိတော့လျှင်ဖြစ်စေ၊ နိုင်ငံတော်သို့ စနစ်တကျပြန်လည်အပ်နှံရမည်။ ယင်းသို့ ပြန်လည်အပ်နှံမှုကို အကြောင်းပြု၍ နိုင်ငံတော်ထံမှ တစ်စုံတစ်ရာတောင်းဆို ပိုင်ခွင့် မရှိစေရ။

အခန်း (၁၁)

ဖြစ်မှုနှင့် ဖြစ်ဒဏ်များ

၆၂။ မည်သူမဆို မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့က သော်လည်းကောင်း၊ ၎င်းက တာဝန်လွှဲအပ်ခြင်းခံရသူများကသော်လည်းကောင်း ဥပဒေနှင့်အညီ ဆောင်ရွက်မှုများအား ဟန့်တားခြင်းကို ဖြစ်စေ၊ နှောင့်ယှက်ခြင်းကိုဖြစ်စေ၊ ပိတ်ပင်တားဆီးခြင်းကိုဖြစ်စေ ပြုလုပ်သူသည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၃။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တွင် တာဝန်ရှိသူသို့မဟုတ် ၎င်းအဖွဲ့က တာဝန်ပေးအပ်ခံရသူသည် ဤမြေသိမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့် ဆောင်ရွက်ချက်များကို မရိုးဖြောင့်သော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၄။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ ဖြစ်စေ၊ ၎င်းကတာဝန်ပေးအပ်သူသို့ ဖြစ်စေ သက်သေခံအထောက်အထားများ တင်ပြရာတွင် မမှန်သက်သေခံချက်များတင်ပြလျှင်သော်လည်းကောင်း၊ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့ဝင်တစ်ဦးဦးအနေဖြင့် အဖွဲ့သို့ မမှန်ကန်သော သက်သေခံချက်များကို မမှန်ကန်ကြောင်းသိရှိပါလျက် တင်ပြလျှင်သော်လည်းကောင်း၊ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့မဟုတ် နေပြည်တော်ကောင်စီသို့ မမှန်ကန်သော သက်သေခံချက်များကို မမှန်ကန်ကြောင်း သိရှိပါလျက် တင်ပြလျှင်သော်လည်းကောင်း၊ ထိုကဲ့သို့ ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်နိုင်သည်။ ***(ဆက်လက်ဖော်ပြပါမည်)***

တောဆင်ရိုင်း အမဲလိုက်သတ်ဖြတ်မှုလျော့ချရေး ခြောက်လကြာ အသိပညာပေး ဆောင်ရွက်မည်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာ့တောဆင်ရိုင်းများ အမဲလိုက်သတ်ဖြတ်မှုနှင့် တရားမဝင် ဆင်အစိတ်အပိုင်းများ ရောင်းချမှုလျော့ချနိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ဆင်ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ် (MECAP) နှင့် ပူးပေါင်းကာ VOICES FOR MOMOS (မြန်မာ့ဆင်များအတွက် ရင်တွင်းစကားသံ)အစီအစဉ်ဖြင့် ခြောက်လကြာ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက "မြန်မာ့ဆင်ထိန်းသိမ်းရေးလုပ်ငန်း အစီအစဉ် (MECAP) ကို မြန်မာ့တောဆင်ရိုင်းအရေအတွက် အလျင်အမြန်ကျဆင်းလာတာ တုံ့ပြန်ဖို့နဲ့နောင်အနာဂတ် မျိုးဆက်သစ်ဆင်တွေအတွက် ဆင်တွေကို ထိန်းသိမ်းဖို့ရာ ရည်ရွယ်ပြီး လုပ်ဆောင်ရေးဆွဲခဲ့တာပါ၊ အခုလို VOICES FOR MOMOS နဲ့ပူးပေါင်းလုပ်ဆောင်မှုကိုလည်း ကြိုဆိုပါတယ်၊ မြန်မာ့ဆင်တွေအမဲလိုက်သတ်ဖြတ်ခံနေရတာနဲ့ တရားမဝင်တောရိုင်း တိရစ္ဆာန်တွေကို အရောင်းအဝယ်ပြုလုပ်နေကြတာကို တိုက်ဖျက်ဖို့အတွက် အတူလက်တွဲလုပ်ဆောင်ကြဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများကို အရေခွံခွာယူရန်အတွက် တစ်ပတ်လျှင် တစ်ကောင်နှုန်း သတ်ဖြတ်ခံနေရကြောင်း၊ ယင်းအတိုင်း ဆက်သွားပါက နှစ်အနည်းငယ်အတွင်း မြန်မာ့တောဆင်ရိုင်းများ ပျောက်ကွယ်သွားနိုင်ကြောင်း၊ ယင်းအခြေအနေကို တားဆီးကာကွယ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းခြောက်ခုဖြစ်သော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA) နိုင်ငံတကာတောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးအဖွဲ့ (FFI)၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FoW)၊ Grow Back For Posterity (GBP) သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF)တို့ ပူးပေါင်းကာ VOICES FOR MOMOS လှုပ်ရှားမှုကို နိုဝင်ဘာလဆန်းမှ စတင်ကာ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ ဒီအစီအစဉ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလဆန်းကနေ ၂၀၁၈ ခုနှစ် ဧပြီလအထိ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်၊ ပထမဆုံးအနေနဲ့ကတော့ ပြည်သူလူထု အသိပညာပေးကမ်ပိန်း (Campaign) တွေ ပြုလုပ်သွားမှာဖြစ်ပါတယ်၊ ဒုတိယအဆင့်ကတော့ ဒီလုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ သူတွေကို လေ့ကျင့်သင်ကြားမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်၊ တတိယ အဆင့်ကတော့ taskforce တွေက ဈေးကွက်တွေအထိ ဆင်းပြီး ဆွေးနွေးအသိပညာပေးမှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်" ဟု WWF မှ ညွှန်ကြားရေးမှူး ဒေါ်မေမိုးဝါက နိုဝင်ဘာ ၁ ရက်က ဘိုကလေးဈေးလမ်းရှိ ပန်သူရိယစားသောက်ဆိုင်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လက်ရှိမြန်မာနိုင်ငံတွင် တောဆင်ရိုင်းကောင်ရေ ၁၄၀၀ နှင့် ၂၀၀၀ ကြားတွင် ကျန်ရှိသည်ဟု ခန့်မှန်းထားသော်လည်း ယင်းအရေအတွက်ထက်ပင် လျော့နည်းနိုင်ကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တရားဝင် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်အတွင်း တောဆင်ရိုင်းကောင်ရေ ၁၈ ကောင်ထက်မနည်း အမဲလိုက်သတ်ဖြတ်ခံရကြောင်း သိရသည်။

မြင့်မောင်စိုး

ကလေးစာပေပွဲတော်(သထုံ)ကို ကွန်ပျူတာတက္ကသိုလ်၌ သုံးရက်ကြာ စည်ကားစွာ ကျင်းပမည်

သထုံ နိုဝင်ဘာ ၃

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သထုံမြို့နယ် စာကြည့်တိုက်များကွန်ရက်တို့ ပူးပေါင်းကာ ကလေးစာပေပွဲတော်ကို ကွန်ပျူတာ တက္ကသိုလ်(သထုံ)၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာပေဗဟုသုတရရှိရေး၊ ဉာဏ်ရည်ထက်မြက်ရေးနှင့် ကလေးများ စွမ်းရည်မြှင့်တင်ရေးတို့အတွက် ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း ကလေးစာပေပွဲတော်(သထုံ)ကျင်းပရေး ဦးစီးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရန်၊ စာပေနှင့် ရင်းနှီးပြီး ကလေးများ၏ ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန်စသည့် ရည်ရွယ်ချက်များထားရှိကာ ကလေးစာပေပွဲတော်(သထုံ)ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က မော်လမြိုင်မှာ ကလေးစာပေပွဲတော်ကို နိုင်ငံတော်က လာပြီး လုပ်ပေးပါတယ်၊ အဲဒီမှာ ဒီက ကလေးတွေကို ပို့ပေးရင်းနဲ့ဦးပဉ္စင်းတို့ဆီမှာလည်းလုပ်မယ်လို့ ရည်မှန်းချက်ထားတာပါ၊ ကွန်ရက်တစ်နှစ်ပြည့်မှာ ဒီမှာရှိတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့မိမြို့ဖြေတွေနဲ့ ချိတ်ဆက်ပြီးတော့ အားလုံးပူးပေါင်းပြီး လုပ်ဖြစ်သွားတာ" ဟု သထုံမြို့နယ် စာကြည့်တိုက်များကွန်ရက်၏ဒုတိယဥက္ကဋ္ဌ နောင်ကုလားဘုရားလေးတိုက်ကျောင်း စာချဆရာတော် အရှင်ဣန္ဒဝံသက မိန့်ကြားသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်ရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ပြခန်းများ၊ စာပေဟောပြောပွဲ၊ဆွေးနွေးပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်တို့ကိုလည်း ထည့်သွင်းကာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ သုံးရက်ကြာ ကျင်းပ သွားမည်ဖြစ်ကြောင်း ကလေးစာပေပွဲတော်(သထုံ) ကျင်းပရေး ဦးစီးကော်မတီမှ သိရသည်။

သက်ဦး(သထုံ)

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ ကာယဗလ-ကာယကြံခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်

မုံရွာ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဗလား ခရိုင်ပေါင်းစုံ ကာယဗလ-ကာယကြံခိုင်မှုပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကလေးခရိုင်မှ ဘုန်းကျော်ဦးက ကာယဗလမောင်ပထမဆု၊ မုံရွာခရိုင်မှ ဇော်မျိုးသက်က Man Sports Physique ပထမဆုကိုရရှိပြီး ကာယကြံခိုင်မှု မယ်ပြိုင်ပွဲကို ကလေးခရိုင်မှ ကြင်ဒိတ်ဇမ်နွမ်ကရရှိကာ တံခွန်စိုက်ဆုကို မုံရွာခရိုင်က ရရှိခဲ့သည်။

"ကာယဗလကို တစ်နှစ်ကျော်နှစ်နှစ်အတွင်း လူသိပိုများလာပါတယ်၊ ကျန်းမာရေးကို ဦးစားပေးရမယ်ဆိုတဲ့ စိတ် လူငယ်တွေမှာရော လူကြီးတွေမှာပါ ကိန်းအောင်းလာတဲ့အတွက် လူသိများစိတ်ဝင်စားလာတယ်လို့ မြင်ပါတယ်" ဟု Man Sports Physique ပထမဆုရ မုံရွာခရိုင်မှ ဇော်မျိုးသက်က ဆုယူအပြီး ပြောကြားသည်။

ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှခရိုင် ၁၀ ခရိုင်ရှိသည့်အနက် ကိုးခရိုင်မှ ကာယဗလမောင် ၂၈ ဦး၊ Man Sports Physique ခြောက်ဦးနှင့် ကာယကြံခိုင်မှုမယ် ကိုးဦး စုစုပေါင်း ၄၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

"အခု စစ်ကိုင်းတိုင်းကိုယ်စားပြုအနေနဲ့ ၅ ပေ ၃ လက်မအထက် သွားပြိုင်ရမှာ ဖြစ်ပါတယ်၊ ခန္ဓာကိုယ်အချိုးကျလှပဖို့အတွက် အမြဲတမ်းအေရိုးစစ်လုပ်သလို ၁၀ ပေါင်လောက်ရှိတဲ့ အလေးကိုတစ်ပတ် သုံးကြိမ်လောက် မပြီးလေ့ကျင့်ပါတယ်၊ မိန်းကလေးတွေ အတော်များများက အခုလို ကိုယ်ကာယအလှပြိုင်ပွဲတွေအပေါ် စိတ်ဝင်စားတာတွေ များလာနေတာ တွေ့ရပါတယ်၊ များလာတာနဲ့အတူအားကစားကို ကျန်းမာရေးအတွက် ပါဝင်ပြီး ကိုယ်ကာယအလှအတွက် လိုက်စားလာကြတာ တွေ့ရပါတယ်"ဟု ကာယကြံခိုင်မှုပြိုင်ပွဲပထမဆုရ ကလေးခရိုင်မှ ကြင်ဒိတ်ဇမ်နွမ်က ဆုယူအပြီး ပြောပြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ စည်ပင်သာယာဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လှ၊ မုံရွာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်နှင့် ဒေါ်အမာကြည်တို့ တက်ရောက်အားပေးကာ ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

သဲတိုင်ထွန်း

စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ရန်ကုန် နိုဝင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဒုတိယဆုရရှိသည့် အိအိမော်(ယဉ်ကျေးမှု)၏ ကချင်ရိုးရာ အဆင်တန်ဆာဒီဇိုင်းများ စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ကချင်တိုင်းရင်းသားတို့၏ ရှုးပါးနေပြီဖြစ်သော ဂျပ်ခုတ်ရက်နန်းအထည်ရက်လုပ်ပုံ ဒီဇိုင်းဆင်ပုံများကို အကြောင်းပြု၍ ရိုးရာလက်မှုအနုပညာ အထည်ဒီဇိုင်းများကို ပုံများနှင့်တကွ ဝေဝေဆာဆာ ဖော်ပြရေးသားထားသော စာအုပ်ဖြစ်သည်။ မြန်မာနိုင်ငံမှ ကချင်လူမျိုးတို့၏ ရိုးရာရက်ကန်းလုပ်ငန်းက နိုင်ငံတကာကို ယှဉ်ပြိုင်နိုင်သည့် အဆင့်အထိ ထည်ဝါကြောင်း ဤစာအုပ်က ရေးသားဖော်ပြထားသည်။

ရောင်းဈေး ငွေကျပ် ၇၀၀ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း -၀၁-၂၄၉၉၃၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင်(ဖုန်း-၀၆၇-၄၁၄၆၈၁)၊ ၆၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တီဘီ လူနာများအား အခမဲ့ ကွင်းဆင်းကုသ

ရွာတော နိုဝင်ဘာ ၃

ရွာတောမြို့နယ်သို့ တီဘီလူနာများအား အခမဲ့ကွင်းဆင်း ရှာဖွေကုသခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ကယား ပြည်နယ်(လွိုင်ကော်) တီဘီတိုက်ဖျက်ရေးဌာနမှ တီဘီဆရာဝန် ဒေါက်တာ အိအိချောနှင့်အဖွဲ့တို့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုဝင်ဘာလ ၂၈ ရက်တွင် တေလဲကျေးရွာ၊ ၂၉ ရက်တွင် ဒေါလဲဒူးကျေးရွာ၊ ၃၀ ရက်တွင် စလောင်းကျေးရွာ၊ ၃၁ ရက်တွင် သရီဒါး ကျေးရွာနှင့် နိုဝင်ဘာလ ၁ ရက်နေ့တွင် ရွာတောမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ လာရောက်ပြသသည့်ပြည်သူများကို Digital တီဘီ ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်းတို့ကိုဆောင်ရွက်ပေးပြီး တီဘီရောဂါခံစားရသူ ဖြစ်ပါက အခမဲ့ဆေးကုသခြင်းတို့ကိုဆောင်ရွက်သည့်အပြင် အခြားရောဂါဝေဒနာရှင် များကိုလည်း ကုသပေးခဲ့ကြောင်း သိရသည်။

နှစ်ပတ်ကျော်အကြာ ချောင်းဆိုးခြင်း၊ ချောင်းဆိုးလျှင် သွေးသလိပ်ပါခြင်း၊ တင်ငွေ့ငွေ့ဖျားပြီး ညဘက်ချွေးအလွန်ထွက်ခြင်း၊ အစားအသောက်ပျက်ခြင်းနှင့် ကိုယ်အလေးချိန်ကျပြီး တဖြည်းဖြည်းပိန်လာခြင်းတို့ဖြစ်ပါက နီးစပ်ရာဆေးရုံ/ ဆေးခန်းများသို့ သွားရောက်စစ်ဆေးသင့်ပြီး တီဘီရောဂါလက္ခဏာများ ခံစားနေရပါက တီဘီဆေးကို အနည်းဆုံးခြောက်လမှ ရှစ်လအထိ နေ့စဉ်မှန်မှန်သောက်သုံးရန် လိုအပ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရတနာသစ်တော၊ ပြည့်သွေးကြော။
သစ်တောရတနာ၊ ထိန်းသိမ်းပါ။

ပြင်ဦးလွင်မြို့တွင် ၁၅ ရက်တာ ရိုက်ကူးမည့် "ငယ်ပါသေးတယ်" ရုပ်ရှင်ဇာတ်ကားကြီး

ရန်ကုန် နိုဝင်ဘာ ၃

7 Sense Film Production က ထုတ်လုပ်ရိုက်ကူးမည့် "ငယ်ပါသေးတယ်" ရုပ်ရှင်ဇာတ်ကားကြီးကို နိုဝင်ဘာ ၁ ရက်မှ စတင်ကာ ၁၅ ရက်အထိ ပြင်ဦးလွင်မြို့တွင် ဒါရိုက်တာကိုပေါက်က ဖန်တီးရိုက်ကူးမှာဖြစ်ပြီး သရုပ်ဆောင်ထွန်းထွန်း (အကယ်ဒမီ)၊ မိုးယံဇွန်၊ နေဒွေး၊ ဝီလျံ၊ Kelvin Kate၊ နေနော်၊ ရတနာပို၊ သင်ဇာဝင့်ကျော်တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကား၏ အဓိကရည်ရွယ်ချက်မှာ အပြိုင်အဆိုင်တွေ ရှိနေကြသည့် လူသားတွေစိတ်ကို ဖော်ညွှန်းထားပြီး ရွာတစ်ရွာတည်းနေကြသော ကိုယ့်လူမျိုးအချင်းချင်း စည်းလုံးမှုမရှိကြသည်ကို ဖော်ညွှန်းထားသောဇာတ်ကားဖြစ်ပြီး အကယ်ဒမီများရှင် ရန်အောင်နှင့် ရဲအောင်တို့နှစ်ဦးမှာလည်း ရွာထဲတွင် စီးပွားပြိုင်ဘက်များဖြစ်ပြီး တစ်ယောက် နှင့်တစ်ယောက် အပြိုင်အဆိုင်တွေထဲက ရုန်းသွားလျှင် လူငယ်တွေပြောနေကြ ပန်းစကားအတိုင်း "ဟျောင့် မင်းငယ်ပါသေးတယ်ကွာ" စကားကို ဦးတည်ကရိုက်ကူးသွားမည်ဟု သိရသည်။

ထွန်းထွန်း

ဇာတ်ကားထဲမှာ ဦးရဲအောင်သား ကျွန်တော်နဲ့ Kelvin Kate ။ ကိုထွန်းနဲ့ နေနော်နဲ့က ဦးရန်အောင်သား။ မတည့်ကြဘူး။ Kelvin Kate က နေနော်ကို သွားကြိုက်တယ်၊ အဲ့ဒီမှာ ပြဿနာတွေတက်တယ်။

မိုးယံဇွန်

ဒီဇာတ်ကားမှာဆိုရင် ကျွန်တော်က ဆိုင်ကယ်ကယ်ရီသမားပါ။ ပိုက်ဆံ အလွန်မက်တယ်။ ပိုက်ဆံရရင် ဘာမဆိုလုပ်တဲ့ ကာရိုက်တာမျိုးပါ။

ဝီလျံ

ကျွန်တော်က ဒီဇာတ်ကားမှာ ပထမပိုင်းကတော့ မပါဘူး၊ ဇာတ်စပြီးတော့ တည်တဲ့အချိန်မှာ ကျွန်တော်မပါဘူး။ သူငယ်ချင်းတွေအားလုံးစုံပြီး ရိုက်ရတဲ့ အချိန်မှာ ကိုထွန်းက ကျွန်တော့်ကို ထည့်ပေးလိုက်တာပါ။ ကျွန်တော်က ဘယ်လိုလဲဆိုတော့ မြို့ကနေလာတဲ့ မိန်းမလျာတစ်ယောက်ပါ။

Kelvin Kate

ကျွန်တော်က ဒီဇာတ်ကားမှာ မိန်းမလျာပါ၊ ကျွန်တော့်ရဲ့ ကာရိုက်တာလေးက လင်လုဖက်၊ ရတနာပိုရဲ့ချစ်သူက နေနော်။ နေနော့်ကို ကျွန်တော်က တစ်ဖက်သတ်ကြိုက်တာ၊ အဲ့ဒီလို ကာရိုက်တာလေးပါ။

နေနော်

ဒီဇာတ်ကားထဲမှာ ကိုထွန်းထွန်းရဲ့ညီ၊ ရတနာပို ရဲ့ချစ်သူ၊ ယောက်ဖနဲ့ ပြဿနာတက်တယ်။ ယောက်ဖကတော့ ကိုမိုးယံဇွန်ပါ။

ရတနာပို

ဒီဇာတ်ကားထဲမှာတော့ ရိုးရိုးအေးအေး နေသူလေးပါ။ ဒီဇာတ်ကားလေးက ဟာသလေးလည်းပါတယ်။ ပညာပေးတဲ့ ဇာတ်ကားလေးလည်း ဖြစ်ပါတယ်။ **ကိုလင်း**

ညီမင်းခိုင် ၏ အနောက်ဘက်က နေဝင်တဲ့နေ့

"နွယ်နီ" သီချင်းလေးကြောင့် ပိုသတိထားမိလာသည့် ရခိုင်တိုင်းရင်းသား တေးရေး၊ အဆိုတော် ညီမင်းခိုင် တစ်ယောက် ချစ်သူမိန်းကလေးကို စွန့်ပစ်ခဲ့ဖူးမိကြောင်း ဖွင့်ဟဝန်ခံထားသော သီချင်းတစ်ပုဒ်ကို သူ၏ ဒုတိယမြောက် ထွက်ရှိလာသည့် **"အနောက်ဘက်က နေဝင်တဲ့ နေ့"** ဟု အမည်ပေးထားသော စီးရီးတွင် သီချင်းလေးဖြင့် ၎င်းကောင်မလေးသိရှိစေရန် ရည်ညွှန်းသီဆိုထားကြောင်း သိရသည်။ ညီမင်းခိုင်အနေဖြင့် အဆိုတော် ဝိုင်းစုခိုင်သိန်း၏ အိမ်အပြန်လမ်း သီချင်း၊ အပြစ်မဲ့ သက်သက်နှင့်အတူ အဆိုတော်အများစု၏ တေးသီချင်းများစွာ ရေးသားပေးခဲ့ပြီး ယခုလက်တလော နာမည်ကြီးနေသည့် **"ရင်ဘတ်ထဲကဓား"** ဇာတ်ကားကြီး၏ ဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်သော စိုးပြည့်သဇင် သီဆိုထားသည့် **"မယုံနိုင်သော"** သီချင်းကို ရေးသားပေးခဲ့ပြီး သူ၏ ဒုတိယမြောက် တစ်ကိုယ်တော်ခွေဖြစ်သည့် "အနောက်ဘက်ကနေဝင်သည့်" စီးရီးကိုလည်း မကြာမီ ပရိသတ်ဆီသို့ အရောက်ပို့ပေးမည်ဖြစ်သည်။

"ပထမခွေ တုန်းကတော့ အချစ်တစ်ခုတည်းကိုပဲ ဦးတည်ပြီးလုပ်ခဲ့တာပါ၊ အခု ဒုတိယအခွေမှာတော့ အချစ်ရော၊ အလွမ်းရော၊ လောကဓံအားလုံး မျှမျှတတဖန်တီးထားပါတယ်၊ သီချင်းအားလုံး ၁၁ ပုဒ်ပါတယ်၊ ကျွန်တော်တစ်ယောက်တည်း ရေးထားတာက ရှစ်ပုဒ်ပါတယ်၊ တေးရေး ခိုင်မာ၊ လပြည့်၊ နေခတို့ကလည်း ဝိုင်းရေးပေးထားကြပါတယ်၊ သီချင်းအမျိုးအစားတွေကတော့ ရော့ခ်၊ ပေါ့ပ် ပါပါတယ်၊ အမျိုးအစားကတော့ ပြောရမယ်ဆို ဒီအခွေက ရော့ခ်အခွေလို့ ပြောလို့ရပါတယ်၊ အားလုံးကတော့ထင်မှာပဲ ရောခ့်က ကျွန်တော်နဲ့ စိမ်းနေတယ်လို့၊ ဟုတ်ပါတယ်၊ ကျွန်တော်က ရော့ခ်ကို ဆိုလေ့ဆိုထ မရှိသလောက်ပါပဲ၊ ဒါပေမယ့် ကိုယ့်အခွေလေးမှာ ကိုယ်လုပ်ထားတဲ့အရာလေးကို ပရိသတ်ကိုချပြမိတာပါ၊ သူများတွေကို ရေးပေးသလိုပုံစံမျိုးတွေတော့ မပါပါဘူး၊ အဲ့ဒါကလည်း သူများရဲ့ခံစားမှု သူ့အကြိုက်ကို ကျွန်တော်က ရေးပေးတာမျိုးပါ၊ ကိုယ့်အခွေကျပြန်တော့ ကိုယ်လုပ်ချင်တဲ့ပုံစံမျိုး ကျွန်တော်ဖန်တီးကြည့်တာပါ၊ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာကတော့ ကံတရားနဲ့ပဲ သက်ဆိုင်ပါတယ်၊ ကျွန်တော့်ဘက်ကတော့ စာမေးပွဲကို အကောင်းဆုံးဖြေဆိုပါတယ်"ဟု ပြောသည်။

သူ့အနေဖြင့် သီချင်းများစွာကိုရေးသားခဲ့ရာတွင် အသည်းကွဲသီချင်းတွေကိုသာ ရေးသားပေးတတ်ပြီး မိမိအနေဖြင့် ခံစားချက်များကိုပေါင်းစုပြီး ရေးသားတတ်သောကြောင့် ယခုအခွေတွင်လည်း အကြောင်းအရာ စုံလင်စွာ ထည့်သွင်းကြောင်း သိရသည်။

"အထူးသဖြင့် ကောင်မလေးကို အသည်းခွဲခဲ့တာ ကျွန်တော်ပါ၊ (ရယ်လျက်) ဘဝနဲ့ထပ်တူကျမယ့် သီချင်းတစ်ပုဒ်တော့ပါတယ် **"အနောက်ဘက်ကနေဝင်သည်"** သီချင်းလေးပါ ၊ ကျွန်တော် ဒီဘက်ကိုရောက်လာအောင် အများကြီးကြိုးစားခဲ့တယ်၊ ဘယ်လိုအခက်အခဲတွေပါစေ နောက်မဆုတ်ခဲ့ပါဘူး၊ ရှေ့ဆက်ခဲ့တယ် အဲ့ဒီအတွက် ဒါကြောင့်မို့ ကျွန်တော်နဲ့ အလိုက်ဖက်ဆုံးဖြစ်တဲ့ ဒီသီချင်းလေးကတော့ အကြိုက်ဆုံးပါပဲ၊ နောက်တစ်ပုဒ်ကတော့ လဲပြီးရင်းလွဲခရီး ၊ ငွဲ့ဘဝနဲ့ငါ၊ လွှင့်မျောတိမ် အဲ့ဒါလေးတွေလည်း ကြိုက်ပါတယ်၊ မြူးဆစ်စတိုင်က အစပထမခွေထက်ကို ပိုစုံပါတယ်"ဟု ဆိုသည်။

သီချင်းတစ်ပုဒ်ကောင်းရန်အတွက်၊ **"ကံတရား"** နှင့်သာသက်ဆိုင်ပြီး သီချင်းတစ်ပုဒ်ကောင်းသော်လည်း အတီး၊ အဆိုပိုင်းတွေ ညံ့နေတာမျိုးတွေရှိကြောင်း၊ သီချင်းမကောင်းသော်လည်း ဆိုသူကောင်းသောကြောင့် ပရိသတ်ရင်ထဲကို ရောက်ကောင်းရောက်နိုင်ကြောင်း၊ အချို့အဆိုတော်များ မိမိအား သီချင်းလာအပ်ကြသောအခါ ပေါက်မည့် သီချင်း ရေးပေးရန် တောင်းဆိုကြောင်း၊ ကံတရားကြောင့် စန်းဖြစ်လာသလို၊ အချိန်ကလည်း စကား ပြောကြောင်း၊ မိမိအနေဖြင့် သီချင်းလာရောက်အပ်နှံသူများကိုလည်း ငွေမျက်နှာတစ်ခုတည်းမကြည့်ဘဲ သီချင်းဆိုသည့် အပိုင်းကိုပါ သေချာလေ့လာစေချင်ကြောင်း ပြောကြားသည်။ **ကိုလင်း**

သရုပ်ဆောင် နေတိုးနှင့် အဆိုတော် ရွှေထူးတို့ Myanmar Media 7 နှင့် စာချုပ်ချုပ်ဆို

ရန်ကုန် နိုဝင်ဘာ ၃

အနုပညာသမားများအနေဖြင့် စာချုပ်ဟုဆိုလျှင် အများစုက ဝေးဝေးကရှောင်ကြသော်လည်း နာမည်ကြီး အနုပညာရှင်နှစ်ဦးဖြစ်သည့် အကယ်ဒမီနေတိုးနှင့် အဆိုတော် ရွှေထူးတို့နှစ်ဦးကို အနုပညာအလုပ်များအတွက် Myanmar Media 7 မှ စာချုပ်ချုပ်ဆိုလိုက်ကြောင်း၊ ယခုလ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ သိရသည်။

"ကျွန်တော်တို့အနေနဲ့က စာချုပ်ဆိုတာထက် ရုပ်ရှင်လောကတစ်ခုရဲ့ ပလက်ဖောင်းလေးတစ်ခုကို ချပြချင်လို့ပါ၊ အဓိကကတော့ 7 Sense Film Production ကနေ ကျွန်တော်တို့ ပထမဆုံးအနေနဲ့ "ကြောက် ကြောက် ကြောက် "ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးကို ၈ လပိုင်းလောက်က စတင်ပြသခဲ့ဖူးပါတယ်၊ ကျွန်တော်တို့ မျှော်လင့်ထားတာထက်ကို ပရိသတ်အားပေးမှုတွေ အများကြီးရခဲ့ပါတယ်၊ 7Sense Film Production ဆိုတာလည်း ကျွန်တော်တို့ ညီအစ်ကိုလိုဖြစ်နေတဲ့ သူငယ်ချင်းတွေပေါင်းပြီး ဖွဲ့စည်းထားတဲ့ကုမ္ပဏီဖြစ်တာမို့ အားလုံးပူးပေါင်းပြီး နောက်

ထပ် အနုပညာလှုပ်ရှားမှုတွေ စီစဉ်ဖန်တီးကြမယ်ဆိုပြီး စဉ်းစားလိုက်တဲ့အချိန်မှာ ကိုနေတိုးကလည်း အချိန်ကြာမြင့်စွာ အောင်မြင်မှုကိုထိန်းထားနိုင်တဲ့ အနုပညာရှင်လည်းဖြစ်တယ်၊ ကျွန်တော်တို့နဲ့မရိုက်ရလည်း သူမှာရိုက်ရမယ့် ထုတ်လုပ်ရေးတွေ အများကြီးရှိပါတယ်၊ သူနဲ့ တိုင်ပင်လိုက်တော့ ကျွန်တော်တို့ကမှုဏ်နဲ့ ၂၀၁၈ ခုနှစ် ကစပြီး နောက်နှစ်နှစ်အထိ အနုပညာလုပ်ငန်းကိုပူးပေါင်းပြီး လုပ်ကိုင်ဖို့အတွက် ချုပ်ဆိုလိုက်တာဖြစ်ပါတယ်၊ ပူးပေါင်းပြီးလုပ်တယ်ဆိုတာကလည်း ထုတ်လုပ်ရေးတွေ များလာတာမို့၊ ဇာတ်ကားအရေအတွက်တွေကလည်း များလာတဲ့သဘောကြောင့် ကျွန်တော်တို့ အနေနဲ့ ပရိသတ်ကို အနုပညာနဲ့ပတ်သက်ပြီးချပြချင်တဲ့ အနေအထားလေးတွေ ရှိလို့ပါ၊ ဥပမာ - ဒီလမှာတော့ ဟာသကားလေးပြမယ်၊ နောက် ဒုတိယခြေလှမ်းအနေနဲ့ ရိုမန်ပြမယ်၊ တတိယအနေနဲ့ ဒရမ်မာပုံစံလေးတွေ ပြမယ်ဆိုပြီး ရည်ရွယ်ထားတာပါ၊ ထုတ်လုပ်ရေးတွေများလာတော့ ကိုနေတိုးအနေနဲ့က ရိုမန့်ရိုက်ချင်တဲ့အချိန်မှာ ထုတ်လုပ်ရေးဘက်က ဟာသဖြစ်ချင်ဖြစ်နေတာမျိုး ဖြစ်နေတော့ အခက်အခဲ တွေ့ရပါတယ်၊ အဲ့ဒီတော့ ကိုနေတိုးလုပ်ချင်တဲ့ ပုံစံလေးတွေကိုလည်း ကျွန်တော်တို့ဘက်က သဘောတူလုပ်ဆောင်မှာပါ၊ အဲ့ဒါကြောင့်မို့ သူ့အနေနဲ့ ကျွန်တော်တို့ ထုတ်လုပ်ရေးနဲ့ ပူးပေါင်းပေးပါလို့ ပြောတာကို လက်ခံခဲ့တာပါ"ဟု ဦးဝေမင်းမောင် Myanmar Media 7 က ပြောသည်။

အဆိုပါ စာချုပ် ချုပ်ဆိုခဲ့ပြီး နောက်ပိုင်း ၂၀၁၈ ခုနှစ် ၆/၇ လပိုင်းမှစတင်ပြီး ဇာတ်ကားများရိုက်ကူးများမည်ဖြစ်ကြောင်း၊ ကုမ္ပဏီနှင့် အနုပညာရှင်ပူးပေါင်းပြီး စာချုပ် ချုပ်ဆိုမည်ထက် ကုမ္ပဏီ၏လုပ်ဆောင်မည့် အနုပညာလျှောက်လမ်းတွင် မိသားစုဝင်တစ်ဦးအဖြစ် ပူးပေါင်းပါဝင်စေခြင်း သဘောဖြစ်ကြောင်း၊ အနုပညာကြေးမည်မှုဟုသတ်မှတ်ပြီး လုပ်ဆောင်ခြင်းမျိုးမဟုတ်ကြောင်း၊ ဇာတ်ကားအရည်အသွေးကောင်းတွေကို ပရိသတ်များ ခံစားရစေချင်သောကြောင့် ယခုကဲ့သို့ ပြုလုပ်ရကြောင်း သိရသည်။ သရုပ်ဆောင်နေတိုးအပြင် အဆိုတော် ရွှေထူးကလည်း ၎င်းကုမ္ပဏီနှင့်အတူ ဂီတလုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့စဉ်ကစပြီး လက်တွဲခဲ့ကြောင်း၊ ရုပ်ရှင်ဇာတ်ကားများရိုက်ကူးမည်ဟု စီစဉ်ထားသောကြောင့် ဂီတဘက်တွင် အောင်မြင်မှုများရရှိနေသော ရွှေထူးအား ရွေးချယ်လိုက်ခြင်းဖြစ်ပြီး တစ်နှစ်လျှင် ဇာတ်ကားသုံးကားမှ လေးကားအထိ ရိုက်ကူးမည်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီအနေဖြင့် တစ်နှစ်ကျော်အတွင်း ယခုကဲ့သို့ လုပ်ငန်းများကို အကောင်းဆုံးထူထောင်နိုင်ရန်အတွက် အနုပညာရှင်များ၏ အနုပညာအင်အားလိုအပ်သောကြောင့် လုပ်ငန်းများ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း သိရှိရသည်။ **ကိုလင်း**

လူငယ်များကြား ခေတ်စားခဲ့သူများ၏ ပေါင်းစည်းမှု Back To Millenium ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

မင်းမော်ကွန်းတို့ တည်ထောင်ထားသော(မြေပဲယို)၊ အနဂ္ဃပါဝင်သော(Acid)၊ ထွန်းထွန်းပါဝင်သော (Examplez)အဖွဲ့၊ စောညီညီ၊စိုးညီညီ တို့ပါဝင်သော (Too Big) အဖွဲ့၊ ဟဲလေးပါဝင်သော (Teens) အဖွဲ့နှင့် System အဖွဲ့၊ OKRA-BAMBINO-KOOK နှင့် တစ်ချိန်က နာမည်ကြီးအဖွဲ့များ၏ ပြန်လည်စုစည်းပြီး အမှတ်တရ ဖျော်ဖြေပွဲအဖြစ် "Back To Millenium" အမည်ဖြင့် ဂီတဖျော်ဖြေပွဲကြီးကို နိုဝင်ဘာ ၁၈ ရက်မှာ ရန်ကုန်မြို့သဃ်ိုးကျွန်းမြို့နယ် သုဝဏ္ဏပေါ်ဆန်မွေးလမ်းရှိ အားကစားကွင်း၌ ကျင်းပမည်ဟု သိရသည်။

"ဟဲလေးက ကျွန်တော်နဲ့တွေ့တိုင်း အရင်တုန်းကလူတွေချည်းပဲ၊ ငါတို့တစ်ပွဲလောက် လုပ်ကြမလားဆိုပြီးပြောတယ်၊ အဲ့ဒီလို စဉ်းစားနေတဲ့အခါ ကိုဂိုဏ်းချုပ်က ကျွန်တော်တို့ရဲ့ အကောင်အထည်တွေကို ဖော်ပေးဖို့ပြောလာတယ်၊ ဒါပေမယ့် တကယ်တမ်း အရင်ကအဖွဲ့တွေဆုံဖို့ လုပ်ရတာ မလွယ်ကူပါဘူး၊ တချို့ကလည်း အိမ်ထောင်တွေကျပြီး ပြည်ပမှာနေကြတယ်၊ တချို့ကလည်း ဘယ်ရောက်လို့ ရောက်နေမှန်းမသိ အဆက်အသွယ်တွေ ပြတ်နေကြတယ်၊ **စာမျက်နှာ ၁၉ သို့**

Netflix ကုမ္ပဏီမှ "House of Cards" ရုပ်သံဇာတ်လမ်းတွဲရိုက်ကူးမှုရပ်ဆိုင်း

Netflix ကုမ္ပဏီဟာ နိုင်ငံရေးအကြောင်း ရိုက်ကူးထားတဲ့ ရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့ "House of Cards" ဇာတ်လမ်းတွဲရိုက်ကူးမှုကို အင်္ဂါနေ့ကရပ်ဆိုင်းလိုက်ပါတယ်။ ဘာလို့လဲဆိုရင် ဒီဇာတ်ကားရဲ့အဓိကသရုပ်ဆောင် ကီဗင်စပေစီကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုအတွက် စွပ်စွဲမှုတွေထွက်ပေါ်လာလို့ပါပဲ။ နောက်ထပ်သတင်းအချက်အလက်တွေ ထပ်မပေါ်မီ ထုတ်လုပ်သူ ကုမ္ပဏီတွေဖြစ်ကြတဲ့ Media Rights Capital နဲ့ Netflix တို့ဟာ "House of Cards" ဇာတ်လမ်းတွဲအတွဲခြောက် ရိုက်ကူးမှုကိုရပ်ဆိုင်းဖို့ဆုံးဖြတ်လိုက်တာပဲဖြစ်ပါတယ်။ လက်ရှိအခြေအနေကို စောင့်ကြည့်ဖို့ လိုအပ်တာကြောင့် ရပ်ဆိုင်းလိုက်ရတာလို့ ကုမ္ပဏီဘက်က ပြောကြားပါတယ်။ စပေစီဘက်ကတော့ ဒီသတင်းနဲ့ပတ်သက်ပြီး ဘာမှတုံ့ပြန် ပြောကြားတာမျိုး မရှိပါဘူး။ စပေစီဟာ အသက် ၅၅နှစ်အရွယ်ရှိပြီး အော်စကာဆုနှစ်ကြိမ်ရထားဖူးပါတယ်။ သရုပ်ဆောင်တစ်ဦးဖြစ်သူ အန်တိုနီရက်ပ်ကတော့ စပေစီဟာ ၁၉၈၆ ခုနှစ်တုန်းက သူ့ကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုပြုလုပ်ခဲ့တယ်လို့ စွပ်စွဲထားပါတယ်။

အဲဒီအချိန်တုန်းက သူဟာ အသက် ၁၄ နှစ်သာရှိသေးပြီး စပေစီကတော့ ၂၆နှစ်ရှိပါ ပြီ။ စပေစီကတော့ သူဟာ ဒီဖြစ်ရပ်ကို ပြန်မပြောချင်ဘူး။ တကယ်လို့များ အန်တိုနီရက်ပ်စွပ်စွဲထားသလို ပြုမူခဲ့မိတယ်ဆိုရင်လည်းတောင်းပန်ပါတယ်။ ဒါဟာ အမှုးလွန်သူတစ်ယောက်ရဲ့မလျော်ကန်တဲ့လုပ်ရပ်တစ်ခုပါလို့ ဆိုပါတယ်။ "House of Cards" ဇာတ်လမ်းတွဲဟာ ၂၀၁၃ခုနှစ်က စတင်ပြသခဲ့တာဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့်လည်း ဇာတ်လိုင်းအပိုင်းတိုင်းကိုကြည့်လို့ရတဲ့ ဇာတ်လမ်းတွဲလည်းဖြစ်ပါတယ်။ Media Rights Capital နဲ့ Netflix တို့ကတော့ စပေစီအပေါ်စွပ်စွဲမှုတွေ ထွက်ပေါ်လာတာဟာ တကယ်ပဲ အခက်ကြုံစေတယ်လို့ ဆိုပါတယ်။ အပြည်ပြည်ဆိုင်ရာရုပ်သံအကယ်ဒမီကလည်း နိုဝင်ဘာ ၂၀ ရက်တွင် စပေစီအားပေးအပ်မည့်ဆုကို ယခုကဲ့သို့သတင်းများထွက်ပေါ်လာမှုကြောင့် ပေးအပ်မည့်အစီအစဉ်ကို ရုပ်သိမ်းခဲ့ရကြောင်း သိရသည်။ **ရိုက်တာ** ခြူး

HBO မှ ကစ်ဟာရင်တန်၏ ဇာတ်ကားသစ် အမေရိကန်တွင် ပြသခွင့်ရ

Game of Thrones ဇာတ်ကားတွေနဲ့အောင်မြင်လာသူ မင်းသားကစ်ဟာရင်တန် ပါဝင်သရုပ်ဆောင်ထားတဲ့ Gunpowder ရုပ်သံဇာတ်လမ်းတွဲတို့ကို အမေရိကန်မှာ ပြသဖို့အတွက် HBO က ပြသခွင့်ရသွားပြီပဲဖြစ်ပါတယ်။ ဒီရုပ်သံစီးရီးမှာ အုပိုင်းသုံးပိုင်းပါဝင်ပြီး စာရေးဆရာကတော့ ရိုနန်ဘန်နက်ဖြစ်ပြီး ဒါရိုက်တာကတော့ ဂျေဘလက်ကီဆန် ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ကစ်ဟာရင်တန်ဟာ အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားပါတယ်။ ဒီစီးရီးရဲ့ပထမဆုံးအပိုင်းကိုတော့ အမေရိကန်မှာ ဒီဇင်ဘာ ၁၈ ရက်ကစပြီး ပြသမှာဖြစ်တယ်လို့ HBO ရဲ့တရားဝင် ဝက်ဘ်ဆိုက်မှာ ကြော်ငြာထားတာကို တွေ့ရပါတယ်။ ကစ်ဟာရင်တန်ဟာ ဒီစီးရီးမှာ ပူးတွဲထုတ်လုပ်သူလည်းဖြစ်ပါတယ်။

"လွန်ခဲ့တဲ့သုံးနှစ်တုန်းက ဒင်နီရယ်ဝက်စ်နဲ့ ကျွန်တော်ဟာ ဒီဇာတ်လမ်းကို စတင်ရိုက်ကူးဖို့ ရည်ရွယ်ခဲ့ကြပါတယ်၊ ဒီဇာတ်ကားကို အမေရိကန်မှာပြသဖို့တော့ ရင်ခုန်နေပါတယ်" လို့ ဟာရင်တန်က ဖြေကြားခဲ့ပါတယ်။ Gunpowder ဆိုတဲ့ရုပ်သံဇာတ်လမ်းတွဲဟာ ငြိတိန်ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး ငြိတိန်မှာတော့ အောက်တိုဘာ ၂၁ ရက်မှာ စတင်ပြသခဲ့ပါတယ်။ အဲဒီဇာတ်လမ်းဟာ ၁၆၀၅ ခုနှစ်က အင်္ဂလန်နဲ့ စပိန်တို့ စစ်ပွဲကာလမှာ အင်္ဂလန်ဘုရင် James 1 ကိုလုပ်ကြံဖို့ စီစဉ်ခဲ့ကြတဲ့ Robert Catesby အကြောင်း အခြေခံရိုက်ကူးထားပါတယ်။ ကြည့်ရှုသူတွေကတော့ နှိပ်စက်ညှဉ်းပန်းတဲ့အခန်းတွေက စိတ်မသက်မသာဖြစ်စေပေမယ့် ပထမဦးဆုံးအပိုင်းကို ကြည့်ရှုပြီးတဲ့အခါမှာတော့ အလွန်ကောင်းတဲ့ ဒရမ်မာဇာတ်ကားတစ်ကားပါလို့ ဆိုကြပါတယ်။ ဒီဇာတ်ကားမှာ ကစ်ဟာရင်တန်ဟာ Robert Catesby အဖြစ် သရုပ်ဆောင်ထားပါတယ်။ **ပီတီအိုင်** ခြူး

စာမျက်နှာ ၁၈ မှ

မန္တလေးမှာ ဆုံပြီးကတည်းက မတွေ့ကြတော့တာ ဆိုတော့အဖွဲ့တွေက လူစုံအောင်လုပ်နေရတယ်၊ ဒီပွဲကလည်း ကျွန်တော်တို့ ခေတ်တုန်းက ကဲခဲ့တဲ့လူငယ်တွေ ပြန်ဆုံတာမို့၊ အားလုံးလည်း ပျော်ကြမှာပါ၊ နောင် ၁၅ နှစ်လောက်မှ ဖျော်ဖြေရေးကို ပြန်လုပ်ဖြစ်ရင်တောင် အသက်ကမနည်းတော့ဘူး၊ ဖျော်ဖြေမှုပိုင်းကအစ အားနည်းသွားနိုင်ပါတယ်၊ နောက်ဆုံးအနေနဲ့ လုပ်တာလည်းဖြစ်နိုင်ပါတယ်၊ ဖျော်ဖြေပွဲမှာ ပါဝင်မယ့် လုပ်ဆောင်မှုတွေကိုပါ အကောင်းဆုံးဖန်တီးသွားမယ်၊ ၂၀၁၇ ခုနှစ်ရဲ့ အကြီးကျယ်ဆုံးသော Hip Hop ပွဲဆိုလည်း မမှားပါဘူး၊ အဖွဲ့အားလုံးပေါင်း ၁၁ ဖွဲ့ထည့်ထားပါတယ်" ဟု အဆိုတော် အနဂ္ဃက ပြောသည်။

အဆိုပါ ပွဲ လက်မှတ်များကိုလည်း VVIP(exclusive) ခုနစ်သောင်း၊ VVIP ငါးသောင်း ၊ VIPသုံးသောင်း party zone နှစ်သောင်းခွဲ၊ General Admission တစ်သောင်း သတ်မှတ်ထားပြီး၊ M2M DVD Shop-SNW MUSIC-MYANPWEL TICKETING-GENIUS CLOTJING-MAN THIRI RECORDS တို့မှာ ဝယ်ယူနိုင်ကြောင်းသိရသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အခန်းကဏ္ဍ

မင်းမင်း(ထားဝယ်)

ဓာတ်ပုံ-မေမိုးသဲ

ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာပေါ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ဟူသော စကားရပ်သည် အထူးရေပန်းစားလှသည်။ တစ်နည်းအားဖြင့် လူသားများ၏ တိုးတက်မှုကို သဘာဝတရားနှင့် သဟဇာတညီမျှစွာ အနာဂတ် ကမ္ဘာကြီးအတွက် မည်ကဲ့သို့ ရွေ့ဆက်သွားမလဲဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ အနာဂတ် ကမ္ဘာကြီး ရေရှည်တည်တံ့စေရေး အတွက် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေး စသည့် မဏ္ဍိုင်ကြီး (၃)ရပ် အချိုးညီမျှစွာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များသည် နိုင်ငံသူ နိုင်ငံသားများ၏ အနာဂတ်အတွက် အထူးအရေးကြီး လိုအပ်လာသည်။

ကမ္ဘာမြေသည် သက်ရှိများ စားသောက်ရန် အစားအစာ၊ ဝတ်ဆင်ရန် အဝတ်အထည်၊ နေထိုင်ရာ အိမ်ရာများအတွက် ထောက်ပံ့ပေးသလို သောက်သုံးရန်ရေ၊ ရှူရှိုက်ရန်လေ၊ နားခိုရန် သစ်ပင်တို့သာမက လူသားတို့အတွက် သယံဇာတများ၊ စွမ်းအင်များကိုလည်း ဖြည့်ဆည်းပေးသည်။ **သဘာဝပတ်ဝန်းကျင်**ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်သည့် လူသားတို့ ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကို လည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာအကြောင်း အချက်များကို လည်းကောင်း၊ **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကိုဆိုသည်ဟု ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ**တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သို့ဖြစ်၍ ကမ္ဘာမြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့သည် "ကိုင်းကျွန်းမို့ ကျွန်းကိုင်းမို့" ဆိုသလို အပြန်အလှန်ဆက်နွှယ်၍ အပြန်အလှန် အကျိုးပြုနေသည်မှာလည်း အားလုံးအသိပင် ဖြစ်သည်။

သို့ဖြစ်၍ တစ်နှစ်ထက် တစ်နှစ် တိုးတက် များပြားလာသည့် လူဦးရေ (People)၊ တစ်စစ ယိုယွင်းလာသည့် သဘာဝပတ်ဝန်းကျင်နှင့်အတူ အိုမင်းလာပြီဖြစ်သည့် ကမ္ဘာမြေ (Planet)၊ လူသားများအတွက် သာယာဝပြောမှု (Prosperity)၊ ရေရှည်တည်တံ့မှုအားလုံး၏ အခြေခံလိုအပ်ချက် ဖြစ်သည့် ငြိမ်းချမ်းရေး (Peace) နှင့် နိုင်ငံအတွင်း၊ နိုင်ငံအချင်းချင်း အေးအတူ ပူအမျှ ပူးပေါင်းသွားရမည့် ပူးပေါင်းဆောင်ရွက်မှု (Partnership) စသည့် အချက် (၅) ချက်အပေါ်မူတည်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် (၁၇) ချက်ကို နိုင်ငံတိုင်းမှ လိုက်နာကျင့်သုံးဆောင်ရွက်သွားရန် ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ပေးခဲ့သည်။

အဆိုပါ ပန်းတိုင်(၁၇) ချက်အပေါ် လေ့လာကြည့်လျှင် သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွှယ်နေသည့် ပန်းတိုင် အများစုပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်-ပန်းတိုင်(၆)ဖြစ်သည့် **လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးအတွက် ကောင်းမွန်သည့်စီမံခန့်ခွဲမှု ဖြစ်ပေါ်စေရေး**အတွက် ရေဆိုးများအား သန့်စင်ခြင်းဖြင့်ရေ၏ အရည်အသွေးကောင်းမွန်ရေး၊ ရေကို ထိရောက်စွာ အသုံးပြုခြင်း၊ ရေရှားပါးမှု အခက်အခဲ ပြဿနာကို ဖြေရှင်းခြင်း၊ ရေနှင့် ဆက်စပ်လျက်ရှိသည့် ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်တွင် နေထိုင်ခြင်းဖြင့် သန့်ရှင်းသည့် မိလ္လာစနစ်ဖြစ်ပေါ်စေရေးတို့ကို အဆိုပါပန်းတိုင်အတွက် အဓိက ပုံဖော်သွားရမည်ဖြစ်သည်။

ပန်းတိုင် (၇) ဖြစ်သည့် **လူတိုင်းအတွက် ကောင်းမွန်စိတ်ချရပြီး ရေရှည်တည်တံ့စေမည့် ခေတ်မီစွမ်းအင်ရရှိရေး**အတွက် ပြန်ပြည့်မြဲ စွမ်းအင် (Renewable energy) များ ဖြစ်သည့် နေရောင်ခြည်စွမ်းအင် (Solar Energy)၊ ရေအားလျှပ်စစ် (Hydroelectric)၊ လေစွမ်းအင် (Wind power) စသည်တို့ သုံးစွဲမှုမြင့်တက်လာစေရေးနှင့် ယင်းစွမ်းအင်များကို ထိရောက်စွာ အသုံးပြုစေရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားရမည် ဖြစ်သည်။

ယခုလက်ရှိပုံစံအတိုင်း ကမ္ဘာပေါ်ရှိ လူသားများသည် စားသောက်မှု၊ နေထိုင်မှု၊ ထုတ်လုပ်မှု ပုံစံတို့ကို မပြောင်းလဲဘဲ ဆက်လက်ကျင့်သုံးသွားပါက လာမည့် ၂၀၅၀ ပြည့်နှစ် မျှော်မှန်းလူဦးရေ ၉ ဒသမ ၆ ဘီလီယံအတွက် လူသားများ အသက်ရှင် ရပ်တည်နိုင်ရန် ကမ္ဘာကြီး သုံးလုံးခန့် လိုအပ်မည်ဟု ပညာရှင်များ သုံးသပ်ထားသည်။ သို့ဖြစ်၍ ပန်းတိုင် (၁၂)ဖြစ်သည့် **ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်း ပုံစံများ ဖြစ်ပေါ်စေရေး** အတွက် စားနပ်ရိက္ခာ (အစားအသောက်) များ အလဟဿနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် တားဆီးကာကွယ်ရန်၊ အစားအစာ ထုတ်လုပ်စားသုံးမှုနှင့် လူတို့၏ နေထိုင်စားသောက်ပုံစံတို့ကို ပြောင်းလဲကျင့်သုံးပြီး အဆိုပါပန်းတိုင်ကို ချိတက်သွားရမည် ဖြစ်သည်။

ယနေ့ ၂၁ ရာစု နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမျက်နှာစာတွင် ရာသီဥတု ပြောင်းလဲလာခြင်းသည် ကမ္ဘာသူ ကမ္ဘာသားများ မလွှဲမသွေ ရင်ဆိုင်ကြုံတွေ့နေရသည့် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။ အဓိက တရားခံများဖြစ်သည့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ ရုပ်ကြွင်း လောင်စာများ၊ စွမ်းအင်များ အလွန်အကျွံထုတ်ယူသုံးစွဲလာကြခြင်း၊ တိုးပွားလာသည့် လူဦးရေများ၏ စားနပ်ရိက္ခာဖူလုံမှုအတွက် လယ်ယာမြေ ချဲ့ထွင်စိုက်ပျိုးလာကြခြင်း၊ လောင်စာအတွက် ထင်း၊ မီးသွေး သုံးစွဲမှုများ၊ မတော်လောဘသမားများ၏ ကိုယ်ကျိုးအတွက် စီးပွားရှာမှုများ၊ တောမီးများလောင်ကျွမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်များ ယိုယွင်းပျက်စီးလာခြင်းနှင့်အတူ ကမ္ဘာမြေကြီး ပူနွေးလာခြင်း ပင် ဖြစ်သည်။ နောက်ဆက်တွဲ ဘေးများအဖြစ် ကမ္ဘာတစ်ဝန်းတွင် အပူအအေးလွန်ကဲခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းများ ဖြစ်ပေါ်ခြင်း စသည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများနှင့်အတူ အစွန်းရောက် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုဒဏ်ကို သက်ရှိသက်မဲ့များ တစ်နှစ်ထက်တစ်နှစ် ပိုမို၍ ဆိုးရွားစွာ ခံစားလာရပြီး ဆိုးကျိုးများအဖြစ် ကမ္ဘာ့ပြည်သူ ပြည်သားများ၏ ဘုံရည်မှန်းချက်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအပေါ် များစွာနှောင့်နှေးစေမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ပန်းတိုင် (၁၃) ဖြစ်သည့် **ရာသီဥတုပြောင်းလဲခြင်းနှင့် ယင်း၏ အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေး**အတွက် အဓိက ပန်းတိုင်တစ်ခုအနေဖြင့် ဦးစားပေး ဆောင်ရွက်သွားရမည် ဖြစ်သည်။

ပန်းတိုင် (၁၄) ဖြစ်သည့် **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပင်လယ်၊ သမုဒ္ဒရာနှင့်ရေသယံဇာတများကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး**အတွက် ကမ်းရိုးတန်း ဒေသများ၏ ဒီရေတောများ ဖွံ့ဖြိုးရှင်သန်ရေး၊ သဘာဝရှုခင်းများဖြစ်သည့် ကျောက်ပန်း၊ ကျောက်ခက်၊ သန္တာကျောက်တန်းများ မပျက်စီးစေရေး၊ ပင်လယ်ပြင်အက်စစ် ဖြစ်ထွန်းခြင်းကို တားဆီးကာကွယ်ခြင်း၊ အလွန်အကျွံငါးဖမ်းခြင်း၊ ပင်လယ်နှင့် ကမ်းရိုးတန်း ဂေဟစနစ်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်းဖြင့် ပုံဖော်သွားရမည် ဖြစ်သည်။

ပန်းတိုင်(၁၅) ဖြစ်သည့် **ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းရေး၊ သစ်တောများ ရေရှည်တည်တံ့စေရေး၊ သဲကန္တာရများ မဖြစ်ပေါ်စေရေး၊ မြေယာပြုန်းတီးမှု ရပ်တံ့စေရေးနှင့် ဇီဝမျိုးစုံ မျိုးကွဲပြုန်းတီးမှုရပ်တံ့စေရေး** အတွက် သစ်ပင်သစ်တောများ ထိန်းသိမ်းခြင်း၊ မျိုးသုဉ်းပျောက်ကွယ်မည့်အရေး ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ တောရိုင်းတိရစ္ဆာန် မျိုးစုံကို တရားမဝင် အဓဲလိုက်ခြင်းနှင့် တရားမဝင် ကူးသန်းရောင်းဝယ်ခြင်းတို့ကို အဆုံးသတ်စေရေးတို့ဖြင့် ရည်မှန်းချက် ပြည့်မီအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်သည်။

သို့ဖြစ်၍ ကမ္ဘာ့ရွာကြီးအတွင်း အပြန်အလှန် အကျိုးပြုဆက်နွှယ်၍ အတူယှဉ်တွဲ နေထိုင်လျက်ရှိကြသည့် သက်ရှိသက်မဲ့ ဝန်းကျင်တစ်ခုလုံးအတွက် ကျွန်ုပ်တို့ လူသားအားလုံးမှ သဘာဝပတ်ဝန်းကျင် ယိုယွင်းလာသည့် ကမ္ဘာမြေကြီး ရေရှည်တည်တံ့စေရေးနှင့် မိမိတို့၏ သားစဉ်မျိုးဆက်တိုင်အောင် ကောင်းမွန်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်း အမွေကောင်းများအဖြစ် ပေးစွမ်းနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ်ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များဆီသို့ အရောက်လှမ်းနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

သင်ထောက်ကူပစ္စည်းများ ပေးအပ်

သန်လျင် နိုဝင်ဘာ ၃- နည်းပညာတက္ကသိုလ်(သန်လျင်)ရှိ ရေနံအင်ဂျင်နီယာဌာနသို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁ ရက်က ယင်းတက္ကသိုလ်အစည်းအဝေးခန်းမ၌ကျင်းပရာ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဒေါက်တာသိဂီထံသို့ အလှူရှင်က သင်ထောက်ကူစာအုပ်များကို ပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ ယနေ့ လှူဒါန်းပွဲတွင် နည်းပညာတက္ကသိုလ် (သန်လျင်) ရေနံအင်ဂျင်နီယာဌာနတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအတွက် Yetagun Classic မှ ဒေါ်လာ ၅၀၀၀၊ Yetagun CSR Program မှဒေါ်လာ ၂၀၀၀ တန်ဖိုးရှိ သင်ထောက်ကူစာအုပ်များ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

ရိုးရာအစဉ်အလာမပျက် ကပြမည့် ဖျာပုံ ရာမာယဏဇာတ်တော်ကြီး

သူဇာနွယ်(ဖျာပုံ)

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့မန်ကျည်းတန်းရပ်ရှိ ရွှေနတ်ကူဘုရားပွဲတော်တွင် နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိအတွင်း သမိုင်းဝင် ဖျာပုံမဟာရာမာယဏ ဇာတ်တော်ကြီးကို (၁၃၉)ကြိမ်မြောက်အဖြစ် ရိုးရာအစဉ်အလာမပျက်ကပြ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တော်ကြီးကို လွန်ခဲ့သော ၁၃၉ နှစ် မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်က ဖျာပုံမြို့တောင်ပိုင်းရပ်၌ စတင်ကပြခဲ့ကြောင်း သိရသည်။ ထိုစဉ်က ရွာလယ်ကျောင်းဆရာတော် ဦးအာလောကကို အကြောင်းပြု၍ ဆရာမွန်းကြီးဦးဆောင်သည့် ရာမဇာတ်အဖွဲ့သည် ဖျာပုံမြို့သို့ စတင်ရောက်ရှိလာပြီး အလှူမင်္ဂလာပွဲတော်များတွင် ကပြခဲ့ကြရာမှ ဖျာပုံမြို့ မန်ကျည်းတန်းရပ်ရှိ အရပ်သူအရပ်သားများနှင့် ပူးပေါင်းမိပြီး ရာမဇာတ်ကို စတင်ကပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ဖျာပုံမြို့မန်ကျည်းတန်းရပ်၏ နန်းတွင်းမြန်မာရာမအဖြစ် ထင်ပေါ်ခဲ့ပြီး စဉ်ဆက်မပြတ် နန်းတွင်းမူအတိုင်း ဆက်ခံကပြလာခဲ့ကြသည်မှာ ယခုနှစ်ဆိုလျှင် ၁၃၉နှစ် တိုင်ခဲ့ပြီဖြစ်သည်။

ယခုနှစ် ဖျာပုံနန်းတွင်း ရာမာယဏဇာတ်ကို ဖျာပုံမြို့ ရွှေနတ်ကူဘုရားပွဲတော်၌ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်အထိ ဖျာပုံ ရွှေနတ်ကူဘုရားကြီးဝင်းအတွင်းရှိ ရာမဇာတ်ရုံတော်ကြီးတွင် ကိုးညတိုင်တိုင် အစဉ်အလာမပျက် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

“ယခုနှစ်မှာ အရင်နှစ်များကထက်ပိုပြီး ခမ်းနားသိုက်မြိုက်စွာ ကနိုင်ဖို့ကြိုတင်ပြင်ဆင် ဆောင်ရွက်နေပါတယ်၊ ဇာတ်တော်ကို အဆင့်မြှင့်ဖို့ကြိုးစားနေပါတယ်၊ ဇာတ်ခုံ အပြင်အဆင်မီးကအစ ပြင်ဆင်နေပါတယ်။ ယခင်နှစ်တွေကထက် ခမ်းနားအောင် ပြင်ဆင်နေပါတယ်”ဟု ဖျာပုံနန်းတွင်း မဟာရာမာယဏ ဇာတ်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒဿဂီရိသရုပ်ဆောင် ရွှေတံဆိပ်ဆုရှင် ဦးဇော်ဦးကပြောသည်။

ဖျာပုံရာမဇာတ်တော်တွင် ရာမမင်းသားအဖြစ် နှစ်ပေါင်းများစွာ သရုပ်ဆောင်ခဲ့သူ ရွှေတံဆိပ်ဆုရှင် ဦးမြင့်အုန်းက လည်း “ကျွန်တော့်အနေနဲ့ ဒီဖျာပုံရာမဇာတ်မှာ ရာမမင်းသားအဖြစ် သရုပ်ဆောင်ခဲ့တာ ၄၉ နှစ်ရှိပါပြီ၊ ရာမဇာတ်သရုပ်ဆောင်ဖြစ်လို့ ဖျာပုံရာမကို ချစ်နေတယ်ဆိုခြင်းထက် ရာမဇာတ်တော်ကြီးကို ပိုပြီး ချစ်မြတ်နိုး တန်ဖိုးထားပါတယ်လို့ ပြောရင် ပိုမှန်ပါလိမ့်မယ်၊ ကျွန်တော်တို့က သဘင်သည် မဟုတ်ပါဘူး၊ သာမန်အရပ်သားတွေပါ၊ ဆရာဆရာကြီးတွေလက်ဆင့်ကမ်းသင်ပြပေးခဲ့တဲ့အမွေတွေနဲ့ ဆက်လက်ထိန်းသိမ်း ကပြနေခြင်းပါ၊ နှစ်ပေါင်း ၁၃၀ ကျော် ထိန်းသိမ်းနိုင်ခဲ့ပြီမို့ ဂုဏ်ယူပါတယ်၊ နောင်မျိုးဆက်ကို ဂုဏ်ယူစွာလက်ဆင့်ကမ်းပေးဖို့စီစဉ်လျက်ရှိပါတယ်”ဟု ပြောသည်။

သမိုင်းဝင် ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တော်ကို ယခင်က ဖျာပုံမြို့မန်ကျည်းတန်းရပ်ရှိ ရွှေနတ်ကူဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၌ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်အထိ ကပြခဲ့သည်။ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းတိုက်ပြီးသည့် နောက်ပိုင်းတွင် သတင်းကျွတ်လပြည့်ကျော်အစား တန်ဆောင်မုန်းလပြည့်

ဖျာပုံရာမဇာတ်တော်မှ ဒဿဂီရိ ကဟန်

ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့သို့ ရက်ရွှေ့ပြောင်း ကပြသည်မှလွဲ၍ ယနေ့အထိ နှစ်စဉ် ကိုးညတိုင်တိုင် အစဉ်အလာမပျက် ကပြနေဆဲဖြစ်သည်။ ပွဲတော်ကာလတွင် မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ပွဲကြည့်သူ၊ ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် ဂုဏ်ယူဖွယ် စည်ကားလှုပ်ရှားပေသည်။

သမိုင်းဝင် ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တော်ထဲတွင် အဓိကဇာတ်ဆောင်များအဖြစ် ဘိုးတော်၊ ရာမ၊ လက္ခဏ၊ မယ်သီတာ၊ ပဿုူးရာမ၊ ဟာနုမာန်၊ သုဂ္ဂိတ်၊ ဗာလီ၊ ဒဿဂီရိ၊ ဣန္ဒဇိတ္တ၊ ဘိဘိသန၊ ဂဇ္ဇိတို့ ပါဝင်သည်။ ထိုဇာတ်တော်ထဲတွင် ဇာတ်ဆောင်တစ်ဦးချင်းစီ၏ စံပြ စရိုက်လက္ခဏာများဖြစ်သော ရိုးသားဖြောင့်မတ်သည့် ရာမ၊ အစ်ကိုနှင့်မရီးအပေါ် သစ္စာရှိပြီး တည်ကြည်သည့် လက္ခဏ၊ ခင်ပွန်းအပေါ် သစ္စာဖြဿည့် သီတာဒေဝီ၊ မြေးများအပေါ် အချစ်ပိုသည့် ဘိုးတော်၊ ကျေးဇူးသိတတ်သည့် သုဂ္ဂိတ်၊ ဉာဏ်အမြော်အမြင် ကြီးမားသည့် ဘိဘိသနစသည်ဖြင့် လူလောကတစ်ခုလုံးအတွက် အတုယူစရာများရှိသကဲ့သို့ ဇာတ်လမ်းတစ်ခုလုံးတွင်လည်း အဘိုးနှင့်မြေး၊ အစ်ကိုနှင့်ညီ၊ လင်နှင့်မယား၊ မရီး နှင့်မတ်၊ မောင်နှင့်နှမ၊ သားနှင့်အမိ၊ လူနှင့်တိရစ္ဆာန်တို့အကြားဆက်ဆံရေး၊ လူသဘာဝဖြစ်လေ့ဖြစ်ထရှိသည့် ပြဿနာများကို ဘက်ပေါင်းစုံမှ သင်ခန်းစာယူ လေ့လာနိုင်ဖွယ် တင်ဆက်ထားသည့် ဇာတ်တစ်ခုဖြစ်ပေသည်။

ဖျာပုံရာမဇာတ်တော်ကို ကပြရာတွင် ပထမည၌ တိုင်းပြည်တည်ထောင်ခန်း၊ ကန်ဆင်းကန်ထခန်း၊ သီတာဒေဝီဖြစ်ပေါ်လာခန်း၊ ဒုတိယညတွင် တောထွက်ခန်း၊ လေးဆက်ခန်း၊ တတိယညတွင် လေးရုံသွားခန်း၊ လေးတင်ခန်း၊ စတုတ္ထညတွင် လေးတင်ခန်း၊ ပဉ္စမညတွင် ရာမပန်းစိုက်၊ သမင်လိုက်ခန်း၊ ဆဋ္ဌမညတွင် ဘိုးတော်သခဲ့ခြောက်ခန်း၊ သတ္တမညတွင် သင်္ဂြိဟ်ပြည်မီးရှို့ခန်းတို့ကို အပိုင်းလိုက် ကပြကြပြီး နောက်ဆုံး နှစ်ညတွင် ညွှန့်ပေါင်းအဖြစ် အခန်းစုံ ပါဝင်ကပြကြပေသည်။

ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တွင် ထူးခြားမှုမျိုးစွာလည်း ရှိနေသည်။ မြန်မာပြည် အနယ်နယ်အရပ်ရပ်တွင် ဇာတ်အဖွဲ့များစွာက ရာမဇာတ်တော်ကို ကပြခဲ့ဖူးကြသော်လည်း ယခုအချိန်အထိ နှစ်ပေါင်းများစွာ ရာမဇာတ်တော်တစ်ခုတည်းကိုသာ နှစ်စဉ် အစဉ်အလာမပျက် ကပြလျက်ရှိသည်မှာ ဖျာပုံရာမဇာတ်၏ ထူးခြားချက်တစ်ခုဖြစ်ပေသည်။

ထို့အပြင် ဖျာပုံရာမဇာတ်ကို သရုပ်ဖော်ကပြသူများ၏ ခေါင်းစွပ်၊ မျက်နှာဖုံးများအဖြစ် အသုံးပြုနေသည့် အနုပညာလက်ရာမြောက် ပုံတော်ခေါင်းများသည် ယခင် နန်းတွင်းရာမဇာတ်တွင် အသုံးပြုခဲ့သည့် မူလပုံတော်ခေါင်းများ ဖြစ်နေခြင်းလည်း ဖျာပုံရာမဇာတ်၏ ထူးခြားချက်တစ်ခုဖြစ်ပေသည်။

ဖျာပုံရာမဇာတ်တွင် ပါဝင်ကပြသည့် အဖွဲ့သားများသည်လည်း သဘင်ပညာဖြင့် အသက်မွေးကြသော ပညာရှင်များမဟုတ်ကြဘဲ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းအသီးသီးကို လုပ်ကိုင်နေကြသည့် သာမန် အရပ်သူအရပ်သားများသာဖြစ်ကြပြီး မျိုးရိုးအလိုက် တရိုတသေ ဆက်ခံထိန်းသိမ်းကပြလာခဲ့ရင်း မျိုးဆက်ငါးဆက်ခန့်အထိ လက်ဆင့်ကမ်းကပြနေနိုင်ခဲ့ခြင်းသည်လည်း ထူးခြားချက်တစ်ခုဖြစ်ပေသည်။

ထို့အပြင် ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တော်ကို ကပြသည့်နေရာသည်လည်း ဖျာပုံမြို့အမှတ်(၄)ရပ်ကွက် မန်ကျည်းတန်းရပ်ရှိ ဇကနဲကျော်ကြား ရွှေနတ်ကူဘုရားကြီးဝင်းအတွင်းမှ ရာမဇာတ်ရုံ တစ်နေရာတည်းတွင်သာ စဉ်ဆက်မပြတ် ကပြခဲ့ခြင်းဖြစ်ကာ အဆိုပါဇာတ်ရုံကို ဖျာပုံရာမဇာတ် ကပြသည်မှလွဲ၍ အခြားမည်သည့် ဇာတ်သဘင်ကိုမျှ စီးပွားဖြစ် ငှားရမ်းပေးခဲ့ဖူးခြင်းမရှိသည်မှာလည်း ဖျာပုံရာမဇာတ်၏ ထူးခြားမှုတစ်ခုဖြစ်ပေသည်။

အဆိုပါ သမိုင်းဝင် ဖျာပုံရာမဇာတ်ရုံသည် ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့်အခါ ထိုနေရာမှာပင် ရာမဇာတ်ခုံ ပြန်လည်ဆောက်လုပ်ပြီး လက်ရှိအချိန်အထိ ယာယီအမိုးအကာများဖြင့် ကပြနေရသည်။ နောင်နှစ်များတွင် ရာသီဥတုပြောင်းလဲမှု များလာပါက နှစ်စဉ် အစဉ်အလာမပျက် ဆက်လက်ကပြနိုင်ရေးအတွက် ခိုင်မာပြည့်စုံသည့် မိုးလုံလေလုံအဆောက်အအုံ ရာမဇာတ်ရုံကြီး တည်ဆောက်နိုင်ရေးအတွက် ဖျာပုံမြို့ ကံဦးကျောင်းဆရာတော်က နာယကအဖြစ် ဆောင်ရွက်တော်မူသော ရွှေနတ်ကူဘုရားကြီး ဂေါပကအဖွဲ့ ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့က ဦးဆောင်၍ အကောင်အထည်ဖော် ဆောက်လုပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေကြကြောင်း သိရသည်။

“အဆိုးဆုံး ထိန်းသိမ်းဖြတ်ကျော်ခဲ့ရတဲ့ ကာလက နာဂစ်တိုက်တဲ့ နှစ်ပါ၊ ကနေကျ ရာမဇာတ်ရုံကြီး ပြိုကျသွားတယ်။ ကပြမယ့်အချိန် ဇာတ်ရုံကမရှိတော့ဘူး၊ ရပ်လိုက်ရင်လည်း နှစ်ပေါင်းတစ်ရာကျော် ထိန်းသိမ်းခဲ့တဲ့ မြို့ရဲ့ ဂုဏ်ယူဖွယ်ရာ အစဉ်အလာက ပျက်မယ်၊ အဲဒီအချိန်မှာ ဇာတ်အဖွဲ့တွေ မိတ်သင်္ဂဟတွေစုပြီး ဇာတ်စင်အတွက် ဝါးဆိုင်တွေမှာ ဝါးတွေငှားတယ်။ ကွမ်းသီးပင်တွေ လိုက်ဝယ်တယ်၊ သယ်ယူစရိတ်များလို့ လေ့သင်္ဘော မတတ်နိုင်တဲ့အတွက် မြစ်တစ်ဖက်ကမ်းက ကွမ်းသီးပင်တွေကိုဖောင်ဖွဲ့ပြီး လေနဲ့ရေထဲက သယ်လာတယ်၊ အဲဒီလို အခက်အခဲတွေနဲ့ ပိုင်းဝန်းကြိုးစားပြီး ဇာတ်ကနိုင်အောင် စီစဉ်ခဲ့ရတဲ့ စိန်ခေါ်မှုမျိုးအထိ ကြုံခဲ့တယ်၊ ပင်ပန်းခဲ့ကြပေမယ့် အစဉ်အလာမပျက် ထိန်းသိမ်းကပြနိုင်ခဲ့လို့ အခုချိန်မှာ အားလုံးက ဂုဏ်ယူနေပါတယ်၊ လက်ရှိအချိန်မှာ ရာသီဥတုက ပြောင်းလဲမှုများတယ်၊ အဲဒီတော့ မိုးလုံလေလုံ ခိုင်ခိုင်မာမာ ဖျာပုံရာမဇာတ်ရုံ ပြန်လည်တည်ဆောက်နိုင်ဖို့ကြိုးစားနေကြရပါတယ်”ဟု ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

ဖျာပုံရာမဇာတ်တော်ကြီးသည် ထူးခြားမှုမျိုးစွာရှိနေသည့် သမိုင်းဝင် ရာမဇာတ်အဖွဲ့ဖြစ်နေသည်နှင့်အညီ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်သဘင်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင်လည်း ဆဋ္ဌမအကြိမ်က ဇာတ်တော်ကြီး ငွေတံဆိပ်ဆုနှင့် လက္ခဏာသရုပ်ဆောင် ရွှေတံဆိပ်ဆု၊ သတ္တမအကြိမ်တွင် ဇာတ်တော်ကြီး ကြေးတံဆိပ်ဆုနှင့် ဆိုင်းအဖွဲ့ ရွှေတံဆိပ်ဆု၊ ဒသမအကြိမ်တွင် ဇာတ်တော်ကြီး ရွှေတံဆိပ်ဆု၊ ရာမသရုပ်ဆောင် ရွှေတံဆိပ်ဆု၊ လက္ခဏာသရုပ်ဆောင် ရွှေတံဆိပ်ဆု၊ ဒဿဂီရိ သရုပ်ဆောင်ရွှေတံဆိပ်ဆုနှင့် ဆိုင်းအဖွဲ့က ရွှေတံဆိပ်ဆု၊ (၁၂)ကြိမ်မြောက်တွင် ဇာတ်ညွှန်းရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိထားကြောင်း သိရသည်။

ဖျာပုံမြို့မှ ဒေသခံများအနေဖြင့်လည်း ဖျာပုံရာမဇာတ်တော်ကြီးကို မြို့၏ ဂုဏ်ယူဖွယ်ရာတစ်ရပ်အဖြစ် ရှုမြင်ကြကြောင်း သိရသည်။ မြို့ခံတစ်ဦးဖြစ်သူ ဦးသိန်းထွန်းက “ဖျာပုံရာမဇာတ်အပေါ် မြို့သူမြို့သားတွေက ယုံကြည်မှုတစ်ခုရှိနေတယ်၊ ရာမဇာတ်ကရင် မြို့အေးချမ်းသာယာတယ်၊ မကဖြစ်ရင် တစ်ခုခုဘေးအန္တရာယ်ကျရောက်လာမလားဆိုတဲ့ အယူတစ်ခုလည်း ဒေသခံတချို့ မှတ်ယူထားတတ်ကြတယ်၊ ဒီလောက် နှစ်ပေါင်း တစ်ရာကျော်တိုင် ထိန်းသိမ်းစောင့်ရှောက် ကပြလာခဲ့ကြတဲ့ ရာမဇာတ်အဖွဲ့သားတွေကို မြို့ခံအနေနဲ့ ကျေးဇူးတင်တယ်၊ ခိုးကျူးပါတယ်၊ ဂုဏ်ယူပါတယ်၊ ဆက်လက်ထိန်းသိမ်းသွားနိုင်မယ်လို့လည်း ယုံကြည်ပါတယ်”ဟု ပြောသည်။

လူလောကအတွက် အတုယူစရာများ ပြည့်နှက်နေသော၊ နှစ်ပေါင်းများစွာ ရှေးမူမပျက် ထိန်းသိမ်းလာနိုင်ပြီး ထူးခြားမှုများစွာ ရှိနေသော ဖျာပုံမြို့၏သမိုင်းဝင် ဂုဏ်ယူဖွယ်ရာ ဖျာပုံနန်းတွင်း မဟာရာမာယဏဇာတ်တော်ကြီးကို ပွဲတော်အခါသမယအတွင်း မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများ လာရောက်ကြည့်ရှုနိုင်ပါကြောင်း လေးစားဂုဏ်ယူစွာ ဖိတ်ခေါ်လိုက်ရပေသည်။ ။

ဘိုးတော်၊ ရာမနှင့် လက္ခဏတို့ ပါဝင်သော ဇာတ်ဝင်ခန်းတစ်ခန်း

“ဖျာပုံရာမဇာတ်တွင် ပါဝင်ကပြသည့် အဖွဲ့သားများသည်လည်း သဘင်ပညာဖြင့် အသက်မွေးကြသော ပညာရှင်များမဟုတ်ကြဘဲ ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအသီးသီးကို လုပ်ကိုင်နေကြသည့် သာမန် အရပ်သူ အရပ်သားများသာဖြစ်ကြပြီး မျိုးရိုးအလိုက် တရိုတသေ ဆက်ခံထိန်းသိမ်းကပြလာခဲ့ရင်း မျိုးဆက် ငါးဆက်ခန့်အထိ လက်ဆင့်ကမ်း ကပြနေနိုင်ခဲ့ခြင်းသည်လည်း ထူးခြားချက်တစ်ခု ဖြစ်ပေသည်”

**အသက် ၂၂ နှစ်အောက်
ကလပ်ပေါင်းစုံ
ဘောလုံးပြိုင်ပွဲ ကျင်းပ**

မြိတ် နိုဝင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြို့နယ်အဆင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် မြိတ်မြို့နယ် အားကစားနှင့်ကာယကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အသက် ၂၂ နှစ်အောက် ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်က မြို့မ အားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲကို မြိတ်မြို့နယ်အားကစားနှင့်ကာယကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်အေးက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် ကစားသမားများပေါ်ထွန်းလာစေရေး၊ လက်ရွေးစင်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခဲ့ကြပြီး ပြိုင်ပွဲစတင်ကျင်းပခဲ့ရာ U.S.W.F.C အသင်းနှင့် ကောင်းကမ္ဘာ F.C အသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲတွင် အသင်းခြောက်သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၀၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။**ခိုင်ထူး(မြိတ်)**

သီပေါမင်း၏ အနွယ်တော်များဖြင့် ရိုက်ကူးထားသည့် We Were Kings မှတ်တမ်းရုပ်ရှင်ပြသ

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင်မင်းဆက်ဖြစ်သည့် သီပေါမင်း၏ အနွယ်တော်များ ပါဝင်သရုပ်ဆောင် ရိုက်ကူးထားသည့် We Were Kings အမည်ရှိ မှတ်တမ်းရုပ်ရှင်ပြသခြင်းနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square ၌ နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့သည်။

We Were Kings မှတ်တမ်းရုပ်ရှင် ပရိဂျူဆာ Alex Bescoby က "လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က မြန်မာနိုင်ငံရဲ့ သမိုင်းကို လေ့လာတယ်၊ ကျွန်တော်တို့နိုင်ငံက ပြည်သူတွေကို မြန်မာနိုင်ငံအကြောင်း သိစေချင်တယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်မှာ စရိုက်ခဲ့တာပါ၊ မြန်မာနိုင်ငံအကြောင်းနဲ့ ပတ်သက်လို့ ဆက်ရိုက်သွားဖို့ရှိပါတယ်၊ ကျွန်တော်တို့ရိုက်သလို မြန်မာနိုင်ငံကလူတွေလည်း ကိုယ့်နိုင်ငံအကြောင်း ရှာဖွေပြီး ရိုက်စေချင်ပါတယ်"ဟု ပြောသည်။

သီပေါမင်း၏ မြစ်တော်တစ်ဦးဖြစ်သူ ဦးစိုးဝင်းက "သူတို့ဖြတ်ချလို့ပျောက်ကွယ်သွားရတဲ့ နောက်ဆုံးမင်းဆက်ကို သူတို့က မှတ်တမ်းရုပ်ရှင်ရိုက်တာ၊ ဦးတို့ဘက်ကကြည့်တော့ ပါဝင်တဲ့ ဇာတ်ဆောင်တွေက အရင်က ကိုယ့်မင်းကိုယ့်ချင်းနဲ့နေခဲ့တဲ့ မြန်မာနိုင်ငံမှာ သမိုင်းနဲ့အတူ မွေးဖွားလာတဲ့သူတွေ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံတိုးတက်ဖို့ အထောက်အကူပြုမယ်ဆိုတဲ့ အစီအစဉ်နဲ့ လုပ်ခဲ့တာပါ" ဟုပြောသည်။

ၾကာသပေါ်ကမ်းခြေတွင် ဆီမီး ၁၅၀၀ မီးမျှော်ပူဇော်ပွဲနှင့် ရိုးရာလေ့လော့ပြိုင်ပွဲ ကျင်းပ

ဝင်းကဆက်လက်၍ "သူတို့နိုင်ငံကို ပြောချင်တာတွေ သိစေချင်တာတွေကို ဒီဇာတ်ကားကနေ ပြမယ်၊ သူတို့က လာကူညီတာလို့ပဲ မြင်တယ်၊ ရုပ်ရှင်ရဲ့ အနှစ်သာရက မြန်မာနိုင်ငံရဲ့ အတိတ်ကို ပြန်ပြီး ပြနေတာပဲ၊ ပစ္စုပ္ပန်နဲ့ဆက်ပြီး အနာဂတ်ကို ဘယ်လိုသွားမလဲဆိုတဲ့ မက်ဆေ့ချ်ကို ပေးချင်တာပါ"ဟု ပြောသည်။

We Were Kings အမည်ရှိ မှတ်တမ်းရုပ်ရှင်ကို ၂၀၁၄ ခုနှစ်က ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ကြာချိန် ၅၆ မိနစ်ခန့်ရှိကာ အဆိုပါမှတ်တမ်းရုပ်ရှင်သည် အင်္ဂလန်နိုင်ငံတွင် ပြုလုပ်သည့် မှတ်တမ်းတင်ရုပ်ရှင်ကားများ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြောင်းနှင့် အဆိုပါမှတ်တမ်းရုပ်ရှင်ကို ပထမတစ်ကြိမ်က လန်ဒန်မြို့တွင် ပြသခဲ့ပြီး ယခု မြန်မာနိုင်ငံ၌ ပြသခြင်းသည် ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။ **သီသီမင်း**

မင်းလှမြို့နယ်တွင် ဆီမီး ၁၅၀၀ မီးမျှော်ပူဇော်ပွဲနှင့် ရိုးရာ လေ့လော့ပြိုင်ပွဲ ကျင်းပ

အထက်မင်းလှ နိုဝင်ဘာ ၃

သရက်ခရိုင် မင်းလှမြို့နယ်တောင်ရပ်ကွက်၌ မြို့နယ်၏ရိုးရာ ဆီမီး ၁၅၀၀ မီးမျှော်ပူဇော်ပွဲနှင့် ရိုးရာလေ့လော့ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

ဆီမီး ၁၅၀၀ မီးမျှော်ပူဇော်ပွဲနှင့် ရိုးရာလေ့လော့ပြိုင်ပွဲ ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဆီမီး ၁၅၀၀ မီးမျှော်ပူဇော်ပွဲနှင့် ရိုးရာလေ့လော့ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သူများအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆီမီး ၁၅၀၀ မီးမျှော်ပူဇော်ပွဲနှင့် ရိုးရာလေ့လော့ပြိုင်ပွဲကို မြို့နယ်ရဲမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်သာသနာရေးဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရိုးရာလေ့လော့ပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်။ ရိုးရာလေ့လော့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် လေ့အသင်းများအဖြစ် အမျိုးသား ၁၁ သင်းနှင့် အမျိုးသမီးနှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

ပုဂ္ဂလိကသင်တန်းကျောင်းများအား ထိန်းချုပ်သော ပညာရေးအဖွဲ့ရှိသင့်ဟုဆို

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံတွင် အလုပ်အကိုင်ဆိုင်ရာ သင်တန်းကျောင်းများ တိုးပွားလာသည်နှင့်အမျှ အရည်အသွေးထိန်းချုပ်သည့် ပညာရေးအဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်သင့်ပြီဖြစ်ကြောင်း ပုဂ္ဂလိက သင်တန်းကျောင်းများမှ သိရသည်။

"အလုပ်အကိုင်ဆိုင်ရာ သင်တန်းအောင်လက်မှတ်တစ်ခု ရရှိဖို့အတွက် နိုင်ငံခြားတိုင်းပြည်တွေမှာ အနည်းဆုံး နာရီ ၅၀ သင်ကြားကြရပါတယ်၊ ဒီပလိုမာနဲ့ ဒီဂရီသင်တန်းတွေဆိုရင်လည်း နိုင်ငံတကာ စံချိန်စံညွှန်းသတ်မှတ်ချက်တွေရှိပါတယ်၊ သင်ကြားပေးတဲ့ ဆရာတွေရဲ့ အရည်အချင်းပြည့်ဝမှုကလည်း အရေးကြီးပါတယ်၊ ဒါမှသာ သင်တန်းသားတစ်ဦးရရှိတဲ့ အောင်လက်မှတ်တစ်ခုဟာ တန်ဖိုးရှိတယ်လို့ ပြောနိုင်မှာဖြစ်ပါ တယ်"ဟု သင်တန်းကျောင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စင်ကာပူနိုင်ငံတွင် ပုဂ္ဂလိကသင်တန်းကျောင်းများအား ပညာရေးဝန်ကြီးဌာနက ဦးဆောင်၍ ပညာရေးအရည်အသွေး ထိန်းချုပ်သည့် အဖွဲ့အစည်းရှိကြောင်း၊ အဆိုပါ ပညာရေး အရည်အသွေးထိန်းချုပ် အဖွဲ့အစည်းက သင်တန်းကျောင်းများ၏ သင်ကြားပေးသော သင်ရိုးညွှန်းတမ်း၊ ဆရာ ဆရာမများ၏ အရည်အချင်းပြည့်ဝမှု၊ သင်တန်း၏ အရည်အချင်းပြည့်ဝမှုတို့ကို စိစစ်ပြီး အရည်အချင်းပြည့်ဝမှ လိုင်စင်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။ စင်ကာပူ နိုင်ငံတွင်သာမက မလေးရှားနိုင်ငံတွင်လည်း ပုဂ္ဂလိက အလုပ်အကိုင် သင်တန်းကျောင်းများအား အရည်အသွေးထိန်းချုပ် သည့် အဖွဲ့အစည်းများရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ယခုအခါ အလုပ်အကိုင်နှင့်ဆိုင်သော ပညာရေးသင်တန်းကျောင်းအရေအတွက်သည် ၁၀၀ ကျော်အထိ ရှိလာနေပြီဖြစ်သည်။ အဆိုပါ သင်တန်းကျောင်းများ၌ Lea-dership, HR, Marketing, Business Communication , Finanical Management , Project Manage-ment, Customer Services အစရှိသော သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့်အပြင် UK နှင့် စင်ကာပူကဲ့သို့ နိုင်ငံခြားတိုင်းပြည်များမှ အသိအမှတ်ပြုလက်မှတ်များ၊ ဒီဂရီနှင့် ဒီပလိုမာများ ရရှိနိုင်သော သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြသည်။ သို့သော်လည်း အဆိုပါ သင်တန်းကျောင်းများ၏ အရည်အချင်းပြည့်ဝမှုကို အာမခံပေးနိုင်သည့် အဖွဲ့အစည်းမျိုးမရှိသေးသဖြင့် အရည်အသွေးထိန်းချုပ်သည့် ပညာရေးအဖွဲ့အစည်းတစ်ရပ် လိုအပ်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ မြန်မာလူငယ်လူရွယ်များသည် အလုပ်အကိုင်တစ်ခုရရှိရေးအတွက် လိုအပ်သော အောင်လက်မှတ်များ ရရှိရန်အတွက် အများအားဖြင့် ပုဂ္ဂလိကသင်တန်းကျောင်းများကိုသာ အဓိကအားထားနေကြရသည်။ ပြည်တွင်း၌ပင် အဆိုပါ သင်တန်းကျောင်းများ ပေါ်ပေါက်လာသည့်အတွက် ယခင်က နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်၍ ပညာသင်ယူခဲ့ရသော ဘွဲ့ဒီဂရီနှင့် ဒီပလိုမာများကို ပြည်တွင်းမှာပင် ရယူနိုင်သော အခွင့်အလမ်းကောင်းများ ရရှိလာနေသည်မှာလည်း ပုဂ္ဂလိက သင်တန်းကျောင်းများ၏ အားသာချက်တစ်ခုဖြစ်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဂျာမနီနည်းပညာ ပံ့ပိုးသည့် အသေးစား ဆိုလာ ဓာတ်အားလိုင်းဖြန့်ဖြူးရေးစနစ်ဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီးစီး

မြိတ် နိုဝင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီးတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး NEP စီမံကိန်းအရ ပထမဆုံး ဂျာမနီနည်းပညာပံ့ပိုးမှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Techno-Hill Engineering ကုမ္ပဏီလီမိတက်နှင့် ပုလောမြို့နယ် ခန္တီးကျေးရွာမှ ပြည်သူများပူးပေါင်း၍ အသေးစား ဓာတ်အားလိုင်းဖြန့်ဖြူးရေးစနစ် (Solar mini-Grid)ဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ကျေးရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ) ခန်းမ၌ ကျင်းပခဲ့သည်။

ခန္တီးကျေးရွာတွင် တပ်ဆင်ပြီးစီးနေသော Solar mini-Grid စနစ်မှ ဆိုလာယူနစ်များ

ဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးမြင့်စန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးကြည်လွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ခန္တီးကျေးရွာတွင် ကျေးလက်နေပြည်သူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Techno-Hill Engineering ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သော NEP စီမံကိန်း အသေးစား ဆိုလာဓာတ်အားလိုင်းဖြန့်ဖြူးရေးစနစ်(Solar Mini-Grid)အကြောင်းကို ရှင်းလင်းပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ ခုမှ ကျေးရွာများ၌ အသေးစားဆိုလာဓာတ်အားလိုင်းဖြန့်ဖြူးရေးစနစ်ဖြင့် မီးလင်းရေးကို ဆောင်ရွက်လျက်ရှိရာ ခန္တီးကျေးရွာသည် ပထမဦးဆုံး လျှပ်စစ်မီးရရှိသော ကျေးရွာဖြစ်ကြောင်း၊ ဓာတ်အားလိုင်းစနစ်ကို ရေရှည်သုံးစွဲနိုင်အောင် ကုမ္ပဏီနှင့် ပြည်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျှင် ပထမဦးဆုံးခြေလှမ်းမှာ အောင်မြင်မည်ဖြစ်ကြောင်းနှင့် ဆက်လက်၍ တိုင်းဒေသကြီးအတွင်း၌ အသေးစား ဆိုလာဓာတ်အားလိုင်းဖြန့်ဖြူးရေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးက ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က NEP စီမံကိန်း အသေးစား ဆိုလာဓာတ်အားလိုင်းဖြန့်ဖြူးရေးစနစ်ဖြင့် ဆောင်ရွက်နေသော ကျေးလက်မီးလင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး Techno-Hill Engineering မှ ဒေါ်ဘရဏီအောင်က လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခန္တီးကျေးရွာ Solar Mini-Grid ဖွင့်ပွဲကို စက်ရုံမှုခ်ဦး၌ ကျင်းပခဲ့ရာ ခန္တီးကျေးရွာမှ လူရည်ချွန် မောင်ပြည့်ဟိန်း၊ ငါးဘာသာဂုဏ်ထူးရှင် မထက်ထက်မြတ်နိုးနှင့် တစ်ဘာသာဂုဏ်ထူးရှင် မောင်နိုင်ကိုကိုဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက Solar panel ထားရှိမှုနှင့် စက်ရုံအတွင်း အခြေအနေများ၊ ကျေးရွာအတွင်းမှ လျှပ်စစ်ဓာတ်အားသုံး လုပ်ကိုင်နေသော တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ခန္တီးကျေးရွာ ဆိုလာအသေးစားဓာတ်အားလိုင်းစနစ်တွင် ထုတ်လုပ်နိုင်မှုစွမ်းအား မှာ ဆိုလာ ၆၃ ကီလိုဝပ်ဖြစ်ပြီး အကျိုးပြုအိမ်ခြေ ၂၇၁ အိမ်အပြင် ဘုန်းကြီးကျောင်းသုံးကျောင်း၊ စာသင်ကျောင်း သုံးကျောင်း၊ ဆေးပေးခန်းတစ်ခန်းနှင့် လမ်းမီးတိုင် ၆၀ တို့တွင်လည်း ၂၄ နာရီ လျှပ်စစ်မီးရရှိ အသုံးပြုနိုင်ပြီဖြစ်ကာ ဓာတ်အား သုံးစွဲခနှုန်းထားမှာ တစ်ယူနစ်လျှင် ၃၅၀ ကျပ်နှုန်းဖြစ်သည်။ တစ်အိမ်တွင် အသုံးပြုနိုင်သော ပစ္စည်းများမှာ LED မီးသီးလေးလုံး၊ တီဗွီ၊ ပန်ကာစသည့် ပစ္စည်းများ၊ အသေးစားအိမ်တွင်းစက်မှုလုပ်ငန်းများနှင့် ဆန်စက်နှင့် ဝပ်ရှော့စသည့် အသေးစား စက်မှုလုပ်ငန်းများကိုလည်း အသုံးပြုနိုင်ကြောင်း သိရသည်။

ခန္တီးကျေးရွာ ဆိုလာအသေးစားဓာတ်အားလိုင်းစနစ်စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ငွေ ကျပ် ၂၆၁ ဒသမ ၃၆ သန်း(၆၀ ရာခိုင်နှုန်း)၊ ကျေးရွာမှပြည်သူများ ထည့်ဝင်ငွေ ကျပ် ၈၇ ဒသမ ၁၂ သန်း(၂၀ ရာခိုင်နှုန်း)နှင့် ကုမ္ပဏီမှရင်းနှီးမြှုပ်နှံငွေ ကျပ် ၈၇ ဒသမ ၁၂ သန်း(၂၀ ရာခိုင်နှုန်း) တို့ဖြစ်ပြီး စုစုပေါင်း ကုန်ကျမှုမှာ ကျပ် ၄၃၅ ဒသမ ၆၁ သန်းဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) အရ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်ဒေသများတွင် မီးလင်းရေးအတွက် ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှု၊ ဂျာမနီနည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)၏ နည်းပညာပံ့ပိုးမှုနှင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် ကုမ္ပဏီတို့ပူးပေါင်းမှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံးတွင် အသေးစား ဆိုလာလျှပ်စစ်ဓာတ်အားစီမံကိန်း လည်ပတ်၍ ဓာတ်အားရရှိနေပြီဖြစ်သော ကျေးရွာများမှာ တနင်္သာရီတိုင်းဒေသကြီး၌ ပထမဆုံးဖြစ်သည့် ခန္တီးကျေးရွာ အပါအဝင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ကျေးရွာနှစ်ရွာ၊ ရေစကြိုမြို့တွင် နှစ်ရွာ၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နှစ်ရွာ၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် တစ်ရွာတို့ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

မြင့်ဦး(မြိတ်)

နိုင်ငံတော်အတွက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲတည်ကြည်

မြင့်စိုး (နတလ)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၏ သင်တန်းဆင်းပွဲ အခမ်းအနားများသို့ မကြာမကြာ တက်ရောက်ခွင့်ကြုံခဲ့သည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၂၃ ရက်က ကျင်းပပြုလုပ်ခဲ့သော မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ်(၄၅)သို့လည်းကောင်း၊ ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် မဟာပညာရေးဘွဲ့ B.Ed ဂါးနှစ်သင်တန်း အမှတ်စဉ်(၁)၊ ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်း အမှတ်စဉ်(၈)တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားများနှင့် အလုပ်တာဝန်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့လည်းကောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၏ခရီးစဉ်နှင့်အတူ လိုက်ပါတက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်၏။

သည်ကြားထဲမှာ ၂၀၁၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တုန်းက ပြည်ထောင်စု တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရှင်ပြုရဟန်းခံအလှူမင်္ဂလာပွဲသို့လည်း ရောက်လိုက်သေးသည်။ ထိုမှ နာဂဒေသ လဟယ်အထိ ခရီးဆက်ဖြစ်ခဲ့သောကြောင့် ဖွံ့ဖြိုးရေးတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် "သာသနာ့အလင်း ထာဝရငြိမ်ချမ်းခြင်းနှင့် နာဂဒေသခရီးစဉ်"ဟု အမည်ပေးထားသော ဆောင်းပါးတစ်ပုဒ် ပါဝင်ရေးသားဖြစ်ခဲ့သည်။

သည်ဆောင်းပါးမှာ ထာဝရငြိမ်းချမ်းခြင်းဆိုသည့် စကားစုတစ်ခု ပါရှိသွားရခြင်းကလည်း ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ရှိခိုက် B.Ed စတုတ္ထနှစ်ကျောင်းသူ မဂျာဆိုင်းပန်နှင့် တွေ့ဆုံ၍ သည်ကလေးမလေး နွေရာသီကျောင်းပိတ်ရက်ကာလ ဇာတိရပ်ရွာ မံစီဒေသသို့ခွင့်ပြန်စဉ် မိုင်းထိဒဏ်ရာရခဲ့ပုံတွေကို မေးမြန်းရေးသားဖြစ်ခဲ့သောကြောင့် ဖြစ်ပေသည်။

မိဘများ၏ တောင်ယာသို့ ညီအစ်မသုံးယောက် ကူညီလုပ်ကိုင်ပေးရန်အသွား မိုင်းတစ်လုံးနင်းမိ ပေါက်ကွဲကာ ရှစ်နှစ်အရွယ် သူညီမအငယ်ဆုံးလေး ကွယ်လွန်ခဲ့ရပြီး သူကိုယ်တိုင်မှာလည်း ဒဏ်ရာတွေရခဲ့သဖြင့် မံစီဆေးရုံမှာ တက်ရောက်ကုသခဲ့ရသည်။ သူတို့လေးတွေသည်ပင်လျှင် အနာဂတ်နိုင်ငံတော်သစ်ကြီး ထာဝရငြိမ်းချမ်းစေဖို့ရာအတွက် ဦးလည်မသုန်သယ်ပိုးထမ်းရွက် ပုံဖော်ထုဆစ်ကြမည့်သူများ မဟုတ်ပါလား။

ဟော...ပြီးခဲ့သည့်ရက်ပိုင်း (အောက်တိုဘာလ ၂၇ ရက်နေ့)မှာပဲ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနားကို တက်ရောက်လိုက်ပြန်သော အခါဝယ် ရန်ကုန်မှ တပည့်များ၏ စကားနာထိုးသည့် Message များက Facebook ပေါ်မှာ ပလူပျံလာပါတော့သည်။ မျက်နှာလိုက်သည်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်(စစ်ကိုင်း) သင်တန်းဆင်းပွဲများကိုပဲ တက်သည်၊ သူတို့ရှိရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းဆင်းပွဲများတွင်မူ တစ်ခေါက်တစ်ခါသော်မှ လာဖော်မရ၊ တက်ဖော်မရ ဟူသတတ်။

သူတို့ပြောမည်ဆိုလျှင် ပြောစရာလည်း ဖြစ်သွားခဲ့ပါသည်။ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်း၌ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) တွင် အမှတ်စဉ်(၁၅)သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ပါမည်။ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် တက်ရောက်မည်ဖြစ်ပြီး ကျွန်တော်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယ၊ လဲချား/မိုင်းကိုင်နှင့်ဟိုမိန်းဒေသများသို့ ကွင်းဆင်းခရီးသွားရောက်မည်ဖြစ်၍ ပါဝင်တက်ရောက်နိုင်ခြင်း မရှိတော့ပါ။

ချဉ်ပေါင်ကိုကာပြန်လို့ ဝက်သားဘက်ကန်လို့ရုန်းခြင်းမျိုး မဟုတ်သည့်တိုင် အညာအကြေနှင့် အောက်ပြည်အောက်ရွာများထဲမှာ ဘယ်ဒေသကို သံယောဇဉ်အဖြစ်ဆုံးလဲဟု မေးလာပါမူ အညာဒေသဟုသာ မကွယ်မဝှက် ကျွန်တော်ဖြေရပါလိမ့်မည်။ စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝ ပထမနှစ်၊ ဒုတိယနှစ်တွေမှာကတည်းက ဘုရားတွေဖူးရင်း ရောက်ရှိလေ့လာခဲ့ဖူးသော ပုဂံ၊ ညောင်ဦး၊ ပုပ္ပားဒေသမှဘုရားပုထိုးများ၊ ရေနံချောင်း၊ ချောက်၊ စလေ၊ မိတ္ထီလာဒေသမှ စက်ရုံအလုပ်ရုံများ၊ ကျောင်းဆင်းပြီး ခုနစ်နှစ်နီးပါးမျှ နေခဲ့ရသည့် မိခင်တပ်ရင်း ခမရ(၁၄)ကျောက်ဆည်မှသည် မန္တလေး၊ စစ်ကိုင်းတို့နှင့် ပတ်သက်သည့် သံယောဇဉ်ပုံရိပ်များက မိမိဇာတိ အောက်ပြည် အောက်ရွာထက်စာလျှင် အညာဒေသဘက်သို့ အလေးသာ စေခဲ့သည်၊ သတိရတမ်းတစေခဲ့သည်မှာ အမှန်ပင်ဖြစ်၏။

ကိုင်း... အညာလွမ်းချင်းတွေ အသာထား၍ ဒီဂရီကောလိပ်များအကြောင်း အနည်းငယ် ပြောပြပါဦးမည်။ နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)တို့ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့်အညီ ဖွင့်လှစ်ခဲ့သည်။

(က) အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အားကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန်။

(ခ) တိုင်းရင်းသားလူငယ်များ ပညာရှာမီးရင်း တိုင်းရင်းသား အချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်။

(ဂ) ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေရန်။

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့်ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည် ထိန်းသိမ်းနိုင်စေရန်။

(င) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ် ထက်သန်စေရန်။

(စ) အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းဆွမ်းတမံဆောင်ရွက်လိုသည့် စိတ်ဓာတ်များ မွေးမြူပေးရန်တို့ ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကို ၂၀၀၀ ပြည့်နှစ် ဇွန် ၁၅ ရက်က စတင်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)ကို ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်တွင် ဖွင့်လှစ်ပေးကာ ထိုမှ စစ်ကိုင်းမြို့သို့ ၂၀၁၄ ခုနှစ် ဧပြီ ၂၈ ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) အနေဖြင့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၁၂၃၆ ဦး၊ A.G.T.I ဒီပလိုမာ ၄၅၆ ဦး၊ B.Tech ဘွဲ့ရ ၁၃၅ ဦး စုစုပေါင်း ၁၈၂၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ကာ ဝန်ကြီးဌာန ၁၅ ခုတို့တွင် ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ ယခု ပညာသင်နှစ်အတွက် အောက်တိုဘာလ ၃၀ ရက်က ကျင်းပသော သင်တန်းဆင်းပွဲအခမ်းအနားတွင် ဝိဇ္ဇာဘွဲ့ ၇၉ ဦး၊ သိပ္ပံဘွဲ့ ၁၄၆ ဦး A.G.T.I ဒီပလိုမာ ၆၈ ဦး စုစုပေါင်း ၂၂၅ ဦးတို့အား အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ခဲ့ပြီးဖြစ်သည်။

ထိုနည်းတူစွာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) အနေဖြင့် ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၂၆၃ ဦး၊ သိပ္ပံဘွဲ့ ၅၁၆ ဦး၊ A.G.T.I ဒီပလိုမာ ၃၆၃ ဦး စုစုပေါင်း ၁၁၄၂ ဦးသည် ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ အောက်တိုဘာ ၂၇ ရက် သင်တန်းဆင်းပွဲအခမ်းအနား၌ B.Tech ၁၃၉ ဦး၊ A.G.T.I ဒီပလိုမာ ၇၃ ဦးတို့အား ဘွဲ့နှင့် ဒီပလိုမာလက်မှတ်များ အပ်နှင်းပေးခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)၏ အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က အမှာစကားပြောကြားရာ၌ "ပြည်သူများအတွက် အစိုးရကို ကိုယ်စားပြုနေသော နိုင်ငံ့ဝန်ထမ်းများ၏ ရိုးဖြောင့်မှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုတို့သည် နိုင်ငံတော်နှင့် ပြည်သူများအကြား ယုံကြည်မှုတိုးပွားလာစေရေးအတွက် အလွန်အရေးကြီးသည်ဆိုသည့်အချက်ကို နားလည်သိရှိထားရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုကြီးအတွင်း၌ ပြည်နယ်ကြီးသည်၊ ငယ်သည်၊ တိုင်းဒေသကြီး ကြီးသည်၊ ငယ်သည်၊ လူဦးရေများသည်၊ နည်းသည်၊ သဃ်ဇာတ များသည်၊ နည်းသည် ဟူသော အကြောင်းခြင်းရာများ၊ လူမှုစီးပွားဘဝ ကွာခြားချက်များစသည်တို့အပေါ် အခြေမခံဘဲ တိုင်းရင်းသားအားလုံး ညီညွတ်မှုတသည့် အကျိုးခံစားခွင့်ရရှိကြစေရန် ကြိုးပမ်းဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသား မိဘ ပြည်သူများအကြား ထိရောက်သော ကြားခံပေါင်းကူးများသဖွယ် သစ္စာရှိရှိတာဝန်သိသိဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း" တိုက်တွန်းမှာကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော အဓိက လုပ်ငန်းတာဝန်ကြီး(၂)ရပ်ကို ထမ်းဆောင်နိုင်ရန်အတွက် မူပါဒ(၄)ရပ်၊ ရည်မှန်းချက်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်းမှ ကျောင်းသားကျောင်းသူများ အပါအဝင် နယ်စပ်ဒေသအသီးသီးရှိ မိဘမဲ့၊ ဆင်းရဲနွမ်းပါး တိုင်းရင်းသား ကလေးငယ်များကို အဆင့်ဆင့် ပြုစုပျိုးထောင်ပေးကာ အထက်ပါတက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ခွဲတိုင်ဆက်၍ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းကောင်အထည်ဖော်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

"ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) အနေဖြင့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၁၂၃၆ ဦး၊ A.G.T.I ဒီပလိုမာ ၄၅၆ ဦး၊ B.Tech ဘွဲ့ရ ၁၃၅ ဦး စုစုပေါင်း ၁၈၂၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ကာ ဝန်ကြီးဌာန ၁၅ ခုတို့တွင် ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ ယခု ပညာသင်နှစ်အတွက် အောက်တိုဘာ ၃၀ ရက်က ကျင်းပသော သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဝိဇ္ဇာဘွဲ့ ၇၉ ဦး၊ သိပ္ပံဘွဲ့ ၁၄၆ ဦး၊ A.G.T.I ဒီပလိုမာ ၆၈ ဦး စုစုပေါင်း ၂၂၅ ဦးတို့အား အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ခဲ့ပြီးဖြစ်သည်"

ပြင်သစ်နိုင်ငံသား ၃၀ ပါအဖွဲ့ ကသာ-အင်းတော်-မန်လည် ဒေသတွင် လည်ပတ်လေ့လာ

အင်းတော် နိုဝင်ဘာ ၃

ကိန္နရီခရီးသွားလုပ်ငန်း၏ စီစဉ်မှုဖြင့် ပြင်သစ်နိုင်ငံသား ၃၀ ပါဝင်သော အဖွဲ့သည် အောက်တိုဘာ ၃၁ ရက်က ကသာမြို့မှတစ်ဆင့် အင်းတော်မြို့သို့ ရောက်ရှိလာကြပြီး ကသာ-အင်းတော်-မန်လည် ဒေသတွင် လည်ပတ်လေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြင်သစ်နိုင်ငံသားများအဖွဲ့အား ကသာဇုန်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသူ ဆရာညီကိုနိုင်(ကသာ) လိုက်ပါပြီး အင်းတော်မြို့ရှိ လက်ပံကုန်းကျေးရွာရှိ ဆရာပွဲ၏ ဝုံလုပ်ငန်း၊ အင်းတော်အင်း၏ သဘာဝအလှနှင့် အင်းတော်မြို့ဘက်ခြမ်းအလှများကို လိုက်လံပြသခဲ့သည်။ ထို့နောက် မန်လည် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ မန်လည်ကျောင်းသို့ သွားရောက်လေ့လာကြည့်ရှုပြီး မန်လည်ရွာရှိ ရိုးရာထန်းလက်ခမောက် ရက်လုပ်သောလုပ်ငန်းသို့ သွားရောက်လေ့လာကြည့်ရှုကာ ညနေပိုင်းတွင် ကသာမြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့သည် နိုဝင်ဘာ ၁ ရက်နံနက်တွင်လည်း ကသာစျေးနှင့် မြို့တွင်းတွင် ဆက်လက် လည်ပတ်လေ့လာကြပြီး ကသာမြို့တွင် နေထိုင်ခဲ့ဖူးသော ကမ္ဘာကျော် စာရေးဆရာကြီး George Orwell ၏ နေအိမ်နှင့် Burmes Day ဝတ္ထုထဲမှ အရေးပိုင် အိမ်၊ British Club၊ တင်းနစ်ကုတ် အစရှိသည့် နေရာတို့ကို လိုက်လံကြည့်ရှုလေ့လာမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးပေးရန်ဆွေးနွေး

ရိခေါဒေါရံ နိုဝင်ဘာ ၃

ရိခေါဒေါရံမြို့ ကျန်းမာရေးဌာန၏ ဦးဆောင်မှုဖြင့် ဒေသတွင်းရှိ အသက် ကိုးလမှ ၁၅ နှစ်ကြား ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ရန် အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်က ရိခေါဒေါရံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရိခေါဒေါရံမြို့တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာ စိုးသီဟက ဂျပန်ဦးနှောက်ရောင်ရောဂါပြီးအကြောင်း၊ ရောဂါကူးစက်ပုံနှံ့ပုံနှင့် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ထိရောက်မှု အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ရိခေါဒေါရံမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ နိုဝင်ဘာ ၁၅ ရက်မှစ၍ နယ်လှည့်ကွင်းဆင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ရိခေါဒေါရံမြို့ပေါ်တွင် ဆေးထိုးပေးမှုအနေဖြင့် အမှတ်(၁) ရပ်ကွက်၌ နိုဝင်ဘာ ၂၀ ရက်တွင် လည်းကောင်း၊ အမှတ်(၂)ရပ်ကွက်၌ နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း ကာကွယ်ဆေးများ ထိုးနှံပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

မြိုနယ် (ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်း တန်ဆောင်တိုင် မီးထွန်းပွဲတော် ဖျော်ဖြေရေးအခမ်းအနားဖွင့်

ရန်ကုန် နိုဝင်ဘာ ၃

(၇၉) ကြိမ်မြောက် ရန်ကုန်အနောက်ပိုင်း တန်ဆောင်တိုင် မီးထွန်းပွဲတော်ဖျော်ဖြေရေး အခမ်းအနား ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် ညနေပိုင်းက လမ်းမတော်မြို့နယ်၌ ကျင်းပခဲ့ပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ လမ်းမတော်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဖွင့်လှစ်ပေးခဲ့သည်။

နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ လေးညတိုင်တိုင် ကျင်းပမည့် ရန်ကုန်အနောက်ပိုင်း တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် အများပြည်သူကြည့်ရှုနိုင်သော တေးသရုပ်ဖော်၊ တေးဂီတ၊ အငြိမ့်သဘင် စသည့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း လမ်းမတော်မြို့နယ် ၆ ရပ်ကွက် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

လမ်းမတော် တန်ဆောင်တိုင်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပပြီး လမ်းမတော်လမ်းမှ ဝါးတန်းလမ်းထိပ်အထိ အနော်ရထာလမ်းမတစ်လျှောက်တွင် ဈေးတန်းများ ဖွင့်လှစ်ရောင်းချသည်။ ရန်ကုန်မြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသော ပုဇွန်တောင် ရေကျော်ပွဲနှင့် တန်ဆောင်တိုင် လမ်းမတော် တန်ဆောင်တိုင်ပွဲတို့သည် ယခုနှစ်များတွင် ဈေးရောင်းပွဲတော်များအဖြစ် လူသိများနေခဲ့သော်လည်း လမ်းမတော်တန်ဆောင်တိုင်ပွဲတော်မှာ ရှေးယခင်က ဖျော်ဖြေရေးစင်များဖြင့် အများပြည်သူများကို ဖျော်ဖြေခဲ့သည့် အစီအစဉ်များပါ ပါဝင်သော ပွဲတစ်ခုဖြစ်ခဲ့သည်။ ထို့ကြောင့် ယခုနှစ်မှစ၍ လမ်းမတော်တန်ဆောင်တိုင်ပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်များကို ပြန်လည်ထည့်သွင်းခြင်းဖြစ်သည်ဟု သိရသည်။

လမ်းမတော်မြို့နယ် (၁၃)လမ်း အောက်ဘလောက်၌ ကာတွန်းမီးထွန်းပွဲတော် ကျင်းပစဉ်

လမ်းမတော် တန်ဆောင်တိုင်ပွဲတော်သည် နှစ်အတန်ကြာသည့်တိုင်အောင် ဈေးရောင်းပွဲတော်တစ်ခုအသွင် ရှိနေခဲ့ရာမှ ယခုနှစ်တွင် ရှေးယခင်ကကဲ့သို့ ပြည်သူများအား ဖျော်ဖြေသည့် ဖျော်ဖြေရေးစင်များ ပါဝင်သော ဈေးပွဲတန်းအဖြစ် ပြန်လည်ပြောင်းလဲမြင်တွေ့လာရနိုင်သည်ဟု လမ်းမတော်မြို့နယ်အတွင်း လမ်းသစ်လမ်းနေ ပြည်သူတစ်ဦးက ပြောသည်။

လမ်းမတော် တန်ဆောင်တိုင်ပွဲတော် ကျင်းပသည့် အနော်ရထာလမ်းမအပြင် (၁၃)လမ်း အောက်ဘလောက်တွင်လည်း မီးထွန်းပွဲတော်နှင့် ကာတွန်းဦးဘဂျမ်း ကာတွန်းပြိုင်ပွဲ ပြပွဲများကို ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုသူများပြားသည်ကို တွေ့ရသည်။

ခင်ဆိုင်

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း မြို့နယ်အဆင့်ရှင်းလင်း

ခင်ဦး နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ဿဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း၌ အသက်ကိုးလမှ ၁၅ နှစ်အထိ ကလေးများအား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး(JEV) အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇)ကို ဆောင်ရွက်ရန် မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၂ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်ယုကိုက ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ၊ ကျေးလက်ကျန်းမာရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

ခင်ဦးမြို့နယ်၌ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်သည့်ရက်အတိုင်း တစ်ပြိုင်တည်း ဆောင်ရွက်မည်ဖြစ်ကာ နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းအခြေပြု ကာကွယ်ဆေးကို ကျောင်းပေါင်း ၁၄၆ ကျောင်းမှ ကျောင်းသားပေါင်း ၂၃၅၉၀ အား ကာကွယ်ဆေးထိုးအဖွဲ့ ၅၂ ဖွဲ့ဖြင့် ထိုးပေးမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိအတွင်း ပြည်သူလူထုအခြေပြု၍ ရပ်ကွက်၊ ကျေးရွာများမှ ရည်မှန်းကလေးပေါင်း ၁၁၈၂၁ ဦးအား ဆေးထိုးစုရပ်ပေါင်း ၁၅၃ ခု၌ ကာကွယ်ဆေးထိုးအဖွဲ့ ၅၂ ဖွဲ့ဖြင့် ထိုးနှံသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

စစ်တောင်းမြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများသို့ ရေသန့်စင်ဆေးမှုန့်များဖြန့်ဖြူးပေး

တောင်ငူ နိုဝင်ဘာ ၃

ယခုနှစ် မိုးရာသီကာလတစ်လျှောက် စစ်တောင်းမြစ်ရေကြီးကာ ရေဝင်ရောက်ခဲ့သည့် မြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများတွင် သောက်သုံးရေကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိစေရန်အတွက် ရေသန့်စင်ဆေးမှုန့်များကို တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝေငှပေးလျက်ရှိရာ အောက်တိုဘာ ၃၁ ရက်က ကျေးရွာပြည်သူများထံသို့ ရေသန့်စင်ဆေးမှုန့်များ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးရာသီအတွင်း စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက်ရှိ ပဒဲကျေးရွာအုပ်စု၊ အရှေ့ဆင်ကျေးရွာအုပ်စု၊ အနောက်ဆင်ကျေးရွာအုပ်စု၊ ကမ်းနီကျေးရွာအုပ်စုနှင့် ရွှေလေးအင်းကျေးရွာအုပ်စုများအတွင်းမှ ကျေးရွာပေါင်း ၁၇ ရွာ၌ စစ်တောင်းမြစ်ရေကြီးခြင်းကြောင့် တမံများပြိုကျခြင်း၊ ကမ်းပါးများပြိုကျခြင်း၊ ကုန်းမြင့်ရာသို့ နေအိမ်များပြောင်းရွှေ့နေထိုင်ရခြင်းနှင့် ရေတွင်းရေကန်များအတွင်း မြစ်ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါကျေးရွာများမှ ပြည်သူများအနေဖြင့် သောက်သုံးရေမသန့်ရှင်းခြင်းကြောင့် ရောဂါများဖြစ်ပွားခြင်းမရှိစေရန် UNICEF မှလှူဒါန်းထားသော ရေသန့်စင်ဆေးမှုန့်များကို တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက အဆိုပါကျေးရွာများသို့ သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများအား ရေသန့်စင်ဆေးမှုန့်အသုံးပြုသည့် နည်းလမ်းများ ရှင်းလင်းပြောကြားကာ ဆေးမှုန့်ထုပ်များ ဖြန့်ဝေပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကိုလွင်(ဆွာ)

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်း

သထုံ နိုဝင်ဘာ ၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းမှ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ ရက်က မရမ်းကုန်းကျေးရွာအုပ်စု ကြိမ်ဖန်ကျေးရွာ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်က ဖွင့်လှစ်ခဲ့သော ဆိုင်ကယ်ပြုပြင်သင်တန်း၊ ဆပ်ပြာတုံး၊ ဆပ်ပြာခဲ၊ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းများအကြောင်းနှင့် သင်တန်းတက်ရောက်သူများအနေဖြင့် တတ်မြောက်ခဲ့သည့် ပညာရပ်များကို အကျိုးရှိစွာအသုံးချ၍ အသက်မွေးဝမ်းကျောင်း ဆောင်ရွက်သွားစေလိုကြောင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် အထောက်အကူပြုပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ ပြည်နယ် ညွှန်ကြားရေးမှူး၊ သထုံခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ သင်တန်းသူသင်တန်းသားများ တက်ရောက်ကြခဲ့ပြီး အဆိုပါ သင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်မွှား

ချောင်းရေတိုက်စား၍ လမ်းပျက်စီးမှုကြောင့် သွားလာရေးခက်ခဲနေ

ဗန်းမောက် အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်း မဲဇာချောင်းကမ်းပါးအနီးတွင်ရှိသော ပင်လုံကျေးရွာနှင့် ကျွန်းကုန်းကျေးရွာသွားသည့် ကျေးရွာချင်းဆက် မြေသားလမ်းမကြီးမှာ ယခု အောက်တိုဘာလကုန်ပိုင်းအတွင်း မိုးမကြာခဏ ရွာသွန်းခဲ့သောကြောင့် ချောင်းရေတိုက်စားခံရကာ လမ်းပိုင်းများ ချွတ်ယွင်းပျက်စီးလာကြောင်း သိရသည်။

"အခု မဲဇာချောင်းရေတိုက်စားနေတဲ့လမ်းဟာ ကျောင်းသား ကျောင်းသူတွေ အဓိကသွားလာနေကြတဲ့ လမ်းလည်းဖြစ်ပါတယ်။ ပင်လုံကျေးရွာက ကျောင်းသား ကျောင်းသူတွေရော တုံးလှော်ကျေးရွာက ကျောင်းသားကျောင်းသူတွေရော ကျွန်းကုန်း အထကတဲ့ဘက်ကျောင်းကို သွားတဲ့အခါ ဒီလမ်းကို ကျောင်းတက်ကျောင်းဆင်း နေ့စဉ် အသုံးပြုနေကြရတာပါ" ဟု ကိုင်းကြီးကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ နေ့စဉ် အားထားအသုံးပြုနေရသည့် လမ်းဖြစ်ရာ ယခု မိုးတွင်း၌ မဲဇာချောင်းရေတိုက်စား၍ လမ်းပျက်စီးလာခြင်းကြောင့် ဒေသခံများအနေဖြင့် သွားလာရေးတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

သန်းမောင်လေး

ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာဦးစီးဌာန ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် ရှစ်ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဦးစီးဌာနဆိုင်ရာ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာညီလာခံနှင့် (၁၄) ကြိမ်မြောက် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာညီလာခံကို ရန်ကုန်မြို့ရှိ ဆူးလေရှင်္ကရာဇာဟိုတယ်၌ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ညီလာခံတွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ပညာရှင် ၄၁ ဦးက ဟောပြောဆွေးနွေးကြမည်ဖြစ်ပြီး ဆရာဝန်များ၊ အကြောအဆစ် ကျွမ်းကျင်ပညာရှင်များ၊ ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များ၊ သူနာပြုများ စသည့် ဆေးပညာနယ်ပယ်မှ ပုဂ္ဂိုလ်များ အပြင် စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်းနှင့် ညီလာခံနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို www.arma2017myanmar.com ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

ဝထူး

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအတွက် ငွေလှူဒါန်း

မြိုင် နိုဝင်ဘာ ၃

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသော နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများထံသို့ လှူဒါန်းရန်အတွက် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်၍ မြို့နယ်အတွင်းမှ ပြည်သူများ လှူဒါန်းထားသည့် အလှူငွေများ ပေးအပ်ပွဲကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် မြိုင်မြို့နယ် အမှတ်(၂)နယ်မြေ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဌေးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသော ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် ငွေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာများအတွင်းရှိ ပြည်သူများမှ လှူဒါန်းထားသော အလှူငွေ ကျပ် ၆၂ သိန်းကျော်ကို မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ထံ ပေးအပ်ခဲ့သည်။

အောင်ကျော်မြင့်

နူတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ကုသရေး ဆောင်ရွက်ပေး

စလင်း အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၌ နူတ်ခမ်းကွဲ၊ အာခေါင်းကွဲ လူနာများအား နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ Japan Heart အဖွဲ့၏ စီစဉ်မှုဖြင့် ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးမည်ဖြစ်ရာ ထိုဆေးကုသမှု အစီအစဉ်တွင် စလင်းမြို့နယ်အတွင်းမှ နူတ်ခမ်းကွဲ၊ အာခေါင်းကွဲ လူနာများလည်း သွားရောက်ကုသနိုင်ရန်အတွက် စလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၏ စီစဉ်မှုဖြင့် ဒို့မေတ္တာလူမှုကူညီရေးအသင်း၊ ပေါင်းပင်ဇင်း လူမှုကူညီရေးအသင်းနှင့် ကူတိုကျေးရွာ လူမှုကူညီရေးအသင်းတို့မှ ကားတစ်စီးဖြင့် လူနာများအား ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

မြန်မာနိုင်ငံ အတွင်း CSR လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဟွာဝေးက အစီရင်ခံစာထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၃

၂၀၁၆ - ၂၀၁၇ ခုနှစ်အတွင်း ဟွာဝေးကုမ္ပဏီက မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သော CSR လုပ်ငန်းများနှင့် ပတ်သက်၍ 'ပိုမိုချိတ်ဆက်မှုကောင်းမွန်သော မြန်မာနိုင်ငံကို တည်ဆောက်ခြင်း' အမည်ဖြင့် ကုမ္ပဏီ၏ CSR အစီရင်ခံစာထုတ်ပြန်သည့် အခမ်းအနားကို ရန်ကုန်မြို့ Melia Hotel ၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် ဟွာဝေးက မြန်မာနိုင်ငံအတွင်း၌ ဆောင်ရွက်ခဲ့သော ဒစ်ဂျစ်တယ်ခွဲခြားမှု ပေါင်းကူးပေးခြင်း၊ ကွန်ရက်တည်ငြိမ်ချောမွေ့စွာ လုပ်ငန်းလည်ပတ်စေခြင်း၊ စိမ်းလန်းသော ကမ္ဘာမြေကြီး တည်ဆောက်ရေးတွင် ကူညီပံ့ပိုးခြင်းနှင့် ဒေသတွင်းအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးခြင်း ဟူသော ဟွာဝေး၏ CSR တည်ဆောက်ပုံကို အပိုင်းလေးပိုင်းဖြင့် အသေးစိတ် ရှင်းလင်းဖော်ပြခဲ့သည်။

လက်ရှိအချိန်၌ မြန်မာ့လူဦးရေ၏ ထက်ဝက်သည် ဟွာဝေး၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုလျက်ရှိကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားပြီး ဟွာဝေးအနေဖြင့် လူတိုင်းဆက်သွယ်နိုင်ရန်၊ အချက်အလက်ဒေတာများ ရယူနိုင်ရန်နှင့် သတင်းအချက်အလက်များ မျှဝေနိုင်ရန်အတွက် ကွန်ရက်တည်ငြိမ်စွာ လုပ်ငန်းလည်ပတ်နိုင်အောင် တစ်သမတ်တည်း ရင်းနှီးမြှုပ်နှံနေကြောင်း၊ ရန်ကုန်နှင့် နေပြည်တော်တွင် နည်းပညာ အထောက်အကူပြုစင်တာနှစ်ခု ဖွင့်လှစ်ထားပြီး ဟွာဝေး၏ အင်ဂျင်နီယာများနှင့် နည်းပညာကျွမ်းကျင်သူ ၆၅ ဦးက အချိန်ပြည့် ဝန်ဆောင်မှုများပေးနေကြောင်း၊ ဟွာဝေးသည် smartphone ထည့်ရန်သုံးသော ဘူးများကိုပြန်လည်အသုံးပြု၍ရသော ပစ္စည်းများဖြင့် ပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် ပတ်ဝန်းကျင်ကာကွယ်မှုကိုလည်း အလေးထား ဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။

အခြားသော CSR လုပ်ငန်း အစီအစဉ်များအနေဖြင့် Care Myanmar လျှပ်ဒါန်းမှုအစီအစဉ်နှင့် ICT Talent Training ပညာရေး အစီအစဉ်ဟူသော လူထုအကျိုးပြု အစီအစဉ်နှစ်ရပ်ကိုလည်း ဟွာဝေးက မြန်မာနိုင်ငံအတွင်း၌ စတင်ဖော်ဆောင်ခဲ့ကြောင်း၊ ၂၀၁၆ နှင့် ၂၀၁၇ နှစ်နှစ်တာ ကာလအတွင်း Care Myanmar အနေဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ သိန်း တန်ဖိုးရှိသော လှျပ်ဒါန်းမှု ၁၅ ခုကိုပြုလုပ်ခဲ့ပြီး အဆိုပါ လှျပ်ဒါန်းမှုများက လူဦးရေတစ်သိန်းကျော်ကို အကျိုးရှိစေခဲ့ကြောင်းလည်း ထို CSR အစီရင်ခံစာအရသိရသည်။

ဟွာဝေးမြန်မာ၏ CEO ဖြစ်သူ Mr. Zhang Liman က "ဟွာဝေးအနေနဲ့ အမြဲတမ်းလုပ်လေ့ရှိတဲ့အတိုင်း တာဝန်သိတတ်မှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ပုံစံနဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ဆောင်သွားမှာပါ၊ ဒီနိုင်ငံရဲ့ယဉ်ကျေးမှုတွေကို လေးစားစွာ ပေါင်းစပ်ခြင်းအားဖြင့် ကျွန်တော်တို့ လုပ်ငန်းလုပ်ဆောင်ရာမှာ ရိုးသားမှုရှိရှိနဲ့ တရားဥပဒေကိုလည်းလိုက်နာပြီး ဒီလူမှုအသိုက်အဝန်းကို ပါဝင် အကျိုးပြုသွားမှာပါ" ဟု ပြောသည်။

အဆိုပါ CSR အစီရင်ခံစာ ထုတ်ပြန်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Hong Liang ကလည်း "ကျွန်တော်တို့အနေနဲ့ ဟွာဝေးကုမ္ပဏီကို အတူယူပြီး တခြား တရုတ်လုပ်ငန်းကြီးတွေအနေနဲ့ CSR Report တွေကိုသတ်မှတ်ထားသော အချိန်တစ်ခုမှာ ထုတ်ပြန်ဖို့ မျှော်လင့်ပါတယ်၊ ဒါမှသာ မြန်မာလူမျိုးတွေကို တရုတ်ကုမ္ပဏီတွေရဲ့လုပ်ငန်းလည်ပတ်ပုံကို ပြည့်ပြည်စုံစုံ သိရှိနားလည်လာစေမှာပဲ ဖြစ်ပါတယ်၊ ဒါ့အပြင် တရုတ်လုပ်ငန်းစုများ အချင်းချင်း ပိုမိုညီမျှတဲ့တိုးတက်မှုတွေကို သိရှိစေပါတယ်" ဟု ပြောကြားသည်။

ဟွာဝေးမြန်မာက CSR အစီရင်ခံစာထုတ်ပြန်သည့်အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိနည်းပညာတက္ကသိုလ် ၁၅ ခုနှင့် ကွန်ပျူတာတက္ကသိုလ် ၅ ခုတို့မှ ထူးချွန် ကျောင်းသားကျောင်းသူ ၅၀ ကိုလည်း ပညာသင်ဆုများ ချီးမြှင့်ခဲ့ကာ ပညာသင်ဆုရရှိသူ တစ်ဦးလျှင် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀ စီ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

ဟွာဝေးက မြန်မာနိုင်ငံ၏ ပညာရေးအပေါ် ထောက်ပံ့ပေးမှုနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယခုလို တိုးတက်ပြောင်းလဲနေသည့် နည်းပညာခေတ်ကို အဓိလိုက်နိုင်ရန်မှာ မျိုးဆက်သစ်များ၏ တာဝန်ဖြစ်ကြောင်းနှင့် မျိုးဆက်သစ်များအနေဖြင့် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တိုးတက်ရေးတွင် သဘာဝသယံဇာတများက အရေးပါသလို နိုင်ငံ၏ လူစွမ်းအားအရင်းအမြစ်တိုးတက်ရေးမှာ ပို၍ပင် အရေးပါနေသည့်အတွက် ယခုကဲ့သို့ ဟွာဝေးက ပညာရေးတွင် ပါဝင်ကူညီမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဟွာဝေးအနေဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် ဒေသများ၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ထိုဒေသများ၌ လူမှုရေးအကျိုးပြုလုပ်ငန်းများကိုလည်း ရာနှင့်ချီ၍ ကြီးမှူးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း လူမှုရေး အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကာ ရေရှည်တိုးတက်ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သူရဖြိုး

New Product

ဆမ်ဆောင်းရဲ့ စမတ်ဖုန်းမော်ဒယ်သစ် Galaxy Note Fan Edition

Galaxy Note Fan Edition ဟာ အရင်က ထွက်ခဲ့တဲ့ ဆမ်ဆောင်းရဲ့ Galaxy Note 7 စမတ်ဖုန်းများမှ ပြန်လည်ပြင်ဆင်ထားတဲ့ ထုတ်ကုန်အစိတ်အပိုင်းများကို ပြန်လည်ထည့်သွင်းအသုံးပြုထားပြီး ဘက်ထရီပိုင်းမှာတော့ 3200 mAh ဘက်ထရီသစ်တွေ တပ်ဆင်ပေးထားတဲ့ စမတ်ဖုန်းမော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။ ဒီ Galaxy Note Fan Edition ကိုမြန်မာနိုင်ငံမှာ နိုဝင်ဘာလ ပထမပတ်ထဲမှာ စတင်ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

Galaxy Note Fan Edition စမတ်ဖုန်းသစ်ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မရှိပြီး မျက်နှာပြင်အစွန်းနှစ်ဘက်ဟာ ကွေးညွတ်နေတဲ့ မှန်ခုံးပုံစံ Super AMOLED မျက်နှာပြင်ဖြစ်ပါတယ်။ Screen Resolution က 2560x1440 ပစ်ဇယ်ရှိလို့ ရုပ်ထွက်အရည်အသွေးက အထူးကောင်းမွန်ပါတယ်။ CPU အနေနဲ့ Octa- core CPU ကို အသုံးပြုထားပြီး RAM 4GB နဲ့ အင်တာနယ်မင်မိုရီက 64GB ရှိပါတယ်။ အန်းဒရွိုက် ဗားရှင်းက 7.0(Nougat) ဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာက ၁၂ မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ကင်မရာက ၅ မဂ္ဂါပစ်ဇယ် ရှိပါတယ်။ ဘက်ထရီပိုင်းအနေနဲ့ 8-Point Battery Safety Check စနစ်နဲ့ စမ်းသပ်စစ်ဆေးထားတဲ့ 3200 mAh ဘက်ထရီသစ်တွေ ထည့်သွင်းထားပါတယ်။ ဘက်ထရီကို ကြိုးမဲ့စနစ်နဲ့ အားသွင်းနိုင်ပြီး ကြိုးနဲ့အားသွင်းတာရော၊ ကြိုးမဲ့အားသွင်းတာရော နှစ်မျိုးစလုံးမှာ အလျင်အမြန် အားပြည့်စေနိုင်မယ့် Fast Charging စနစ်လည်း ပါဝင်ပါတယ်။

ဖုန်းရဲ့ကိုယ်ထည်ကို အပြာရောင်(blue coral)နဲ့ အနက်ရောင်(black onyx)လို့ နှစ်မျိုးရနိုင်မှာဖြစ်ပြီး ကိုယ်ထည်ဒီဇိုင်းကို ထူးခြားဆန်းသစ်အောင် ဖန်တီးထားသလို ရေစိုတဲ့ဒဏ်၊ ဖုန်မှုန့်ဒဏ်တွေကိုလည်း IP68 အဆင့်အထိ ခံနိုင်ပါတယ်။ လုံခြုံရေးစနစ်ပိုင်းအနေနဲ့လည်း iris recognition နည်းပညာနဲ့ လက်ဗွေရာစနစ်တွေနဲ့အတူ ဆမ်ဆောင်းရဲ့ ကိုယ်ပိုင်လုံခြုံရေးစနစ်တွေလည်း ပံ့ပိုးထားပါတယ်။ ကမ္ဘာထိပ်တန်း လုံခြုံရေးပလက်ဖောင်းတစ်ခုဖြစ်တဲ့ Samsung Knox ကိုလည်း ထည့်သွင်းထားပါတယ်။

ဒါ့အပြင် Galaxy Note စီးရီးစ်တွေရဲ့ အဓိက လုပ်ဆောင်ချက်ဖြစ်တဲ့ S-Pen ပိုင်းကိုလည်း အဆင့်မြှင့်တင်မှုတွေ လုပ်ထားတာကြောင့် S-Pen ဟာ ပုံမှန်ဘောပင်အစစ်တစ်ချောင်းလို တိကျမှုရှိမှာဖြစ်ပြီး အသုံးပြုရ လွယ်ကူစေမှာဖြစ်ပါတယ်။ သုံးစွဲသူတွေအနေဖြင့် ဖုန်းကို လော့ခ်ဖွင့်ဖို့မလိုဘဲ Screen Off Memo ကို အသုံးပြုနိုင်ပြီး Screen of memo ကို Always On Display လုပ်ထားနိုင်လို့ မှတ်စုစာအုပ်တစ်အုပ်လို အလွယ်တကူ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် S-Pen ရဲ့ Smart Select လုပ်ဆောင်ချက်နဲ့ GIF animations တွေ ဖန်တီးမှုဝေတာ၊ Screen ကိုချဲ့ကြည့်တာ၊ Magnify နဲ့ Translate လုပ်ဆောင်ချက်တွေ အသုံးပြုတာကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

Galaxy Note Fan Edition ကို မြန်မာနိုင်ငံမှာ နိုဝင်ဘာလဆန်းပိုင်းမှာ စတင်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ စျေးနှုန်းက ကျပ် ၇၉၉၀၀၀ ဖြစ်ပြီး မိတ်ဆက်တဲ့အနေနဲ့ ဆမ်ဆောင်းက အူရီဒူးမြန်မာနဲ့ပူးပေါင်းပြီး အင်တာနက်ဒေတာကို သုံးလဆက်တိုက် အပိုရရှိနိုင်မယ့် ပရိုမိုးရှင်းအစီအစဉ် လုပ်ထားပါတယ်။ ဒါ့အပြင်ဆမ်ဆောင်းက KBZ ဘဏ်နဲ့ ချိတ်ဆက်ပြီးတော့လည်း Galaxy Note Fan Edition ကို အတိုးနှုန်းမဲ့ ခြောက်လ အရစ်ကျစနစ်နဲ့ ဝယ်ယူနိုင်အောင် စီစဉ်ထားတယ်လို့သိရပါတယ်။

ဆမ်ဆောင်းအနေနဲ့ ဒီ Galaxy Note Fan Edition မှာ ပြန်လည်ထည့်သွင်း အသုံးမပြုရသေးတဲ့ Note 7 မှ အခြားအစိတ်အပိုင်းတွေကိုလည်း အသုံးဝင်မယ့် အခြားတစ်နေရာရာမှာ ပြန်လည်အသုံးပြုနိုင်ဖို့အတွက် ကျွမ်းကျင်ပညာရှင်တွေ၊ ကုမ္ပဏီတွေနဲ့ ပူးပေါင်း လုပ်ဆောင်နေတယ်လို့ သိရပါတယ်။ ဆမ်ဆောင်းရဲ့ Galaxy Note စီးရီးစ်ထဲက တစ်ခုဖြစ်တဲ့ Note 7 ဟာ ကမ္ဘာ့ဈေးကွက်မှာ စတင်ဖြန့်ဝေပြီး သိပ်မကြာမီ မြန်မာနိုင်ငံမှာဆိုရင် Pre order ရောင်းချနေတုန်းမှာပဲ ဘက်ထရီပိုင်းဆိုင်ရာ ပြဿနာတွေကြောင့် ပြန်လည်သိမ်းဆည်းခဲ့ရတာဖြစ်ပါတယ်။

သူရဖြိုး

ဝေဆောင်၊ ချောင်းသာနှင့် ပေလီ ကမ်းခြေများတွင် တယ်လီနော၏ 4G ဝန်ဆောင်မှု စတင်အသုံးပြုနိုင်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ၏ ပွင့်လင်းခရီးသွားရာသီစတင်ချိန်တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဝေဆောင်နှင့် ချောင်းသာကမ်းခြေ၊ ရခိုင်ပြည်နယ်ရှိ ပေလီကမ်းခြေတို့တွင် ပြည်တွင်းပြည်ပ ခရီးသွားများ အကောင်းဆုံး အင်တာနက်သုံးစွဲမှုအတွေ့အကြုံများ ရရှိသုံးစွဲနိုင်စေရန်အတွက် တယ်လီနောက 4G/LTE ဝန်ဆောင်မှုများကို နိုဝင်ဘာ ၁ ရက်မှစ၍ တိုးချဲ့ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

တယ်လီနောမြန်မာ ဧရာမကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က "မြန်မာနိုင်ငံအတွင်းက ကမ်းခြေတွေဟာ ပြည်တွင်းမှာသာမက ကမ္ဘာတစ်ဝှမ်းမှာပါ လူသိများပြီး အထူးသဖြင့် ပွင့်လင်းရာသီတွေမှာ ပြည်တွင်းနဲ့ နိုင်ငံတကာက ခရီးသွားဧည့်သည်တွေ အမြဲလာရောက်ကြတဲ့ ထိပ်တန်း လည်ပတ်စရာနေရာတွေ ဖြစ်ပါတယ်၊ ဒီနှစ်ရဲ့ ခရီးသွားရာသီ စတင်တဲ့အချိန်မှာ ဒီကမ်းခြေတွေကို သွားရောက်လည်ပတ်ကြမယ့် ခရီးသွားတွေအနေနဲ့ တယ်လီနောရဲ့ 4G/LTE ကွန်ရက်ကိုသုံးစွဲနိုင်ကြပြီဖြစ်ပါတယ်" ဟု ပြောသည်။

တယ်လီနောသည် လက်ရှိအချိန်တွင် 4G/LTE ကွန်ရက်ကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မြို့ကြီးပေါင်း ၂၉ မြို့တွင် ရရှိသုံးစွဲနိုင်အောင် ဆောင်ရွက်ထားပြီးဖြစ်ကာ ဆက်လက်တိုးချဲ့နိုင်ရန်လည်း ဆောင်ရွက်နေကြောင်း သိရသည်။ တယ်လီနော 3G ကွန်ရက်ကိုမူ တာဝါတိုင်ပေါင်း ၈၀၀၀ နီးပါးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် လွှမ်းခြုံထားနိုင်ပြီး အသုံးပြုသူပေါင်း ၁၉ သန်းကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

သူရဖြိုး

စီးပွားရေးလုပ်ငန်းများအတွက် ဝန်ဆောင်မှုသစ် အူရီဒူးမိတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် မိုဘိုင်းဝန်ဆောင်မှု အစီအစဉ်သစ်တစ်ခုဖြစ်သည့် Enterprise Pack ကိုအူရီဒူးမြန်မာက စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။

Enterprise Pack ကို အသုံးပြုမည့် လုပ်ငန်းရှင်များအနေဖြင့် ထိုဝန်ဆောင်မှုတွင် ပါဝင်သည့် self-care module ဖြင့် ဝန်ထမ်းများ၏ မိုဘိုင်းဖုန်း အသုံးပြုမှုကို ရုံးမှနေ၍ ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲခြင်း၊ အူရီဒူး၏ စီးပွားရေးလုပ်ငန်းသုံး အစီအစဉ်ကို အသုံးပြုထားသော ဆင်းကတ်များစွာကို ခွင့်ပြုငွေ လက်ကျန်စစ်ဆေးခြင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ဒေတာအသုံးပြုခွင့် ပေးအပ်ခြင်း၊ ကုမ္ပဏီ၏ မိုဘိုင်းအုပ်စုထဲသို့ ဆင်းကတ်နံပါတ်အသစ်များ ထည့်သွင်းခြင်းနှင့် ပယ်ဖျက်ခြင်း စသည့် လုပ်ဆောင်မှုများကို လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Enterprise Pack ကို အသုံးပြုပြီး အဓိကအရေးပါသောအချက်အလက်များဖြစ်သည့် ဖုန်းလက်ကျန်ငွေစာရင်း၊ ကြွေးကျန်စာရင်း၊ သတ်မှတ်ထားသော ကနဦးအသုံးပြုခွင့်၊ အသုံးပြုနိုင်သော ဖုန်းငွေပမာဏများကို စစ်ဆေးခြင်း၊ Post-paid အသုံးပြုသူများအနေဖြင့် ငွေပေးသွင်းရန် နောက်ဆုံးရက်ကို ကြည့်ရှုစစ်ဆေးခြင်း၊ လက်ကျန်ဒေတာ အပါအဝင် အုပ်စုလိုက်နှင့် ဝန်ထမ်းများ အသုံးပြုထားသော ဒေတာနှင့် ဖုန်းခေါ်ဆို အသုံးပြုချက်များကို မှတ်တမ်းအဖြစ် သိမ်းဆည်းခြင်းတို့ကိုလည်း ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး

ရောင်နီအလင့် ကြာအပွင့်ဝယ် လောကကြီးကို အလှဆင်မည်

ပြောင်းလဲခြင်းဆိုတာအချိန်မရွေး၊ နေရာမရွေးဖြစ်ပေါ်လေ့ရှိသည့် သဘာဝတရားကြီးတစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းနှင့်အတူ ငုံ့လျှိုးနေသော အညှံ့ခံ စိတ်၊ တာဝန်မဲ့စိတ်၊ စည်းစနစ်မဲ့ စိတ်ဓာတ်တို့သည်လည်း ပြည်သူတွေအနေနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲပစ်ရန် လိုအပ်လျက်ရှိသည်။ ပြည်သူများဟု ဆိုလိုက်လျှင် ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပေသည်။ ထိုထက်မြို့ပြနေပြည်သူများထက် အစစအရာရာ ဖွံ့ဖြိုးမှုနိမ့်ကျလျက်ရှိသော ကျေးလက်လူထု၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် အထူးပင် လိုအပ်လျက်ရှိပေသည်။ ကျေးလက်လူထုဟုဆိုလျှင် ကျွန်ုပ်တို့လို တောမက မြို့မကျ နယ်မြို့လေးတွေလည်းပါဝင်ပေမည်။

ကျွန်ုပ်တို့မြို့လေးဟာ မုံရွာ-မန္တလေး အမြန်လမ်းမကြီးနှင့် ခုနစ်မိုင်မျှ ဝေးကွာသော ချောင်ကျကျမြို့နယ်လေး တစ်မြို့ဖြစ်ပေသည်။ ရောဝတီနှင့်ချင်းတွင်း မြစ်နှစ်ခုကြားတည်ရှိပြီး စိုက်ပျိုးရေးမြေယာ ကောင်းမွန်သော်လည်း လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်ကူးသန်းရေး၊ စိတ်ဓာတ်ရေးရာတို့တွင် ပျက်စီးပျောက်ဆုံးနေသော မြို့နယ်လေးဖြစ်ခဲ့ပေသည်။ သမိုင်းရာဇဝင်တွင် စံတင်လောက်အောင် ပညာရှိအာဇာနည်များထွန်းတောက်ခဲ့သော်လည်း လတ်တလော အချိန်အတွင် ခေါင်းဆောင်မှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အပြန်အလှန် ကိုးစားယုံကြည်မှုများမေးမှိန်နေခဲ့ပြီး အစစအရာရာဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိနေခဲ့သည်။ ကျွန်ုပ်တို့ မြောင်မြို့နယ်လေးသည် ကျေးရွာအုပ်စု ၄၈၊ ကျေးရွာပေါင်း ၈၁ ရွာဖြင့်စုစည်း ဖွဲ့တည်ထားသော မြို့ငယ်လေးတစ်မြို့ဖြစ်ပေသည်။ ထိုကဲ့သို့ အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသော ကျွန်ုပ်တို့ မြို့ငယ်လေးကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်၏ကူညီထောက်ပံ့မှုကိုယူပြီး အန်နင်ဂျီအိုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာလူထုဗဟိုပြုစီမံကိန်းကို စတင်ဦးဆောင် အကောင်အထည်ဖော်ခဲ့သည်။

လူထုဗဟိုပြုစီမံကိန်းဆိုသည့်အတိုင်း ကျေးရွာလူထုကို ဗဟိုပြုချဉ်းကပ်ကာ ကျေးရွာများ၏ လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံ (လမ်း၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ မီး)များကို ကျေးရွာလူထု၏ ကိုယ်တိုင်ရွေးချယ်ဦးဆောင်မှုဖြင့် ဆောင်ရွက်ပေးခြင်း၊ အစိုးရဝန်ကြီး ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်တတ်စေခြင်း၊ အရေးပေါ် ကိစ္စရပ်များတွင် အလျင်အမြန် တုံ့ပြန်တတ်စေရန်ဆိုသည့် ရည်ရွယ်ချက်များချမှတ်ကာ လေးနှစ်တာ စီမံကိန်းကို လျာထားဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းကဲ့သို့ ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ရုံသာမက ကျွန်ုပ်တို့ မြို့နယ်ရှိ ကျေးရွာသူကျေးရွာသား၏ အရည်အသွေးများ ထွန်းတောက်လာစေရန် ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ စောင့်ကြည့်ကြီးကြပ်ရေး၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး၊ လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆိုသည့် အရည်အသွေးမြှင့် သင်တန်းများလည်း သင်ကြားပို့ချကာ ကျေးရွာလူထု၏ ဦးဆောင်မှုအခန်းကဏ္ဍကို တစ်ဖက်တစ်လမ်းမှပံ့ပိုး တွန်းတင်ထားသည်ကိုလည်း တွေ့ရပေသည်။ ခေတ်အဆက်ဆက် နောက်ကျခံထားရသော၊ ကွယ်ဝှက်ခံထားရသော၊ ဖုံးကွယ်ထားခြင်းခံရသော၊ အမျိုးသမီးများ၏ အရေးပါမှုကိုလည်းကောင်း၊ အမျိုးသားများနှင့် တူညီသောလုပ်ငန်းများတွင် တူညီသောလုပ်အားခများရရှိရန် အမျိုးသမီးများ သိစေရုံသာမက အမျိုးသားများပါ သတိပြုလက်ခံလာစေရန် လမ်းညွှန်ပြသပေးနိုင်ခဲ့သည်။ ထို့ကြောင့် ယခင်ကထက်စာလျှင် ကျေးရွာလူထုအမျိုးသမီး များ၏ စီမံခန့်ခွဲမှု၊ ဦးဆောင်ပါဝင်ဆုံးဖြတ်မှု စသည့်အခန်းကဏ္ဍများတွင် အလျင်အမြန်တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။

“ကုန်စည်ကူးသန်းရေးမှာ အခက်အခဲများစွာဖြင့် ဖြတ်သန်းသွားလာခဲ့ရသော်လည်း ယခုအချိန်တွင် လူထုဗဟိုပြုစီမံကိန်း၏ အကျိုးကျေးဇူးဖြင့် ဂျင်းကျောက်ခင်းလမ်းများ၊ အဆင့်မြင့် ကျောက်ချောခင်းလမ်းများ၊ ကွန်ကရစ်လောင်း (wheel track) လမ်းများကိုပါ ပူးပေါင်းညီညာစွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့”

ယခင်အချိန်က မိုးရာသီတစ်ချိန်တွင်းသာ ရေချိုကို ဝဝလင်လင် သောက်သုံးနိုင်ခဲ့သော ကျွန်ုပ်တို့ မြို့နယ်ရှိကျေးရွာများတွင် လူထုဗဟိုပြုစီမံကိန်း၏ ထောက်ပံ့ကူညီမှုဖြင့် ရေစင်ကြီးများ တည်ဆောက်ကာ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းစနစ်ပြုလုပ်ဆောင်ရွက်ခဲ့သောကြောင့် ဝေးလံလွန်းလှသည့် အရပ်ဒေသသို့ ရေချိုသွားရောက်ခပ်ယူရသည့် အခက်အခဲဒုက္ခ အချိန်ကုန်ကြန့်ကြာခဲ့သည်များ မရှိတော့ဘဲ အိမ်ရှေ့ထွက်ရေဘားလေးဖွင့်လိုက်ရုံဖြင့် စိတ်ချမ်းသာစွာဖြင့် ရေချိုသုံးဆောင်နေကြသည်ကိုတွေ့ရသည်မှာလည်း ကျေနပ်အားရ ပီတိဝမ်းမြောက်ဖြစ်ရပေသည်။ မြစ်နှစ်သွယ်ကြားမြို့တည်ထားသည့်အတွက်လည်း မိုးရာသီရေတက်ချိန်နှင့် ရေကျချိန်များတွင် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်ကူးသန်းရေးမှာ ယခင်အချိန်က ကျွဲ၊ နွားနှင့်ဖက်ရုန်းခဲ့ရပြီး ခြေကျင်တစ်လှည့်၊ ကုန်းကြောင်းတစ်ခါ အခက်အခဲများစွာဖြင့် ဖြတ်သန်းသွားလာခဲ့ရသော်လည်း ယခုအချိန်တွင် လူထုဗဟိုပြုစီမံကိန်း၏ အကျိုးကျေးဇူးဖြင့် ဂျင်းကျောက်ခင်းလမ်းများ၊ အဆင့်မြင့် ကျောက်ချောခင်းလမ်းများ၊ ကွန်ကရစ်လောင်း (wheel track) လမ်းများကိုပါ ပူးပေါင်းညီညာစွာ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ခဲ့သည်မှာလည်း မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။ ယခုဆို ကျွန်ုပ်တို့မြောင်မြို့နယ်၌ လျှပ်စစ်မီးလင်းရေး ၃၀ ၊ ကျောက်ချောလမ်း ၁၈ ခု၊ ဂျင်းကျောက်ခင်းလမ်း ၁၇ ခု ၊ ကွန်ကရစ်လောင်း (wheel track) လမ်း ၁၃ ခု၊ ရေ စင်ရေပိုက်လိုင်းငါးခု၊ စာသင်ကျောင်း လေးကျောင်း၊ ရေကျော်ငါးခု၊ မြေကာနံရံ သုံးခု၊ ရေဆိုးမြောင်း ငါးခု၊ ကွန်ကရစ်လမ်း တစ်လမ်း စုစုပေါင်းစီမံကိန်းလုပ်ငန်းခွဲ ၁၀၁ ခုကို ဒုတိယနှစ်စက်ဝန်း ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း တွေ့ရပေသည်။

လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာလူထု၏ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရုံသာမက စိတ်ပိုင်းဆိုင်ရာများကိုပါ တစ်ဖက်တစ်လမ်းမှ ဖော်ဆောင် လုပ်ကိုင်နေကြောင်းကိုပါ ပိုင်ရှင်စိတ်ဓာတ်အသိနှင့်ယှဉ်ပြီး လည်ပတ်ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေကိုအများသဘောတူ ငွေပမာဏဖြင့်ကောက်ခံခြင်း၊ ပွင့်လင်းမြင်သာမှုနှင့်ယှဉ်ပြီး ယုံကြည်အားကိုးမှုကိုတိုးပွားစေသည့် ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေးကို အားတက်သရော အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းများကိုကြည့်ပြီး တွေ့မြင်နိုင်ပေသည်။ ထို့သို့ပြောင်းလဲလာမှုနှင့်အတူ ပွင့်လင်းမြင်သာမှု၊ ဝေဖန်အကြံပြုနိုင်မှုဆိုသော ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ညင်ညင်သာသာ လျှောက်လှမ်းလာနိုင်အောင် လူထုဗဟိုပြု စီမံကိန်းကဆွဲခေါ်ဆောင်ရွက်လာနိုင်သည်ကိုပါ ကျေနပ်အားရဖွယ်တွေ့မြင်ရပေသည်။ ယခင်က ဘက်ပေါင်းစုံ နိမ့်ပါးလျော့ကျနေခဲ့သော ကျွန်ုပ်တို့မြို့နယ်လေးသည် လူထုဗဟိုပြု စီမံကိန်းဆိုသည့် ရောင်နီလာမှရွှေကြာပွင့်လေးများလို လောကကို ရန့်ဆောင် လုပဝေဆာလာစေတော့မည်မှာ ဧကန်မုချမလွဲ သေချာပေတော့သည်။

ဦးချစ်(မြောင်)

မြေပြိုမှုကြောင့် လျှောကျလာသော မြေစာများကို တာဝန်ရှိသူများက ရှင်းလင်းပေး

ဖလမ်း နိုဝင်ဘာ ၃

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးနေ ဦးဗျက်ဝုမ် နေအိမ်၏ အထက်နားမြေစာများသည် အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီခွဲခန့်က မြေပြိုမှုဖြစ်ပွားသည်။ မြေပြိုမှုကြောင့် ဗိုလ်ချုပ်လမ်းမပေါ်ရှိ မြေစာများကို မြို့နယ်လမ်းဦးစီးဌာနက စက်ကြီးဖြင့် ရှင်းလင်းခဲ့သည်။

ဆက်လက်၍ ယင်းနေ့ ညနေ ၃ နာရီတွင် နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက လျှောကျသော မြေစာများကို ရှင်းလင်းခြင်း၊ အိမ်ရှင်မိသားစုဝင်များ သွားလာရေးအဆင်ပြေစေရေး လမ်းဖော်ပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

PUN HLAING SILOAM HOSPITALS
"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်မည့်အစီအစဉ်
Only JCIA Hospital In Myanmar
Prof Sarbjit Singh
Emeritus Patron
M.B.B.S (SG), F.R.C.S (Edin), F.R.C.S (Glasgow), F.A.M.S (Ortho)
Fellowship in Ortho Surgery (Toronto, Canada)
Adjunct Professor, SIM University
နိုဝင်ဘာလ (၉)ရက် မှ (၁၃)ရက်နေ့ထိ
မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်း ရောဂါရှာဖွေကုသခြင်း (Arthroscopy)
အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုး ခွဲစိတ်ကုသခြင်း
Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
အခြားအရိုးရောဂါများကို ကုသခြင်း

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ (၀၉) ၄၂၀ ၄၂၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁
facebook Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/6786 Honda Fit GE6 800,S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးညီညီတာ ၉/ပဘန(နိုင်)၂၁၉၆၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

နေကြယ်မင်း (Express)
မှ
ရန်ကုန်-နေပြည်တော် ပြေးဆွဲရန် (အမျိုးသမီး)ယာဉ်မောင်း (၂)ဦး အလိုရှိသည်။
ဖုန်း-၀၉-၇၃၁၇၃၁၂၄၊ ၀၉-၇၉၈၉၄၄၉၁၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/4367 Isuzu Bighorn UBS 69 GW,S/W(4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၈/ရစက(နိုင်)၁၁၇၆၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းလိတ် ၁၃/ဖခန(နိုင်)၀၃၂၁၆၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ အထက(၁)၊ ပဥ္စမတန်းမှ မောင်ကောင်းမင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၉-၂၀၀၆ ဖြစ်ပါကြောင်း။
မောင်ကောင်းမင်းထက်

ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၂)၊ အဋ္ဌမတန်း(C) မှ နန်းကြိမ်မွန်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်လိတ် ၁၃/ကမန(နိုင်)၁၄၂၈၉၄ ဖြစ်ပါကြောင်း။ **ဦးစိုင်းအောင်လိတ်**

အမည်မှန်

လားရှိုးမြို့၊ အမက(၂၇) မူလွန်ကျောင်း ပဥ္စမတန်းမှ မောင်အောင်ထွန်းနိုင်၏ အမည်မှန်မှာ မောင်ဇော်ထွန်းနိုင် ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအိုက်ဆိုင် ၁၃/လရန(နိုင်)၁၀၇၉၈၅ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/1265 Toyota Hiace Mini Bus ယာဉ်လက်ဝယ်ရှိသူ ဦးမောင်တင် ၆/လလန(နိုင်)၀၆၄၄၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖခင်အမည်မှန်

အထက(၁) ညောင်ရွှေ တက္ကသိုလ်ဝင်တန်း(ဂ)မှ မခမ်းအီ၏ဖခင်အမည်မှန်မှာ ခွန်မောင်တီ ၁၃/ပလန(နိုင်)၀၈၁၃၆၆ ဖြစ်ပါကြောင်း။
ခွန်မောင်တီ

တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ လှိုင်လင်လေးကျေးရွာနေ မနင်းသက်ဆွေ၏ ဖခင် ဦးကျော်မောင်နှင့် ဦးကျော်အောင် ၂/လကန(နိုင်)၀၉၀၀၆၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးကျော်မောင်(ခ)ဦးကျော်အောင်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/6786 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၁)၊ အမှတ်(၉၈)၊ လမ်းသွယ်(၃)နေ (ဦးဝင်းအောင်)-ဒေါ်အဘီမာယာ(ခ)ဒေါ်ခင်လှ၏သား မောင်နေလင်းအောင် ၁/ဝမန(နိုင်)၀၄၃၇၁၈သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။
၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
ဒေါ်အဘီမာယာ(ခ)ဒေါ်ခင်လှ
၁/ဝမန(နိုင်)၀၃၂၃၉၅

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးခင်မောင်အေးနှင့် အစ်ကိုအရင်းဖြစ်သူ ဦးငွေး(ကွယ်လွန်)တို့ပိုင်ဆိုင်သော မုံရွာမြို့၊ ဒေါနခြံရပ်၊ အမှတ် ၂၃၊ အကွက် ထန်းတောစုတောင်၊ ဦးပိုင်(၈-ဃ)၊ အမှုတွဲ(၁၀၆/၉၃)၊ နှစ် ၃၀ ဂရန်မူရင်းအမှုတွဲမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားခြင်းကို ကန့်ကွက်မည့်သူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။
ဦးခင်မောင်အေး
ဒေါနခြံရပ်၊ လယ်တီလမ်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9746 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (တောင်ကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9185 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူမည့်ရက်အား

ပြောင်းရွှေ့သတ်မှတ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့မှ အမျိုးသားလွှတ်တော်တွင် Conference & E-Voting System အား ဂျာမနီနိုင်ငံထုတ် Bosch အမျိုးအစားအသုံးပြု၍ ဆက်စပ်ပစ္စည်းပါ တစ်ပါတည်းပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းအတွက် ယခင်ကြေညာထားသည့် တင်ဒါဖွင့်ပွဲ ပြုလုပ်မည့်ရက်အား ၈-၁၁-၂၀၁၇ရက် မွန်းလွဲ ၁ နာရီအစား ၁၆-၁၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီသို့ ပြောင်းရွှေ့သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့
ဖုန်း-၀၆၇-၆၉၅၂၅၊ ၀၆၇-၆၉၅၆၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၆-၁၁-၂၀၁၇ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၉-၁၁-၂၀၁၇ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေမှ ဆောင်ရွက်မည့် တာပတ်လမ်းကွန်ကရစ်ခင်းခြင်း ၅၂၈၀' လုပ်ငန်းအတွက် လိုအပ်သော ဘိလပ်မြေ၊ မြစ်ကျောက်စရစ်၊ ခွဲကျောက်(အသေး)၊ မြစ်သဲ၊ သစ်၊ သံ စသည့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်ရက်** - ၆-၁၁-၂၀၁၇

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၀-၁၁-၂၀၁၇

(ဂ) **တင်ဒါကျင်းပမည့်ရက်** - ၁-၁၂-၂၀၁၇

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၁-၆၂၀၀၅၂တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Traffic Light Signal & Accessories (Aerial Mast)	၆၃ လုံး
(ခ)	Lamp Pole Accessories (LED Street Light)	၁၃၀၄ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၁၁-၂၀၁၇ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၄-၁၂-၂၀၁၇ ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၄၂၀၀၂၀၂၀သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ဓာတုဆေးများဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ခွေးအဆိပ်ဆေး	50 Kg
(ခ)	အသားဆွဲတံဆိပ်ဆေး	50 Kg

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၆-၁၁-၂၀၁၇ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၁၁-၂၀၁၇ရက် မွန်းတည့် ၁၂:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့် ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေး ဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၅၀၂၄၄၈၁ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

တစ်ဦးတည်း ဖြစ်ကြောင်း

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အောင်ချမ်းသာ(၂)လမ်း၊ နယ်မြေ(၉)နေ ဦးဝင်းလှိုင်(ခ)ဦးဝင်းနိုင် ၉/မထလ (နိုင်)၀၆၀၂၅၉မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၅၀၈၄၁၂၉

ခြံရောင်းမည်

ငါးဆူတောင်မြေကွက်၊ ၄၀'(၃)၊(၆ ဓာ)၊ရန်ကုန်မြို့။
ဆက်သွယ်ရန်
၀၉ ၅၀၁၄၂၉၂၊
၀၉ ၄၂၀၇၀၂၀၀၅

ခြံရောင်းမည်

သပြေကုန်း၊ ပွဲရုံတန်းအနီး ထောင့်ကွက်(၁၁၆' × ၈၃')
နေပြည်တော်။
ဆက်သွယ်ရန်
၀၉ ၅၀၁၄၂၉၂၊
၀၉ ၄၂၀၇၀၂၀၀၅

အောင်ပါရမီ

အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်း၊ စက်ကိရိယာ၊
ပိုင်ဒါင်၊ ဌာနဆိုင်ရာရုံးခန်းများ
ပြောင်းရွှေ့လိုပါက ၁၀ ပေ၊၁၄ ပေ၊
၁၅ ပေ၊၁၆ ပေ၊၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်
အလုပ်သမားများအပါ စိတ်တိုင်းကျ
ပြောင်းရွှေ့ပေးသည်။(မြို့တွင်း/နယ်ဝေး)
09 253266665
09 250554793
09 256263264

သက်ဆိုင်သူများသို့ ကြိုတင်သတိပေးခြင်းနှင့် အများသိစေရန်ကြေညာချက်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နေ ဒေါ်မြတ်သင်းခိုင် ၁၂/ရပသ(နိုင်)၀၅၇၁၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် လုပ်ငန်းများ ထိခိုက်နစ်နာစေရန်အတွက် တချို့သောသူများမှ ၄င်းတို့၏ လူမှုကွန်ရက်စာမျက်နှာပေါ်၌ အခြားသူများ ထင်ယောင်ထင်မှားဖြစ်စေရန်ပြုမူပြောဆိုခြင်း၊ ဖြားယောင်းခြင်းများ စသည့် ထိခိုက်နစ်နာစေသည့် လုပ်ရပ်များပြုမူခြင်း၊ ပြောဆိုခြင်းများကို ကျွန်ုပ်မိတ်ဆွေမှ ခိုင်မာတိကျသည့်အထောက်အထားများလက်ဝယ်ရရှိပြီးဖြစ်ပါသည်။

သို့ပါ၍ သက်ဆိုင်သူများနှင့်တကွ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ ဂုဏ်သိက္ခာ၊ လုပ်ငန်းများ ထိခိုက်စေမည့်လုပ်ရပ်များကို ရပ်တန့်ရန်၊ ဤသို့ ကြိုတင်သတိပေးသော်ငြားလည်း ဆက်လက်ပြုမူခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မို့မို့စိန်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၈၀)
တိုက် A3၊ အခန်း ၁၃၊ နေပြည်တော်
ဖုန်း-၀၉-၄၃၀၁၅၇၄၈

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံး
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၀ နှင့်ဆက်သွယ်သည့်
၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၆

ဦးဝင်းညွှန့်(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းသန်း) **နှင့်** ၁။ ဒေါ်သက်သက်ခိုင် ၂။ ဦးတင်စိန်
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ် (၅၇၈)နေ ဒေါ်သက်သက်ခိုင်နှင့် အမှတ် (၁၄၈)၊ အနော်ရထာလမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူ ဦးတင်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးဝင်းညွှန့်(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းသန်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်စန်းမောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်ကြီးအမှတ် ၃၅၊ မြေကွက်တည်နေရာအမှတ် ၃၅၊ ခရေလမ်း၊ ၁၀/တောင် (၁၃)ရပ်ကွက်၊ သာကေတမြို့နယ်ဦးမောင်ရွှေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ရွှေ(ဖခင်) သည် ၂၅-၁၀-၂၀၁၅ ရက်တွင်လည်းကောင်း၊ ဒေါ်နုနုဝင်း(မိခင်)သည် ၄-၉-၂၀၁၅ ရက်တွင် လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြပြီး ၄င်းတို့တွင် ဦးဇော်လျန်အုပ်၊ ဦးဂျေဆိုင်း၊ ဦးဇော်လျန်မှုန်း၊ ဒေါ်ဇင်မာရွှေ၊ ဒေါ်ရှည်မေသဇင်ရွှေတို့ သားသမီးငါးဦးသာ မွေးဖွားခဲ့ကြောင်း၊ သားသမီးငါးဦးတို့အနက် ဦးဇော်လျန်အုပ်သည် လူပျိုဘဝဖြင့် ၂၅-၁၂-၂၀၀၆ ရက်တွင်လည်းကောင်း၊ ဦးဇော်လျန်မှုန်းသည် လူပျိုဘဝဖြင့် ၆-၁၁-၂၀၁၁ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် (၁)ဦးဂျေဆိုင်း ၄/မတပ(နိုင်)၀၂၆၃၇၂၊ (၂)ဒေါ်ဇင်မာရွှေ ၄/မတပ(နိုင်)၀၃၃၅၉၊ (၃)ဒေါ်ရှည်မေသဇင်ရွှေ ၁၂/သကတ(နိုင်)၁၅၃၄၇၇တို့မှ ခရစ်ယာန်ဘာသာကိုးကွယ်သူ မိခင်/ ဖခင်တို့သည် မကွယ်လွန်မီ အဆိုပါမြေ၊ တိုက်၊ အိမ်နှင့်ပတ်သက်၍ သေတမ်းစာတစ်စုံတစ်ရာ ရေးသားခဲ့ခြင်းမရှိကြောင်းနှင့် အထက်ဖော်ပြပါ မြေအား ခရစ်ယာန်ဘာသာဥပဒေအရလည်းကောင်း၊ အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရလည်းကောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားအမွေဆိုင် တစ်ဦးတစ်ယောက်မျှ မကျန်ရှိကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ မှတ်ပုံတင်အမှတ် ၇/၅၄၁/၁၇၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းနှင့် ဂရန်မူရင်းတို့တင်ပြပြီး ပိုင်ဆိုင်စာချုပ်ချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းရာ (၂)ထပ် တိုက်တစ်လုံးရှိပြီး လျှောက်ထားသူများအနက် ဦးဂျေဆိုင်းနေထိုင်သဖြင့် တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ (၈၀×၈၀)၊ မြေကွက်အမှတ်(ဒ-၃၁၉၅၆) ဒေါ်ရွှေစင်ထိုက်(ဘ)ဦးမြင့်သန်း ၁၂/လကန(နိုင်)၀၆၄၄၄၁ အမည် ပေါက် ပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ရန်ရီလန့် (ဘ)ဦးကျော်ဇီလွန် ၁၃/ကခန(နိုင်)၀၁၇၂၅၆မှ မြေပေးမိန့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့် ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ရန်ရီလန့်အား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ (၈၀×၈၀)၊ မြေကွက်အမှတ် (ဒ-၃၁၉၅၅) ဒေါ်တင်ရှိန်(ဘ)ဦးထွေး ၁၂/မရက(နိုင်)၀၈၅၅၈၅ အမည်ပေါက် ပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ရန်ရီလန့် ၁၃/ကခန(နိုင်)၀၁၇၂၅၆မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ရန်ရီလန့်အား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ မြေကွက်အမှတ် ၆၃၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးအောင်ဇော်မိုး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ပြုံးသန္တာဝင်း ၉/မထလ(နိုင်)၂၃၅၁၂၅ (ဘ)ဦးစောဝင်းမှ မြေပေးမိန့်မူရင်း အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ ဝယ်သူ ကျမ်းကျိန်လွှာမူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၁/ ပေါင်းလောင်း-၁၊ မြေကွက်အမှတ် ၄၂၂၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးခင်မောင်ကြည်အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇော်လင်းထွန်း ၁၃/ကခန(နိုင်)၀၁၇၀၅၄ (ဘ)ဦးထွန်းဝေမှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာမူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၂၆)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ(၇)ရက် တရားစခန်းပွဲ
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်
အထူး၄န်(၂) ကြီးအင်းတောင် ရွှေရင်အေး ဓမ္မရိပ်သာကျောင်းတိုက်တွင်
ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း
(၂၆)ကြိမ်မြောက်(**အသက်လွတ်ဘေးမဲ့အလှူ**)
၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၉)ရက်မှ တန်ဆောင်မုန်းလကွယ်နေ့ထိ
(၁၂-၁၁-၂၀၁၇)တနင်္ဂနွေနေ့ မှ (၁၈-၁၁-၂၀၁၇)စနေနေ့ထိကျင်းပပြုလုပ်မည်ဖြစ်ပါ၍
တရားစခန်းဝင်ယောဂီများ (၁၁-၁၁-၂၀၁၇)စနေနေ့ ညနေ
ကြွရောက်ပါရန် နိဗ္ဗာန်အကျိုးမျှော် နိုးဆော်အပ်ပါသည်။
စုံစမ်းရန်-ဒေါ်သန်းသန်း ၀၉-၇၉၁၆၄၇၃၅၉၊ ၀၉-၄၃၁၃၆၃၀၁၊ ၀၉-၂၅၄၃၈၇၄၇၇

"ပ" သုံးလုံးဝိပဿနာဆရာဖြစ်သင်တန်း

(၂၄)ကြိမ်မြောက် ရဟန်းတော်များ ဝိပဿနာဆရာဖြစ်သင်တန်းကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ (တနင်္ဂနွေ)မှစ၍ ရက်သတ္တပတ် (၄)ပတ်အထိ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ 'ပ' သုံးလုံးဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၌ ဖွင့်လှစ်မည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၅ ရက်အထိ ပထမကြီးတန်းအောင် သံဃာတော်များနှင့် ကျောင်းထိုင်ဆရာတော်များ လျှောက်ထားနိုင်ပါသည်။ **(ဆွမ်းအလှူရှင်များ စာရင်းပေးသွင်းနိုင်ပါသည်)**
ဖုန်း-၀၁ ၃၇၇၇၃၁၊ ၀၁ ၃၇၈၀၃၂

EVER TOP ဘာသာစကားသင်တန်းကျောင်း Ph:09254903604 09799656514 09428770096
အမှတ်(၆၆/၆စ)၃လွှာ၊အင်းစိန်လမ်း (စံရိပ်ငြိမ်မှတ်တိုင်၊လှည်းတန်း)

ဂျပန်	တရုတ်	အင်္ဂလိပ်
ဦးအောင်စံထွေး၊ ဦးအေးသိန်း ဒေါ်ခင်ဝေလွင်၊ဒေါ်နှင်းအိမ်လင်း ဂျပန်စကားပြော (ပုံမှန်/အမြန်) 4-Skills (အခြေခံ/အဆင့်မြင့်) အလုပ်ဝင်အင်တာဗျူးအမြန် N5,N4,N3,N2,N1 စာမေးပွဲ လေ့ကျင့်စာအုပ်များရောင်းသည်။	ဆရာစိုင်းဆိုင်ခမ်းဝ် တရုတ်စကားပြော (၁၀၀၀၀) (နိုင်ငံတကာသုံးအသံထွက်) **ကိုရီးယား** ဒေါ်ခင်ယုယုစမ်း EPS TOPIK / 4-Skills (မေးခွန်းသင်ရိုးသစ်စာအုပ်ရောင်းသည်)	ဦးမိုးမြင့်မောင်(Top English) (a) Saya William ဆရာအောင်အောင် 4-Skills(General) Phonetics Grammar+Writing နိုင်ငံခြားသွားအမြန်သီးသန့် စကားပြော ၃လပြတ်(၂၀၀၀၀)

